# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၈) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ ၄၃၁ ဦး ရှိတဲ့အနက် ၄၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၂၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့်စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ အစည်းအဝေးသို့ မတက်ရောက်နိုင်သည့်အတွက် ခွင့်ပန်ကြားလာသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခြေအနေ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးမောင်ဦးမှ စုပေါင်းခွင့်ပန်ကြားခွင့်ပြုနိုင်ပါရန် ဦးစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၃၁ ဦးရှိတဲ့အနက် ယနေ့ ခွင့်ပန်ကြားထားသူ ၅ ဦး၊ ယမန်နေ့အထိ ခွင့်ပန်ကြားသူ ၂၄ ဦး၊ သို့ပါ၍ စုစုပေါင်း ၂၉ ဦး ခွင့်ပန်ကြားထားသဖြင့် တက်ရောက်သူဦးရေမှာ ၄၀၂ ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားထားသူ ၅ ဦးမှာတော့ ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စများရှိနေပါသဖြင့်-

(၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်းသည် ၃၁-၇-၂၀၁၂ ရက်နေ့ကို ခွင့် ၁ ရက်အား လည်းကောင်း၊

(၂) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်သည် ၃၁-၇-၂၀၁၂ ရက်နေ့မှ ၁-၈-၂၀၁၂ ရ က်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၃) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်းသည် ၃၁-၇-၂၀၁၂ ရက်နေ့မှ ၁-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အား လည်းကောင်း ပန်ကြားထားရှိပါတယ်။

၎င်းအပြင် နေမကောင်းပါသဖြင့် ခွင့်ပန်ကြားထားသူ ၂ ဦးမှာတော့-

(၄) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ၊

(၅) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေတို့ ၂ ဦးဖြစ်ပါတယ်။

သို့ပါ၍ ယနေ့ခွင့်ပန်ကြားထားသူ ၅ ဦး ရှိပြီး ယမန်နေ့ကအထိ ခွင့်ပန်ကြားထားသူ ၂၄ ဦး၊ ခွင့်ပန်ကြားထားသူစုစုပေါင်း ၂၉ ဦးအား ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်သို့ တင်ပြရန်ရှိပါတယ်။ ဥက္ကဋ္ဌထံ မေးခွန်းပေါင်း ၇၆၅ ခု၊ အဆိုပေါင်း ၁၀၁ ခုနှင့် လွှတ်တော်သို့ ဥပဒေကြမ်းပေါင်း ၁၇ ခု တင်ထားပါတယ်။ ဒီ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေကို ပြီးပြတ်အောင် ဆွေးနွေးဖို့အတွက် ဖြစ်နိုင်ချေနည်းပါးပါတယ်။ ဖြစ်နိုင်ချေမရှိဘူးလို့တောင် ပြောလို့ရပါတယ်။ အချို့ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း၊ အချို့ပါတီအနေဖြင့်လည်းကောင်း မေးခွန်း၊ အဆို ဘယ်အချိန်၊ ဘယ်တော့ မိမိတို့အလှည့်ကျရောက်မလဲဆိုတဲ့ ပုံစံအမျိုးမျိုးနှင့်မေးမြန်းလာတာတွေလည်းရှိပါတယ်။ အရေးကြီး၍ မဖြစ်မနေပြီးပြတ်ရမယ့် ဥပဒေကြမ်းများကိုမူတည်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အရေးကြီးလိုအပ်သော မေးခွန်း၊ အဆိုများကို လွှတ်တော်တွင် ဦးစားပေး ဆွေးနွေးသွားရန် စီမံဆောင်ရွက်ထားပါတယ်။ မေးမြန်းထားသော မေးခွန်းနှင့် တင်သွင်းထားသော အဆိုများရဲ့ အခွင့်အရေးဆုံးရှုံးမှု မရှိစေရေးအတွက် အချို့အဆိုမှမေးခွန်းသို့လည်းကောင်း၊ အချို့ကြယ်ပွင့်ပြမေးခွန်းများမှ စာဖြင့်အဖြေများသို့ ပြောင်းလဲပြီး ဆောင်ရွက်သွားရမယ့် အနေအထားမှာ ရှိကြောင်းလည်းတင်ပြလိုပါတယ်။ ဒုတိယအချက်အနေဖြင့် ယေဘုယျအားဖြင့် လွှတ်တော်အချိန်များကို စနစ်တကျအကျိုးရှိရှိအသုံးပြုနိုင်ရေး၊ ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ နယ်မြေနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် သောကြာနေ့တွင် လွှတ်တော်အစည်းအဝေးအား ၁၃း၀၀ နာရီ နေ့လယ် ၁ နာရီအထိ လည်းကောင်း၊ တနင်္လာနေ့တွင် လွှတ်တော်အစည်းအဝေးအား ၁၃း၀၀ နာရီ နေ့လယ် ၁ နာရီမှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကော်မတီများအတွက် အစည်းအဝေးများပြုလုပ်ရန် တနင်္လာနေ့ နံနက် ၀၉း၃၀ နာရီမှ နေ့လယ် ၁၂း၃၀ အထိ သတ်မှတ်ထားရှိပါကြောင်းနှင့် ထူးခြားသော ကိစ္စရပ်များရှိပါက တနင်္လာ၊ သောကြာနေ့များတွင် အချိန်ပြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး တင်ပြအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။

**နမ့်စန်မြို့နယ်တွင် မီးသတ်ဦးစီးဌာနအဖြစ် ဆောင်ရွက်ပေးရန်နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးလွင်(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်ကတော့ ရှမ်းပြည်နယ်အလယ်ပိုင်း၊ နမ့်စန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးပြီးခါနီးမှာ လွှတ်တော်မှာ တင်ပြီးတော့ စတုတ္ထပုံမှန်အစည်းအဝေးအတွက် မေးမြန်းထားတဲ့ မေးခွန်းဖြစ်ပါတယ်။ သို့သော်လည်း စတုတ္ထပုံမှန်အစည်းအဝေးမစခင်မှာ မီးသတ်ဦးစီးဌာနဖွဲ့စည်းပေးပြီးတော့ သန္ဓေမီးသတ်များကိုလည်း ခန့်အပ်ပြီးဖြစ်တဲ့အပြင် မီးသတ်ကားအသစ် ၁ စီးကိုလည်း ထပ်မံထုတ်ပေးမယ်လို့သိရတဲ့အတွက် ဝန်ကြီးဌာနကိုလည်း မိဘပြည်သူများရဲ့ကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးပြီးဖြစ်တဲ့အတွက် ကျွန်တော်ရဲ့မေးခွန်းအား ဆက်လက်မေးမြန်းရန် မလိုအပ်တော့တဲ့အတွက် ပြန်လည်ရုပ်သိမ်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ဒေသမြေအမျိုးအစားများကို သုတေသနပြုလုပ်ပြီးပညာပေးလုပ်ငန်းဆောင်ရွက်ပေးရန်နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဘိုနီ၊ ရမည်းသင်းမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အတွင်း တောင်သူလယ်သမားအများစုဟာ ဒေသအခြေအနေနဲ့ကိုက်ညီတဲ့ သီးနှံအမယ်မျိုးစုံကိုဈေးကွက်အခြေအနေကြည့်ပြီးစိုက်ပျိုးနေကြပါတယ်။ စိုက်ပျိုးရန်အတွက် ရာသီဥတုအခြေအနေကြည့်ပြီး ရာသီအလိုက်စိုက်ပျိုးနေကြပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း အထွက်နှုန်းကောင်းမျိုးသန့်များကို စပါးအပါအဝင်သီးနှံမျိုးစုံအတွက် အထွက်နှုန်းကောင်းစေရန် ပညာပေးမှုများပြည်သူလူထုအတွင်း နည်းပညာ

ပေးမှုများနည်းလမ်းမျိုးစုံဖြင့် ပညာပေးနေကြောင်းတွေ့ရှိရပါတယ်။ စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူလယ်သမားများအနေနဲ့ ကိုယ်တိုင်စိုက်ပျိုးမည့်မြေအမျိုးအစား၊ မြေအနေအထား၊ မြေမှာပါဝင်တဲ့သတ္တုဓာတ်အမျိုးအစားအနည်းအများကိုတိတိကျကျသိရှိခြင်းမရှိဘဲ စိုက်ပျိုးထားတဲ့စိုက်ပျိုးပင်အနေအထားကိုကြည့်ပြီး သွင်းအားစုမြေဩဇာ၊ ပိုးသတ်ဆေးများကိုသီးနှံဖွံ့ဖြိုးအောင် ပြုပြင်မွမ်းမံစိုက်ပျိုးနေကြပါတယ်ခင်ဗျား။ မှန်းဆပြီးသွင်းအားစုမြေဩဇာများကိုသုံးစွဲနေကြသဖြင့် မလိုအပ်ဘဲသုံးစွဲနေပါကဆုံးရှုံးမှုများကြုံတွေ့နေရပါတယ်။ စိုက်ပျိုးထားတဲ့မြေအမျိုးအစား၊ မြေမှာပါဝင်တဲ့ သတ္တုဓာတ်အနည်းအများကိုတောင်သူအများစုမသိရှိကြပါခင်ဗျား။ သို့ပါ၍ တောင်သူလယ်သမားများသို့ ပညာပေးရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ဒေသမြေအမျိုးအစားများနှင့် အနီးစပ်ဆုံးမြေမှာပါဝင်တဲ့သတ္တုဓာတ်အမျိုးအစားအလိုက်သုတေသနပြုလုပ်ပြီး ပါဝင်သောသတ္တုဓာတ်အချိုးကိုကြည့်ပြီးတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးကိုပညာပေးလုပ်ငန်းဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ၊ မရှိသိရှိလိုပါကြောင်းနှင့် မည်သို့သော အစီအမံများ စီမံထားရှိပါကြောင်းသိရှိလို၍မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီရဲ့ မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ဖြေကြားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ စိုက်ပျိုးရေးဦးစီးဌာနဆိုတာရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနရဲ့လက်အောက်မှာ မြေအသုံးချရေးဌာနခွဲကို ဖွဲ့စည်းပြီးတော့သိပ္ပံနည်းကျအမျိုးအစားခွဲခြားပြီး စနစ်တကျစိုက်ပျိုးအသုံးချနိုင်ရန်၊ မြေအမျိုးအစားအလိုက် အပင်အာဟာရဓာတ်ပါဝင်မှုအခြေအနေများကို သိရှိနိုင်ရန်အတွက် မြေနမူနာများအားဓာတ်ခွဲစစ်ဆေးရန်မြေအမျိုးအစားအလိုက် စိုက်ပျိုးသင့်သည့် သီးနှံများနှင့် ထည့်သွင်းရမည့်ဓာတ်မြေဩဇာနှုန်းထားများစမ်းသပ်လေ့လာရန် မြေဆီလွှာထိန်းသိမ်းရန်နှင့် ပြဋ္ဌာန်းထားသော မြေဩဇာဥပဒေဆိုင်ရာ

လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်စသည့် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း မြေအသုံးချရေးရုံးခွဲများဖွင့်လှစ်ထားပြီး မြေဆီလွှာဆိုင်ရာ သုတေသနစမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊ ပညာပေးစံပြကွက်များပြုလုပ်ပြသခြင်း၊ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ မြေအသုံးချစွမ်းရည်နှင့် မြေဆီလွှာရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများကို ကွင်းဆင်းတိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေ၊ ရေနှင့် ဓာတ်မြေဩဇာနမူနာများကို ဓာတ်ခွဲစစ်ဆေးခြင်းကိုလည်း အောက်မြန်မာပြည်တွင် ရန်ကုန်နှင့် အထက်မြန်မာပြည်တွင် မန္တလေးမြို့တို့၌ ဓာတ်ခွဲခန်းများတည်ဆောက်ဖွင့်လှစ်ပြီး ဆောက်ရွက်ပေးလျက်ရှိပါတယ်။ မြေဆီလွှာတိုင်းတာရေးနှင့်ပတ်သက်၍ မြေဆီလွှာအမျိုးအစားအလိုက် မြေပုံရေးဆွဲခြင်း လုပ်ငန်းများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များအလိုက် မြေပုံရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ မြေဆီလွှာနှင့် အပင်အာဟာရချို့တဲ့သည့် လက္ခဏာများကို အရေးပေါ်ဖြေရှင်းဆောင်ရွက်နိုင်ရန် မြေဆီလွှာချဉ်ငံဓာတ်(PH)၊ နိုက်ထရိုဂျင်ဓာတ်နှင့် ဖော့စဖရိတ်ပါဝင်မှုဓာတ်တို့ကို အလွယ်တကူတိုင်းတာသိရှိနိုင်သော မြေဆီလွှာဓာတ်ခွဲနိုင်သော သေတ္တာငယ်များကိုလည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ စိုက်ပျိုးသီးနှံများအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်စေရန်အတွက် စိုက်ပျိုးမြေများ အာဟာရဓာတ်ပါဝင်မှုများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်း၊ ထည့်သွင်းသုံးစွဲရမည့် ဓာတ်မြေဩဇာအမျိုးအစားနှင့်နှုန်းထားများကို စမ်းသပ်ကွက်များပြုလုပ်၍ ဖော်ထုတ်ပေးခြင်း၊ မြေဆီလွှာနှင့် သီးနှံအမျိုးအစားအလိုက် ဓာတ်မြေဩဇာများကို စနစ်တကျ အကျိုးရှိစွာအသုံးပြုနိုင်ရေး နည်းပညာများ၊ ပညာပေးခြင်းတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မြေအသုံးချရေးဌာနရုံးခွဲများ ဖွင့်လှစ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုးပြဲရေလှောင်တမံ၏ ရေထိန်းတံခါးများ ပြုပြင်ပေးရန်နှင့် ရေကြောင်းခရီး ပြန်လည်သွားလာနိုင်ရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကိုအစား ဦးခင်မောင်မြင့်၊ ရပ်စောက်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုရဲ့ ကြိုတင်ခွင့်ပြုချက်အရ ဦးဖရန်စစ္စကိုရဲ့ကိုယ်စား ဖယ်ခုံမြို့နယ် မိုးဗြဲရေလှောင်တမံ ရေထိန်းတံခါးများ ပြုပြင်ပေးရန်နှင့် ရေကြောင်းခရီးပြန်လည်သွားနိုင်ရေးစသည်တို့နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်အတွင်း မိုးဗြဲကျေးရွာအနီး ကယားပြည်နယ်ရဲ့ မြို့တော် လွိုင်ကော်မြို့၏ မြောက်ဘက် ၁၈ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်တွင် တည်ရှိသော မိုးဗြဲရေလှောင်တမံသည် ဘီလူးချောင်း၏ ရေစီးအား ရေနှစ်ပတ်လည်သိုလှောင်ထိန်းသိမ်းထားနိုင်မှုကြောင့် ဘီလူးချောင်း အမှတ်(၁)ဓာတ်အားပေးစက်ရုံမှ ၁၄x၂ = ၂၈ မဂ္ဂါဝပ်နဲ့ ဘီလူးချောင်း အမှတ်(၂)ဓာတ်အားပေးစက်ရုံမှ ၂၈ x ၆ = ၁၆၈ မဂ္ဂါဝပ်၊ စုစုပေါင်း ၁၉၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ရေကို သိုလှောင်ထုတ်လွှတ်ပေးခြင်း၊ လယ်မြေဧက ၂၀၀၀၀ စိုက်ပျိုးရေ ပေးဝေနိုင်ခြင်း၊ ရှမ်းပြည်နယ် အင်းလေးကန်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့အကြား ရေကြောင်းခရီးသွားလာနိုင်ခြင်းစသည့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုအခါ ဘီလူးချောင်းအမှတ်(၃)ဓာတ်အားပေးစက်ရုံစီမံကိန်း တည်ဆောက်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက ၂၆ x ၂ = ၅၂ မဂ္ဂါဝပ် ထပ်မံ ထုတ်ယူနိုင်မည် ဖြစ်ပါတယ်။ သို့သော်လည်း မိုးဗြဲရေလှောင်တမံသည် ၁၉၆၇ ခုနှစ်မှ စတင်၍ တည်ဆောက်ခဲ့ပြီး နှစ်ပေါင်း ၄၅ နှစ်ကြာမြင့်ခဲ့ပြီ ဖြစ်ပါ၍ ရေလှောင်တမံနှင့် တူးမြောင်းများအတွင်း နုန်းများပို့ခြင်း၊ ရေထိန်းတံခါးများ ပြုပြင်ရန်လိုအပ်ခြင်းစသည့် တမံအဆင့်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များ ရှိ၊ မရှိ သိရှိလိုပါကြောင်းနှင့် ရှမ်းပြည်နယ် အင်းလေးကန်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့အကြား ရေကြောင်းခရီး ပြန်လည်သွားလာနိုင်စေရန် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း။ အစီအစဉ် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုရဲ့ကိုယ်စား လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုရဲ့ မေးမြန်းချက်ကို ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအနီး ဘီးလူးချောင်းပေါ်တွင် တည်ရှိသော မိုးဗြဲရေလှောင်တမံကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံလောပိတမှ ၁၉၆၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ပြီးစီးခဲ့ပါတယ်။ လယ်မြေဧက ၁၇၉၁၇ ဧက ရေပေးဝေရန် ရည်ရွယ်၍ ရေပေးမြောင်းများ၊ ရေထိန်းအဆောက်အအုံများ အပါအဝင် ရေသောက်စနစ်အားလုံးကို ကယားပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ ၁၉၇၉ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၉၈၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ မိုးဗြဲရေလှောင်တမံနှင့် ရေထိန်းတံခါးများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် တာတမံမှာ ကြံ့ခိုင်တောင့်တင်းကောင်းမွန်ပြီး ရေထိန်းတံခါးများ ကောင်းမွန်စွာ လုပ်ဆောင်လျက်ရှိပါတယ်။ ရေလှောင်တမံအတွင်း နုန်းများပို့ချမှု၏ အဓိကအကြောင်းရင်းမှာ သစ်တောများပြုန်းတီးလာခြင်း၊ ရွှေ့ပြောင်းတောင်ယာများနှင့် ကျွန်းမျောစိုက်ခင်းတိုးချဲ့ခြင်းတို့ကြောင့်ဖြစ်သည့်အတွက် ရေတိုရေရှည် စီမံချက်ချမှတ်၍ သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မိုးဗြဲရေလှောင်တမံကို ရေပေးမြောင်းအပါအဝင် ဆည်ရေသောက်စနစ်တစ်ခုလုံးအား ဆည်မြောင်းဦးစီးဌာန၏ အုပ်ချုပ်မှုအောက်တွင်ထားရှိပြီး ရေပေးဝေခြင်း၊ ရေပေးမြောင်းနှင့် ရေထိန်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆည်မြောင်းဦးစီးဌာန ကယားပြည်နယ်ရုံးမှ တာဝန်ယူဆောင်ရွက်ပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဆည်ရေသောက်စနစ်နှင့်ပတ်သက်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါအတိုင်း ရေပေးမြောင်းများအား ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ (၁) ရေပေးမြောင်းမကြီး လက်ဝဲ လက်ယာစုစုပေါင်း ၂၅.၄၁ မိုင်ရှိသည့်အနက် ၁၂.၇၇ မိုင်အား သဲနုန်းတူးဖော်ခြင်း၊ ပုံစံကျပြုပြင်ခြင်းလုပ်ငန်းများ၊ (၂) လက်တံမြောင်းများ စုစုပေါင်း ၁၃.၄၅ မိုင်ရှိ သည့်အနက် ၂.၅၂ မိုင်အား သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ၊

(၃) မိုင်နာမြောင်းများ စုစုပေါင်း ၇၅ ခုရှိသည့်အနက် မိုင်နာမြောင်း ၁၂ ခုအား သဲနုန်းတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။ (၁) ရေပေးမြောင်းမကြီး လက်ဝဲ လက်ယာပုံစံကျတူးဖော်ခြင်း ၁၂.၆၄ မိုင်၊ (၂) လက်တံမြောင်းများ ပုံစံကျတူးဖော်ခြင်း ၃ မိုင်၊ (၃) မိုင်နာမြောင်းများ သဲနုန်းတူးဖော်ခြင်း ၂၀ ခုတို့ ဖြစ်ပါတယ်။ ကျန်ရှိသော ဆည်ရေသောက် စနစ်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဆက်လက်တင်ပြ တောင်းခံ၍ ခွင့်ပြုချက်ရရှိသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ အတွင်းရှိ ရေကြောင်းသွားလာမှုများကို အဓိကအသုံးပြုသည့် မြစ်ကြီးများတွင်သာ မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ရှမ်းပြည်နယ်၊ အင်းလေးကန်နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့အကြားရှိ ရေကြောင်းခရီးပြန်လည်သွားလာနိုင်ရန်ကိစ္စကို လတ်တလောအချိန်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**အရည်အသွေးပြည့်မီသော ဆေးဝါးများ၊ အစားအစာများ ရရှိနိုင်ရန် မည်သို့စီမံဆောင်ရွက်လျက်ရှိသည် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းဟာ အရည်အသွေး ပြည့်မီပြီး အစားအသောက်များ၊ ဆေးဝါးများ ရရှိနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည့် ကိစ္စနှင့်စပ်လျဉ်း၍မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဆေးဝါးနှင့် အစားအစာ များ၊ စားသုံးဆီ၊ အဖျော်ယမကာစသည့်တို့နှင့်ပတ်သက်၍ ပစ္စည်းစစ်မှန်မှုမရှိခြင်း၊ အရည်အသွေး မပြည့်မီခြင်း၊ အန္တရာယ်ရှိသောပစ္စည်းများ၊ ဆိုးဆေးများ၊ ကူးစက်ရောဂါဖြစ်စေနိုင်သော ပိုးမွှားများ

ပါဝင်နေခြင်း၊ သန့်ရှင်းစင်ကြယ်စွာစီမံပြုလုပ်ရောင်းချသိုလှောင်ခြင်း မရှိခြင်းတို့ကြောင့် ကျန်းမာရေးဆိုင်ရာ ရေတိုရေရှည်ပြဿနာများ၊ ရောဂါများ၊ ဘေးအန္တရာယ်များကို ပြည်သူလူထုတို့ ကြုံတွေ့ခံစားနေရသည်မှာ ကာလကြာရှည်လှပြီဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆေးဝါးများ၊ အစားအသောက်များစသည်တို့ကို ပြည်တွင်းမှထုတ်လုပ်ရောင်းချနေပြီဖြစ်သလို ပြည်ပမှလည်း တရားဝင်တင်သွင်းရောင်းချနေသည်များလည်း ရှိပါတယ်။ တဖန် တရားမဝင်ပြည်ပနည်းလမ်းအမျိုးမျိုးမှ မိမိတို့ဈေးကွက်အတွင်းသို့ ထိုးဖောက်ရောက်ရှိလာပြီး ဝင်ရောက်ရောင်းချနေတာမျိုးတွေလည်း ရှိပါတယ်ခင်ဗျား။ ဒီကိစ္စများနဲ့ပတ်သက်ပြီး ဝေဖန်သုံးသပ်မှုများ၊ အကြံပြုမှုများ၊ ဆွေးနွေးမှုများ ပေါ်ပေါက်ခဲ့ပါတယ်။ မကြာခင်မှာလည်း ဒေသတွင်းနိုင်ငံများနဲ့ ဒီထက်ပိုပြီးတော့ ရင်းရင်းနှီးနှီးပူးပေါင်းဆောင်ရွက်စရာတွေရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့၏ လုပ်ကိုင်ဆောင်ရွက်ပုံ၊ ဖွဲ့စည်းပုံ၊ စီမံခန့်ခွဲပုံတို့ဟာ ပိုပြီးတော့ မြင်သာထင်သာဖြစ်လာမှာသေချာပါတယ်။ ပေါ်ပေါ်လွင်လွင်ထင်ထင်ရှားရှားလည်းဖြစ်လာမှာသေချာပါတယ်။ ဒီကိစ္စများနဲ့ပတ်သက်လို့ပြောရလို့ရှိရင် ထုတ်လုပ်သူ၊ ရောင်းချသူ၊ ဖြန့်ဖြူးသူ၊ ဝယ်ယူစားသုံးသူများနဲ့ အစိုးရအဖွဲ့အစည်းမှ လုပ်ငန်းသဘောအရ သက်ဆိုင်ရာတာဝန်ရှိဌာနများအားလုံးနဲ့ သက်ဆိုင်ပါတယ်။ အထူးသဖြင့်တော့ ကျန်းမာရေးဝန်ကြီးဌာန၏ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှာ အဓိက ဒီဌာနက တာဝန်ယူလုပ်ဆောင်လျက်ရှိပါတယ်။ သို့ပေမယ့်လို့ နှီးနွယ်ဌာနများ၊ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီစသည်ဖြင့် ဒီနှီးနွယ်ဌာနတွေကလည်းပဲ အရေးကြီးတဲ့ကဏ္ဍကနေပြီးတော့ ပါဝင်ဆောင်ရွက်လျက်ရှိတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်ကအတွင်းဆိုရင် ကျန်းမာရေးဝန်ကြီးဌာနဟာ ဤကိစ္စနဲ့ပတ်သက်လို့ အရှိန်အဟုန်တိုးမြှင့်ပြီးတော့ တော်တော်လေး အားရဝမ်းသာစရာဆောင်ရွက်ခဲ့တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီလုပ်ငန်းဟာ တကယ်တော့ ပြည်သူလူထု၏ ကျန်းမာရေး၊ စီးပွားရေးနှင့်သက်ဆိုင်ပါတယ်။ ကျန်းမာရေးလို့ ပြောပေမယ့် တကယ့်တကယ် တိတိကျကျ လက်တွေ့ကျကျ ရင့်ရင့်သီးသီးပြောရရင် သေရေးရှင်ရေးနဲ့ဆိုင်ပါတယ်။ ပြည်သူလူထု၏ ကျန်းမာရေး၊ စီးပွားရေး ဒီလိုသက်ဆိုင်ပြီးတဲ့နောက်မှာ ဒီလုပ်ငန်းဟာ ကြီးမားသော အတိုင်းအတာလည်းရှိပါတယ်။ ကျယ်ပြန့်သော အတိုင်းအတာလည်း ရှိပါတယ်။ နိုင်ငံတစ်ခု၏ Image စွမ်းဆောင်နိုင်မှု၊ တာဝန်ယူနိုင်မှု၊ အသိစိတ်ဓာတ်တို့နဲ့လည်း သက်ဆိုင်ပါတယ်။ မိမိတို့မှာ ဝန်နဲ့အား မမျှပါဘဲနဲ့ ပညာရှင်ကွပ်ကဲကြီးကြပ်ဝန်ထမ်းစစ်ဆေးရေးဝန်ထမ်းများ စက်ပစ္စည်း၊ ဓာတုပစ္စည်း၊ နည်းပညာ Technology စသည်ဖြင့် အားနည်းမှုများ

များစွာရှိနေတဲ့ကြားထဲက မိမိတတ်နိုင်သလောက် လုပ်နိုင်သလောက် အကောင်းဆုံးကြိုးစားပြီးတော့ အစွမ်းကုန်လုပ်ဆောင်နိုင် နေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ သို့ပေမယ့် ဒီကိစ္စဟာ ခုနက ကျွန်တော်ပြောသလို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကြီးမားထွန်းကားလာတာနဲ့အမျှ ဒီလုပ်ငန်းဟာလည်း ပို၍ပို၍ ကျယ်ပြန့်လာမှာဖြစ်သလို တာဝန်ယူပြီး လုပ်ဆောင်ပေးရသည့်ဌာန တွေရဲ့ တာဝန်သည်လည်း ပို၍ပို၍ ကြီးမားလာမှာဖြစ်ပါတယ်။ Limitation တွေအများကြီးထဲက လုပ်ကိုင်ဆောင်ရွက်နေရပါတယ်။ ပညာပေးတဲ့အပိုင်းဟာ ဒီလုပ်ငန်းတွေနဲ့ပတ်သက်လို့ အင်မတန်မှ အရေးကြီးပါတယ်။ သို့ပေမယ့် ပညာပေးနေရုံတစ်ခုတည်းနဲ့မရပါဘူး။ ဥပဒေနှင့်ထိန်းချုပ်ခြင်း၊ အရေးယူခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းတွေဟာ ကျွန်တော်တို့လို နိုင်ငံမျိုးမဆိုထားပေမယ့် အင်မတန် ကြီးမားတဲ့နိုင်ငံများမှာတောင်မှ ဒီလိုပဲ ဥပဒေနဲ့ထိထိရောက်ရောက် ထိန်းချုပ်တဲ့သဘောမျိုး ကြပ်မတ် တဲ့သဘောမျိုးတွေရှိနေရပါတယ်။ ဒါကြောင့် စစ်မှန်သော အရည်အသွေးပြည့်မီသော ဆေးဝါးများ၊ သန့်ရှင်း၍ အန္တရာယ်ကင်းသော စားသုံးဆီနှင့်အစားအစာများ အများပြည်သူတို့ ယုံကြည်စိတ်ချစွာ စားသုံးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက လုပ်ငန်းအလိုက် မည်သို့ဆောင်ရွက်မည်ကို သိရှိလို ပါကြောင်း ပြည်သူတို့၏ကိုယ်စား ကျွန်တော်ကမေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာ ပါ။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မောင်မောင်ဝင့်မှ စစ်မှန်သော အရည်အသွေးပြည့်မီသော ဆေးဝါးများ၊ သန့်ရှင်း၍ အန္တရာယ်ကင်း သော စားသုံးဆီနှင့် အစားအစာများ၊ အများပြည်သူတို့ရရှိရန် သက်ဆိုင်ရာဌာနများက လုပ်ငန်း အလိုက် မည်သို့စီမံဆောင်ရွက်လျက်ရှိသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ကိုယ်စား အနည်းငယ်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနဟာ အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ အကျိုးသက်ရောက်မှုရှိသော အစား

အသောက်နှင့်ဆေးဝါးများအား အများပြည်သူတို့ သုံးစွဲနိုင်ရန် အစားအသောက်ထုတ်လုပ်ခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ ဆေးဝါးများမှတ်ပုံတင်ခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းတို့ကို စနစ်တကျကွပ်ကဲကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဗဟို၊ ခရိုင်နှင့် မြို့နယ်အဆင့်များမှလည်းပဲ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး ဆေးဝါးအစားအသောက်များထုတ်လုပ်ခြင်း၊ သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းများကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက် အစားအသောက်နှင့်ဆေးဝါးဆိုင်ရာ အရေးယူမှုများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီက ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှာ ကျန်းမာရေးဦးစီးဌာနအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပါဝင်ဖွဲ့စည်းပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဗဟို၊ ခရိုင်၊ မြို့နယ်များမှာလည်း အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အဆင့်ဆင့်ကိုဖွဲ့စည်းထားရှိပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေဖြင့် အစားအသောက်နှင့်ဆေးဝါးများကို ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးပိုင်းအနေနဲ့ လက်ဖက်နှင့် စိမ်းစားငပိများမှာ ခွင့်မပြုဆိုးဆေးပါဝင်မှုကို တစ်ပြည်လုံးအတိုင်းအတာနဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ လက်ဖက်ကဏ္ဍမှာလည်း အောင်မြင်မှုအတိုင်းအတာရရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ငရုတ်သီးမှုန့်နှင့် နနွင်းမှုန့်များကို ခွင့်မပြုဆိုးဆေးပါဝင်မှုမရှိစေရေးကို တစ်ပြည်လုံးအတိုင်းအတာနဲ့ တိုးချဲ့ဆောင်ရွက်ရာမှာ တိုင်းဒေသကြီး၊ပြည်နယ်၊ခရိုင်၊မြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီအဆင့်ဆင့်မှပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှု အတိုင်းအတာတစ်ခုအထိ ရရှိနေပြီးဖြစ်ပါတယ်။ ပြည်သူများ အဆင့်မြင့်စားသုံးဆီများရရှိရန် ရည်ရွယ်ပြီးတော့ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီများရဲ့ အရည်အသွေးကို မြှင့်တင်သတ်မှတ်ပြီး တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ ပြည်တွင်းမြေပဲဆီထုတ်လုပ်သောလုပ်ငန်းများကိုလည်း စနစ်တကျစစ်ဆေးဆောင်ရွက်ခြင်း၊ တစ်နိုင်ငံလုံးမှ အကောက်ခွန်မဲ့ဝင်ရောက်လာသော စားအုန်းဆီများကို စိစစ်ခြင်းများကိုလည်း နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအပိုင်းအနေနဲ့ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားခြင်းမရှိတဲ့ တရားမဝင် ဆေးဝါးများ၊ ဆေးဝါးအတုများ ဖမ်းဆီးမှုများကို တည်ဆဲအမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆိုအရေးယူမှုများအနေနဲ့ ၂၀၁၁ ခုနှစ်မှာ ၃၈ မှု၊ ၂၀၁၂ ခုနှစ်၊ ဇွန်လအထိ ၅ မှု တို့ကို တရားစွဲဆိုခွင့်ပြုခဲ့ပြီးတော့ သက်ဆိုင်ရာတရားရုံးများမှာ ပြစ်ဒဏ်များချမှတ်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း တင်သွင်းဖြန့်ဖြူးခဲ့တဲ့ ဆေးဝါး ၂၆၀ မျိုး၊ ၂၀၁၂ ခုနှစ်အတွင်း တင်သွင်းဖြန့်ဖြူး ရောင်းချသည့်ဆေးဝါး ၁၄၃ မျိုးကို ဓာတ်ခွဲစစ်ဆေးပြီးတော့ စံသတ်မှတ်ချက်နှင့်မကိုက်ညီတဲ့ ဆေးဝါး ၃၇ မျိုးနှင့်ပတ်သက်ပြီးတော့ ရောင်းချခွင့်ရုပ်သိမ်းခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီများသို့ အဆိုပါဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးအရေးယူရန် အကြောင်းကြားခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်ဆေးဝါးကွပ်ကဲရေးဌာနရဲ့ အရည်အသွေးစစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းသုံးစက်ကိရိယာများကို အဆင့်မြှင့်တင်နိုင်ဖို့အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရရှိတဲ့ရန်ပုံငွေနဲ့ ကျွန်တော်တို့ ဆက်လက်ဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်တဲ့ ဖွဲ့စည်းပုံကိုလည်း ကျွန်တော်တို့ တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆေးဝါးအတု၊ စံမညီဆေးဝါး၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချနေမှုများကို နီးနွယ်သောဌာနများစုပေါင်းပြီးတော့ ညှိနှိုင်း၍ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့တော့ စားသောက်ကုန်တင်သွင်းမှုနှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အရည်အသွေးစစ်ဆေးပြီးတော့ တင်သွင်းခွင့်ပြုကြောင်း ထောက်ခံချက်များဖြင့် တင်သွင်းလိုင်စင်များကို ခွင့်ပြုပေးလျက်ရှိပါတယ်။ အထူးသဖြင့်တော့ စားအုန်းဆီ၊ နို့နှင့်နို့ထွက်ပစ္စည်းများ တင်သွင်းရောက်ရှိလာသည့်အခါ သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းပြည့်မီခြင်း ရှိ၊မရှိ၊ ပြည်သူလူထုစားသုံးရန် သင့်၊ မသင့် စမ်းသပ်စစ်ဆေးပြီးမှသာ ထုတ်ယူဖြန့်ချိရောင်းချခွင့်ပြုလျက်ရှိပါတယ်။ ဆေးဝါးတင်သွင်းရာမှာ တင်သွင်းသူဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်၊ ဆေးဝါးလက်လီလက်ကား ရောင်းချသူလိုင်စင်နှင့် ဆေးဝါးမှတ်ပုံတင်ခြင်းလက်မှတ်များရရှိမှသာ ပြည်ပမှဆေးဝါးများ တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိစေရန်နှင့် စားသုံးဆီဈေးနှုန်းများတည်ငြိမ်မှုရှိစေရန် ပြည်ပမှစားသုံးဆီ တင်သွင်းခြင်းကိုဆောင်ရွက်ပေးလျက်ရှိရာမှာ ပြည်ပမှစားအုန်းဆီတင်သွင်းခွင့်လိုင်စင် လျှောက်ထားရာမှာ ဆီအရည်အသွေးသတ်မှတ်ချက်ကို ယခင်က Cloud Point 10 C Max နှင့် Iodine Valueကို Min 56 နဲ့ တင်သွင်းခွင့်ပြုခဲ့ရာမှ ယခုအများပြည်သူတို့ရဲ့ကျန်းမာရေးကို ရှေးရှုပြီးတော့ Cloud Point 8 C Max Iodine Vaule ကို Min 58 မှ Max 60 အထိအရည်အသွေးမြှင့်တင် သတ်မှတ်ပြီး တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ ကုမ္ပဏီများမှ တင်သွင်းလာတဲ့ စားအုန်းဆီများ အရည်အသွေးစစ်ဆေးခြင်းနှင့် ပတ်သက်ပြီး ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ နမူနာဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီးတော့မှ ပြည်သူများစားသုံးရန် သင့်လျော်ကြောင်း ထောက်ခံချက်ရရှိမှသာ ပြည်တွင်းသို့ဖြန့်ဖြူးရောင်းချခွင့် ခွင့်ပြုခဲ့ခြင်းဖြစ် ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ပြည်ပမှမြန်မာနိုင်ငံသို့ တင်သွင်းတဲ့ စားအုန်းဆီများကို ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှ အသိအမှတ်ပြုထားသော အများပြည်သူစားသုံးရန်သင့်လျော်တဲ့ ကျန်းမာရေးနှင့် ညီညွတ်သောစားအုန်းဆီများ ဖြစ်စေရေးနှင့် အရည်အသွေးပိုမိုမြင့်မားတဲ့ စားအုန်းဆီများ ဖြစ်စေရေးအတွက် စားအုန်းဆီ အရည်အသွေးထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ပမှတင်သွင်းလာတဲ့ စားအုန်းဆီများမှာ အနံ့ရရှိမှု၊ အရည်အသွေးချို့ယွင်းမှုများရှိလာပါကလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ဆီသိုလှောင်ကန်များကို သွားရောက်စစ်ဆေးပြီး ထုတ်လုပ်မှုကိုရပ်ဆိုင်းခြင်း၊ ပြည်တွင်း၌ ဖြန့်ဖြူးခြင်းကို ရပ်ဆိုင်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အချို့တင်သွင်းလာသော စားအုန်းဆီများ အနံ့အနည်းငယ်ရရှိခြင်းအပေါ် လေ့လာစုံစမ်းရာမှာ ထုတ်လုပ်မှုဖြစ်စဉ်ကြောင့်မဟုတ်ပဲ သယ်ယူသည့် သင်္ဘောအခြေအနေ၊ကိုင်တွယ်သိုလှောင်မှုအခြေအနေ၊ ပင်လယ်ထဲတွင် ရက်ကြာမြင့်ခဲ့သည့်အတွက် ရာသီဥတုအပြောင်းအလဲဖြစ်ပေါ်မှု အခြေအနေများကြောင့် အနံ့ထွက်ပေါ်ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စားအုန်းဆီ တင်သွင်းခဲ့သည့် သင်္ဘော ၁၀၈ စီးနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဇွန်လအထိ စားအုန်းဆီ တင်သွင်းခဲ့သည့် သင်္ဘော ၁၈ စီး၊ စုစုပေါင်း ၁၂၆ စီးအနက် သင်္ဘော ၄ စီးဖြင့် တင်သွင်းလာသော စားအုန်းဆီများအနက်မှ အရည်အသွေးချို့ယွင်းမှု၊ အနံ့ရှိနေမှုတို့ဖြစ်ပေါ်နေမှုအပေါ် စားအုန်းဆီ ၄၇၆၄ တန်ကို ပြန်လည်

သန့်စင်မှု Refine ပြုလုပ်ခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ ထပ်မံပေးပို့စစ်ဆေးပြီးတော့မှ ပြည်သူလူထုစားသုံးရန် သင့်လျော်ကြောင်း ထောက်ခံချက်ရရှိပြီး ဆီများကိုသာ ဆက်လက်ဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီသင်္ဘောများ ဆိပ်ကမ်းဝင်ရောက်ရာမှာ ကြန့်ကြာမှုမရှိစေရေး၊ စားအုန်းဆီများ၏ အရည်အသွေးစိစစ်နိုင်ရေး၊ သင်္ဘောမှဆီများထည့်သွင်း သိုလှောင်ခြင်းမပြင်ခင် ဆီသိုလှောင်ကန်များ၏ သန့်ရှင်းသပ်ရပ်မှုနှင့် စိတ်ချရမှုရှိ၊မရှိ ကြိုတင်စိစစ်နိုင်ရေးနှင့် သင်္ဘောမှ ဆီများ ဆီသိုလှောင်ကန်သို့ ထည့်သွင်းနေစဉ်အတွင်း ၁ နာရီလျှင် တစ်ကြိမ်နမူနာရယူ စစ်ဆေးခြင်း၊ ဆီသိုလှောင်ကန်မှ ထုတ်ယူဖြန့်ဖြူးနေချိန်အတွင်း အရည်အသွေးပိုင်းမှန်ကန်မှုရှိ၊မရှိ စစ်ဆေးခြင်း များကို စားအုန်းဆီသင်္ဘောများ လက်ခံစစ်ဆေးရေးအဖွဲ့နဲ့ စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂ ခုနှစ်၊ မေလအတွင်းမှ တရုတ်နိုင်ငံမှ အမည်မသိစားအုန်းဆီတစ်မျိုး မန္တလေးဈေးကွက်သို့ရောက်ရှိလာပါကြောင်း၊ ပဲဆီအနံ့ထွက်စေသည့် အရည်တစ်မျိုးရောစပ်ပြီး ရောင်းချကြောင်း သတင်းများအရ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ကွင်းဆင်းလေ့လာစုံစမ်းခဲ့ရာ တစ်ဖက်နိုင်ငံ ဆီစက်များ၏ ဘေးထွက်ဆီများနှင့် ကျော်ပြီးဆီများအား အအေးခံစုစည်း၍ Recycle သန့်စင်ချက်လုပ်သော ဆီများဖြစ်ကြောင်း ယင်းဆီများကို ပဲဆီအနံ့ထွက်စေသည့် အရည်တစ်မျိုးရောစပ်ပြီး ပဲဆီအဖြစ် ရောင်းချခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။ ယင်းဆီများကို စားသုံးရန်သင့်လျော်ခြင်း ရှိ၊မရှိ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၊ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံ စားသောက်ကုန်အသင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး PTAC ဓာတ်ခွဲခန်းများသို့ နမူနာပေးပို့စစ်ဆေးခဲ့ရာ စစ်ဆေးတွေ့ရှိချက်အရ Gas Chromatography စက်ဖြင့် စစ်ဆေးတွေ့ရှိချက်အရ အဆိုပါ အမည်မသိဆီများမှ အသုံးပြုပြီး ဆီအရောများကို ပြန်လည်ပြုပြင်ထားသောဆီများဖြစ်ပါကြောင်း မည်သည့်စားအုန်းဆီ အမျိုးအစားနှင့်မျှကိုက်ညီမှုမရှိကြောင်းနှင့် အသုံးပြုပြီးဆီအရောများကို ပြန်လည်ပြုပြင်ထားသော ဆီများဖြစ်ကြောင်းတွေ့ရှိရတဲ့အတွက် ဒါတွေကို ကျွန်တော်တို့ အရေးယူပိတ်ပင်မှုများ ဆောင်ရွက် ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို စားသုံးရန်မသင့်လျော်တဲ့ အမည်မသိဆီများကို အများပြည်သူ စားသုံးပါက ကာလတစ်ခုအတွင်း အနေးနှင့်အမြန် ကျန်းမာရေး ထိခိုက်လာနိုင်ပါသဖြင့် လုံးဝစားသုံးခြင်းမပြုရန် နေ့စဉ်သုံးသတင်းစာများ၊ ဂျာနယ်များ၊ Website များမှ အသိပေးပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကိုလည်း အဆိုပါ အမည်မသိ

စားအုန်းဆီများဝင်ရောက်လာမှုမရှိစေရေးအတွက် လိုအပ်သောတားဆီးပိတ်ပင်မှုများကို ဆောင်ရွက်ပေးနိုင်ပါရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြောင်းကြားပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၃ ရက် နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တရားမဝင်ကူးသန်းရောင်းဝယ်မှုများလျှော့နည်းပပျောက်ရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင်လည်း စားသုံးရန်မသင့်လျော်သည့် အမည်မသိဆီများ ထပ်မံဝင်ရောက်မှုမရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်မှု သဘောတူညီချက်အရ ပြည်သူလူထုဘေးကင်းလုံခြုံစိတ်ချရသည့်ကုန်ပစ္စည်းများအား တင်သွင်းဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေမူကြမ်းကိုရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီး ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ စားသုံးသူကာကွယ်ရေးလုပ်ငန်းကော်မတီကို တာဝန်ယူထားပြီး ဒုတိယဝန်ကြီးမှ ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူးမှ အတွင်းရေးမှူးအဖြစ် တာဝန်ယူ၍ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ အဖွဲ့ဝင် ၃၉ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ရာ ပထမအကြိမ်ကို ၉-၁-၂၀၁၂ ရက်နေ့မှာ ရန်ကုန်မြို့တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၄-၅-၂၀၁၂ ရက်နေ့မှာ မန္တလေးမြို့တွင်လည်းကောင်း၊ တတိယအကြိမ်ကို ၈-၆-၂၀၁၂ ရက်နေ့မှာ မော်လမြိုင်မြို့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

စားသုံးသူများအားအသိပညာပေးမှုနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ စံချိန်စံညွှန်းနှင့် မပြည့်မီသောထုတ်ကုန်များကို နိုင်ငံအတွင်းသို့ မဝင်ရောက်စေရန် ကာကွယ်ထိန်းသိမ်းခြင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရန်ကာကွယ်ပေးခြင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဖလမ်းပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများနှင့် သူနာပြုသင်တန်းကျောင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်လိုန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ကျွန်တော်ဦးခွန်လိုန်းမှ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းများဟာ ဖလမ်းမဲဆန္ဒနယ်ရှိ မဲဆန္ဒရှင်များရဲ့အသံ၊ ဆန္ဒနှင့် မျှော်လင့်ချက်များဖြစ်တယ်ဆိုတာကို ဦးစွာအစီရင်ခံလိုပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းများကတော့ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်တဲ့မေးခွန်းများဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များထဲမှာ ဖလမ်းမြို့နယ်ကိုရောက်ဖူးသူများ၊ မရောက်ဖူးသော်လည်း ကြားဖူးနားဝရှိသူများပါဝင်တယ်ဆိုတာကိုယုံကြည်ပါတယ်။ ဖလမ်းမြို့နယ်ဟာ ချင်းပြည်နယ်မြောက်ပိုင်းငါးမြို့နယ်ရဲ့ အလယ်ဗဟိုမှာတည်ရှိတဲ့မြို့ဖြစ်ပြီး ကိုလိုနီခေတ်ဦးမှစ၍တော်လှန်ရေးကောင်စီအစိုးရတက်ရောက်ပြီး ဆိုရှယ်လစ်ပါတီခေတ်အထိ ချင်းပြည်နယ်ရဲ့ရုံးစိုက်ရာမြို့တော်ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း အကြောင်းကြောင်းများကြောင့် ချင်းပြည်နယ်၏မြို့တော် ချင်းပြည်နယ်ရဲ့ ဘုံဘာသာစကားဖြစ်ပေါ်ခဲ့တဲ့မြို့အဖြစ်မှ ယခုခရိုင်မြို့အဆင့်သို့လျှော့ချခြင်းခံရပြီး ၁၉၅၈ ခုနှစ်မှစ၍ယနေ့တိုင်ချင်းဘုံဘာသာစကားအဖြစ် ချင်းရေဒီယိုအစီအစဉ်မှာအသုံးပြုနေတဲ့ ဖလမ်းဘာသာစကားကို အခြားမြို့နယ်စကားဖြင့်အစားထိုးရန်သော်လည်းကောင်း၊ ပြည်နယ်မြို့တော်မှခရိုင်မြို့အဖြစ် ထိုမှတစ်ဖန်မြို့နယ်အဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့်လျှော့ချရန် အခြားမြို့ညီနောင်ချင်းများမှ ဝိုင်းဝန်းကြိုးပမ်းအားထုတ်နေတဲ့အချိန်ကာလမှာ ဖလမ်းမြို့နယ်တွင်နောက်ဆုံးကျန်ခဲ့တဲ့ လူထုတစ်ရပ်လုံးအတွက်အရေးကြီးဆုံးဖြစ်တဲ့ ကျန်းမာရေးကဏ္ဍမှလိုအပ်ချက်များကို ပြည်ထောင်စုအစိုးရမှ ဖလမ်းမြို့နယ်ပြည်သူများ၏စိတ်ခံစားချက်များကို သက်သာမှုရရှိစေရန် ယနေ့ဖလမ်းတွင် ကျန်ရှိနေသေးသည့်ကျန်းမာရေးဌာနနှင့်သက်ဆိုင်သည့်အထူးလိုအပ်ချက်များကို ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနမှအလေးထားစဥ်းစားပေး ဖြည့်ဆည်းပေးနိုင်ပါရန် ဖလမ်းပြည်သူများမျှော်လင့်တောင့်တလျက်ရှိနေကြကြောင်းဦးစွာတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ကဖလမ်းမြို့ဟာ ချင်းပြည်နယ်ရဲ့ မြို့တော်ဖြစ်ခဲ့တဲ့အလျောက် ဖလမ်းပြည်သူ့ဆေးရုံသည် ချင်းပြည်နယ်ရှိပြည်သူအားလုံးရဲ့ ကျန်းမာရေးကိစ္စအဝဝအတွက် အားထားရာဆေးရုံကြီးဖြစ်ခဲ့သည်မှာ ငြင်းမရသောအတိတ်ကအမှန်တရားဖြစ်ပါတယ်။ ယခုအခါထိုဆေးရုံကြီးသည် အဘက်ဘက်မှယိုယွင်းလျက် တစ်နေ့ တခြားအိုမင်းရင့်ရော်လာပြီဖြစ်ပါသဖြင့် ပြန်လည်၍အသစ်တစ်ဖန်ပြည်သူတို့၏ မှီခိုအားထားရာ ဆေးရုံကြီးဖြစ်လာရန်အောက်ဖော်ပြပါလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မှုရှိ၊ မရှိသိရှိလိုပါသည်ခင်ဗျား။ သို့ပါ၍ (၁)

ဆေးရုံတက်သည့်လူနာများအတွက် ဆောက်လုပ်ထားသည့် ရေအိမ်များမှာ ပြုပြင်ခြင်းမရှိ ပျက်စီးယိုယွင်းပြီး ရေမရရှိသည့်အတွက် အခြေအနေချို့ယွင်းနေသည်ကို သိရှိပါသလား။ ပြင်ဆင်ဆောက်လုပ်ပေးရန် သက်ဆိုင်ရာမြို့နယ်ဆရာဝန်ကြီးသို့ ညွှန်ကြားမှုနှင့် လိုအပ်သောအကူအညီပေးရန် အခြေအနေရှိ၊ မရှိသိရှိလိုပါသည်ခင်ဗျား။ (၂) ပြည်မမှရောက်ရှိလာသောဆရာဝန်များနေထိုင်ရန် နေအိမ်အလုံအလောက်မရှိသဖြင့် ဆရာဝန်များကြာရှည်မနေနိုင်ကြ နေအိမ် အကြောင်းပြချက်ဖြင့် ပြည်မသို့ပြန်သွားနေကြပါသဖြင့် ချင်းပြည်နယ်ကဲ့သို့ ခက်ခဲသောဒေသတွင် နေအိမ်ရှိရန်အထူးလိုအပ်ပါသဖြင့် ဆရာဝန်များနေအိမ်အလုံအလောက်ဆောက်ပေးရန် စီစဉ်ပေးနိုင်ခြင်း ရှိ၊ မရှိသိရှိလိုပါတယ်။ (၃) ဖလမ်းမြို့တွင် သူနာပြုသင်တန်းကျောင်းဖွင့်လှစ်ပြီး ချင်းပြည်နယ်အရပ်ရပ်မှသူနာပြုသင်တန်းသူများလာရောက် သင်တန်းတက်နေကြပါတယ်။ သို့သော် ၎င်းတို့ရရှိသည့်ထောက်ပံ့ကြေးတစ်လကျပ် ၃၀၀ သာဖြစ်နေပါ၍ ယနေ့အခြေအနေနှင့် သင့်တင့်မျှတသောထောက်ပံ့ကြေး စီစဉ်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနတွင် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ (၄) ဖလမ်းမြို့နယ်တွင် ယခင်က တိုက်နယ်ဆေးရုံနှစ်ခုရှိခဲ့ပါတယ်။ အစဦးမှာ ဆရာဝန်များခန့်ထားခဲ့သော်လည်း ဒေသခံဆရာဝန်များ မရှိတော့သည့်နောက် ၁၉၈၀ ခုနှစ်မှစ၍ယနေ့ တိုက်နယ်တွင်ဆရာဝန်မရှိ၊ ဆေးမရှိ၊ ဘာမျှမရှိတော့သည့်အခြေအနေဖြစ်နေပါသဖြင့် တိုက်နယ်ဆေးရုံများတွင်ဆရာဝန်များပြန်လည်ခန့်ထားရန် အစီအစဉ် ရှိ၊ မရှိသိလိုပါတယ်။ (၅) ဖလမ်းမြို့နယ်ရဲ့အနောက်ဘက်အိန္ဒိယနယ်စပ် လိုင်ရာလ်တောင်ကြားရွာတွင်ရွာ ၁၀ ရွာရှိပြီး တစ်ဖက်ကမ်းရှိရွာ ၇ ရွာနှင့်ဆိုလျှင်ရွာပေါင်း ၁၇ ရွာတို့မှာ ယနေ့တိုင် ကျန်းမာရေးအတွက် အားထားရာဘာမျှမရှိပါ။ ဝမ်းဆွဲဆရာမထားရှိသော်လည်း နေရာသာ ရှိပြီးလူမရှိသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ဖလမ်းမြို့နှင့် ၃၂ မိုင်ကွာဝေးပြီး ချောင်းကြီးများခြားထားသည့် တောင်တက်တောင်ဆင်းခရီးကြမ်း ဖြစ်ပါသဖြင့် အရေးပေါ်လူနာများအတွက် ၂ ရက်ကြာမျှ လူထမ်းစင်ဖြင့် ဖလမ်းသို့သယ်သွားရပါသဖြင့် အခက်အခဲများကြားယနေ့အထိနေထိုင်လာကြသည့် ကျေးရွာနေပြည်သူများအတွက် ကျေးလက်ကျန်းမာရေးဌာနတစ်ခုဖွင့်လှစ်ပေးမည်ဆိုလျှင် များစွာအထောက်အကူဖြစ်မည် ဖြစ်ပါတယ်။ ယနေ့တွင် ထိုကျေးလက်ပြည်သူများသည်ဖျားနာသည့်အခါမိမိတို့အစီအစဉ်ဖြင့် ဆေးမြီးတိုများကို ဝယ်ယူစားသောက်နေကြပြီးလူတိုင်းရမ်းကုဆရာဝန်များ ဖြစ်နေကြပြီဖြစ်ပါတယ်။ ထိုဒေသ၏ အလယ်ဗဟိုလည်းကျပြီးအလယ်တန်းကျောင်းတည်ရှိရာ ဇောင်သဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးမည်ဆိုလျှင် ကျေးတောရွာသူရွာသားများအတွက် များစွာအားထားအားကိုးရာဖြစ်မည်ဖြစ်ပါသဖြင့်

ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပေးရန် စီစဉ်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းမှမေးမြန်းထားတဲ့မေးခွန်းများနှင့်ပတ်သက် ပြီး ဖြေကြားခွင့်ပြုပါခင်ဗျား။ ဖလမ်းမြို့ ပြည်သူ့ဆေးရုံမှာပြင်ဆင်ရန်လိုအပ်တဲ့ကိစ္စတွေ၊ ရေရရှိရေး ကိစ္စတွေနှင့် တာဝန်ထမ်းဆောင်နေတဲ့ ပြည်မမှဆရာဝန်များနေထိုင်ရန်အခက်အခဲရှိပါ၍ ဆရာဝန် နေအိမ်ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်ဆောက်လုပ်ပေး နိုင်ပါမည်လား။ တိုက်နယ်ဆေးရုံများတွင် ဆရာဝန်ခန့်ထားရန်အစီအစဉ်ရှိ၊ မရှိ။ ဖလမ်းမြို့နယ် တိုက်နယ်ဆေးရုံ ၂ ရုံတွင် ဆရာဝန်များမရှိသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်ပါ၍ ဆရာဝန်များ ခန့်ထားရန်ရှိ၊ မရှိသိလိုပါကြောင်း၊ ဖလမ်းမြို့နယ်၏အနောက်ဘက်စွန်းရှိ လိုင်ရာလ်တောင်ကြားတွင် ရွာပေါင်း ၁၀ ရွာရှိပြီး ထိုရွာများ၏အလယ်ဗဟိုဖြစ်သော ဇောင်သဲကျေးရွာတွင် အလယ်တန်းကျောင်း ရှိပြီးဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပေးရန် ကျေးရွာပြည်သူများမှလိုလားတောင့်တလျက် ရှိပါသဖြင့် ထိုဒေသတွင်ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပေးရန်ဖြစ်နိုင်၊ မဖြစ်နိုင်။ ဖလမ်းမြို့တွင် သူနာပြုသင်တန်းကျောင်းများဖွင့်လှစ်သည်မှာ နှစ်ပေါင်းအတော်ကြာပြီးဖြစ်ပါ၍ သူနာပြုသင်တန်း ဆင်းသူများမှာလည်း ဒေသခံများအတွက်များစွာအထောက်အကူဖြစ်ပါသည်။ သို့သော် သင်တန်းသူ များထောက်ပံ့ငွေတစ်လလျှင်ကျပ် ၃၀၀ သာရရှိပါသဖြင့် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ၊ မရှိများနှင့် ပတ်သက်၍ဖြေကြားသွားမှာဖြစ်ပါတယ်။

နံပါတ် (၁) မေးခွန်းဖြစ်တဲ့ ဖလမ်းမြို့ပြည်သူ့ဆေးရုံမှာ ပြင်ဆင်ရန်ကိစ္စတွေ၊ ရေရရှိရေးကိစ္စ တွေကိုတော့ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကွင်းဆင်းစစ်ဆေးပြီးတော့ လိုအပ်သည် များ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်မမှဆရာဝန်များအတွက် နေအိမ် ၃ ခန်းတွဲ ၂ ထပ် ၁ လုံး ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ။ ဓာတ်ခွဲဆောင်များ ပြင်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိတင်ပြချက်အပေါ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ လောလောဆယ်ဆောက်လုပ်ပေးရန် အစီအစဉ်မရှိ

သေးသော်လည်းပဲ သက်ဆိုင်ရာဖလမ်းပြည်သူ့ဆေးရုံ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ချင်းပြည်နယ်အစိုးရနှင့်ညှိနှိုင်းပြီးတဲ့အခါမှာ ၂၀၁၃-၂၀၁၄ မှာတော့ လိုအပ်ရင်ဆက်လက်ပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

နံပါတ် (၂) မေးခွန်းဖြစ်တဲ့ ဖလမ်းမြို့နယ်၊ လုမ်ဘန်းတိုက်နယ်ဆေးရုံ၊ တီဘွားတိုက်နယ်ဆေးရုံ၊ ရိဒ်တိုက်နယ်ဆေးရုံတွေမှာ ဆရာဝန်ကိစ္စများနှင့်ပတ်သက်ပြီးတော့မှ လုမ်ဘန်းတိုက်နယ်ဆေးရုံမှာ ၇-၄-၂၀၁၁ ရက်နေ့မှာ ဒေါက်တာ လားဒရီလျန်နာ စတင်ပြီးတော့တာဝန်ထမ်းဆောင်နေပြီဖြစ်ပါတယ်။ ထို့နည်းတူပဲ ရိဒ်တိုက်နယ်ဆေးရုံမှာ ဒေါက်တာ နန်ကပ်ထန်က ၂၇-၆-၂၀၁၁ ကနေစတင်ပြီးတော့ တာဝန်ထမ်းဆောင်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိလစ်လပ်လျက်ရှိတဲ့ တီဘွားတိုက်နယ်ဆေးရုံကိုတော့ မကြာခင်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်မှာ ခုတင် ၂၀၀ ဆံ့ခရိုင်ဆေးရုံတစ်ရုံ၊ တီဘွားတိုက်နယ်ဆေးရုံ၊ ရိခေါဒါတိုက်နယ်ဆေးရုံ၊ လုမ်ဘန်းတိုက်နယ်ဆေးရုံ၊ စုစုပေါင်းဆေးရုံ ၄ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၉ ခုတို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက်စီမံကိန်းများလျာထားရေးဆွဲပြီးတော့ ဆေးရုံ၊ ကျန်းမာရေးဌာနများ အသစ်တိုးချဲ့ဖွင့်လှစ် ပေးခြင်းများကိုဆောင်ရွက်ပေးလျက်ရှိရာမှာ ခုန ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ဖလမ်းမြို့မှာ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပြည့်ဝစွာရရှိစေရေးအတွက် ဇောင်သဲကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ခွင့်ရရှိရေးကိုတော့ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ယခု ဘဏ္ဍာရေးနှစ်အတွင်းမှာ ဖွဲ့စည်းပုံအဆိုပြုချက်များတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆေးသိပ္ပံပညာဦးစီးဌာနမှ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းကို ၁၉၉၃-၁၉၉၄ ခုနှစ်မှစ၍ စီမံချက်အတိုင်းတိုးချဲ့ဖွင့်လှစ်တဲ့အခါမှာ ချင်းပြည်နယ်အတွက် ဖလမ်းသူနာပြုသင်တန်းကျောင်းကို ၁၉၉၃-၁၉၉၄ ကစပြီးတော့ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများမှာ သင်တန်းသူသင်တန်းသားများ၏ ပညာသင်ထောက်ပံ့ကြေးတိုးမြှင့်ပေးရန်ကိစ္စနှင့်ပတ်သက်လို့ တစ်ပြည်လုံးအတိုင်းအတာနှင့် စဉ်းစားဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်မှုရှိစေရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးများပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်၏ တိုင်းပြည် စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည် ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး တင်သွင်းထားတဲ့အဆိုကို ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ နယ်ပယ်ဒေသအသီးသီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားမိပါကြောင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ တိုင်းပြည်စီးပွားရေး တိုးတက်မှုကိုအကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဆောင်ရွက်တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုတင်ပြဆွေးနွေးသွားပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေများ အခန်း(၁) ပုဒ်မ ၃၅ တွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ဈေးကွက်စီးပွားရေး စနစ်ကို စနစ်တကျပြောင်းလဲဖော်ဆောင်သွားရပါ့မယ်။ ဈေးကွက်စီးပွားရေးစနစ်ဆိုတာ ရောင်းလို အား၊ ဝယ်လိုအားကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုကိုစောင့်ရတဲ့အပြင် လွတ်လပ်မှု၊ ယှဉ်ပြိုင်မှုအခြေခံ များဖြင့် စီးပွားရေးဆောင်ရွက်ရတယ်လို့သိရှိထားပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကိုဖော်ဆောင်တဲ့ အခါမှာ လက်ရှိနိုင်ငံသားများရဲ့အခြေအနေ၊ စွမ်းအား၊ ကျွမ်းကျင်မှု၊ အရည်အချင်း၊ ရင်းနှီးငွေစတဲ့ စီးပွားရေးအခြေခံအချက်အလက်တွေကိုလည်း ထည့်တွက်စဉ်းစားဖို့ လိုအပ်ပါတယ်လို့ ကျွန်တော် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများကို အရှုံးအမြတ်အပေါ်အကြမ်းအားဖြင့် သုံးမျိုးတွေ့ရှိရပါတယ်။ (၁) အရှုံးများသောစက်ရုံအလုပ်ရုံ လုပ်ငန်းများ။ (၂) အရှုံးအမြတ်မရှိသော စက်ရုံအလုပ်ရုံလုပ်ငန်းများ။ (၃) အမြတ်များသော စက်ရုံအလုပ်ရုံလုပ်ငန်းများဟု အကြမ်းအားဖြင့်သုံးမျိုးတွေ့ရှိရပါတယ်။ အရှုံးများသော အရှုံးအမြတ် မရှိသော စက်ရုံအလုပ်ရုံလုပ်ငန်းများကို ပုဂ္ဂလိကလွှဲပြောင်းမှုကို ဦးစားပေးပြီးစနစ်တကျဆောင်ရွက် ဖို့လိုပါတယ်။ နောက်တစ်နည်းအနေနဲ့တင်ပြရရင် ရင်းနှီးမြှုပ်နှံမှုသွင်းအားစုအပေါ်အခြေပြုပြီးတော့ အကြမ်းအားဖြင့်သုံးမျိုးသုံးစားတွေ့ရှိရပါတယ်။ (၁) အသေးစားလုပ်ငန်း၊ (၂) အလတ်စားလုပ်ငန်း၊ (၃) အကြီးစားလုပ်ငန်း။ လက်ရှိအခြေအနေမှာ နိုင်ငံတော်ပိုင် စက်ရုံ၊အလုပ်ရုံလုပ်ငန်းများမှာ အချို့ လုပ်ငန်းသည်အရှုံးနှင့် နှစ်စဉ်အရှုံးပြနေကြောင်း၊ တချို့လုပ်ငန်းများသည် မြတ်သင့်သလောက် မမြတ်ကြောင်း၊ အမြတ်နည်းကြောင်းတွေ့ရှိရပါတယ်။ တချို့စက်ရုံ၊အလုပ်ရုံသည်အစိုးရသာ အမြတ် မရသော်လည်း မြတ်တဲ့သူက မြတ်နေကြောင်းကြားသိရပါတယ်။ ဘာကြောင့်ရှုံးတာလဲလို့ စက်ရုံ၊ အလုပ်ရုံတွေဘာကြောင့်ရှုံးတာလဲလို့ ဆန်းစစ်လေ့လာတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ဝန်ထမ်းအတွေ့ အကြုံကိုအခြေခံပြီးတင်ပြရရင်တော့ (၁) အစကတည်းကစီမံကိန်း ရေးဆွဲမှုအားနည်းတာတွေ တချို့ နေရာမှာတွေ့ရပါတယ်။ (၂) ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲလုပ်ငန်းဆောင်ရွက်တာတွေ တွေ့ရပါတယ်။ (၃)

နယ်မြေဒေသအခြေခံအချက်အလက်တွေကို အခြေမပြုတာတွေသွားတွေ့ရပါတယ်။ (၄) လုပ်ငန်းစီမံခန့်ခွဲမှုအားနည်းတာတွေ သွားတွေ့ရပါတယ်။ (၅) အုပ်ချုပ်မှုညံ့ဖျင်းတာတွေ့ရပါတယ်။ (၆) လူမှန်နေရာမှန်မထားရှိတာတွေ့ရပါတယ်။ (၇) အဂတိလိုက်စားခြင်းနှင့် အလွဲသုံးစားပြုလုပ်တာတွေတွေ့ရပါတယ်။ (၈) ကျွမ်းကျင်မှုအားနည်းတာတွေ့ရပါတယ်။ (၉) နည်းပညာ၊ နည်းစနစ်အရည်အသွေးညံ့ဖျင်းတာတွေ့ရပါတယ်။ (၁၀) စွမ်းဆောင်ရည်အားနည်းတာ တွေ့ရပါတယ်။ (၁၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဈေးကွက်ရပစ္စည်းမထုတ်လုပ်နိုင်တာလည်း တွေ့ရပါတယ်။ (၁၂) ရောင်းအားဈေးကွက်တိုးချဲ့မှုအားနည်းတာကို တွေ့ရပါတယ်။ ဒီဖော်ပြပါအချက်တွေရဲ့ တစ်ခုခုသော်လည်းကောင်း၊ နှစ်ခုသုံးခုသော်လည်းကောင်း အဲ့ဒီအကြောင်းတရားတွေကြောင့် အရှုံးပေါ်တာတွေ့ရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာစက်ရုံအလုပ်ရုံတွေရှုံးတာ အဓိကအချက်တစ်ချက်ကို တစ်ကြောင်းတည်းပဲ ပြောပါဆိုရင်တော့ လူမှန်နေရာမှန်ထားရှိမှုအားနည်းတာ တွေ့ရတယ်လို့ ကျွန်တော်ဥက္ကဋ္ဌကြီးကိုတင်ပြလိုပါတယ်။ ဒါတွေကို သင်ခန်းစာယူပြီးပြုပြင်ဖို့ဆိုရင် အသစ်ပြန်လည်ဖွဲ့စည်းပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဥပဒေလုပ်ထုံးလုပ်နည်းပြဋ္ဌာန်းပြီး အမှန်တကယ်ပြုပြင်ပြောင်းလဲဖို့လိုအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြုပြင်ပြောင်းလဲမှုကို ပြည်သူတွေကမျှော်လင့်တောင့်တနေပါတယ်။ တကယ်လည်းပြောင်းလဲဖို့ လိုအပ်နေပါပြီ။ တစ်ခုတော့ရှိတယ်။ စနစ်တကျပြောင်းလဲဖို့တော့လိုပါတယ်။ စနစ်တကျမပြောင်းလဲရင် အကောင်းဘက်ကိုမပြောင်းလဲဘဲ အဆိုးဘက်ကိုပြောင်းတာမျိုးဖြစ်သွားမှာ ကျွန်တော် အရမ်းစိုးရိမ်မိပါတယ်။ စီးပွားရေးကိုပြောင်းလဲတဲ့အခါမှာ ကျွမ်းကျင်သောလူ့အဖွဲ့အစည်းနှင့် သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံဝန်ထမ်းများ စိတ်တူကိုယ်တူပေါင်းစပ်ဖွဲ့စည်းပြီး လွှဲပြောင်းမှုကိုစနစ်တကျ ဆောင်ရွက်ဖို့လိုပါတယ်။ လွှဲပြောင်းတဲ့အခါမှာလည်း လုပ်ငန်းအသွင်သဏ္ဌာန်အားဖြင့် ကျွန်တော့်ရဲ့အမြင်အရ ၅ မျိုးဖွဲ့စည်းဆောင်ရွက်ရပါမယ်။ (၁) ပုဂ္ဂလိကပိုင်လုပ်ငန်း၊ (၂) အသင်းအဖွဲ့ပိုင်လုပ်ငန်း၊ (၃) ကုမ္ပဏီပိုင်လုပ်ငန်း၊ (၄) ကော်ပိုရေးရှင်းလုပ်ငန်း၊ (၅) အများပိုင်ကုမ္ပဏီလုပ်ငန်း ဖွဲ့စည်းပြီးတော့ စနစ်တကျလွှဲပြောင်းပေးဖို့လိုအပ်ပါတယ်။ လွှဲပြောင်းတဲ့အခါမှာလည်း အရှုံးများသော စက်ရုံအလုပ်ရုံများနှင့် အရှုံးအမြတ်မရှိသောလုပ်ငန်းများကိုသာ ဦးစားပေးလွှဲပြောင်းပေးသင့်ပါတယ်။ အမြတ်များသောလုပ်ငန်း စက်ရုံအလုပ်ရုံများကိုတော့ အစိုးရပိုင်အနေနဲ့ ကာလအမြတ်ရရှိသည်အထိ ထားရှိဆောင်ရွက်သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံအခြေအနေအရ အများစုဆင်းရဲနေတာရယ်။ နိုင်ငံရေးစနစ်အရ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ကိုကာလတစ်ခုအထိ မျှတအောင်ထိန်းကျောင်းထားဖို့တော့ လိုအပ်ပါမယ်လို့ ကျွန်တော်တွေး

ထင်မိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို လွှဲပြောင်းတဲ့အခါမှာလည်း တချို့ လုပ်ငန်းတွေက နိုင်ငံ့ရဲ့ဂုဏ်သိက္ခာကိုဦးစားပေးတဲ့ အနေနဲ့ထားရှိရမှာ ဖြစ်ပါတယ်။ ဥပမာ- ရန်ကုန်မြို့မှာရှိတဲ့ တရားရုံးချုပ်တို့၊ တိုင်းစုပေါင်းရုံးတို့ဟာ နှစ်ပေါင်း ၁၀၀ နီးပါး ရှိပြီးဖြစ်ပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုတစ်ခုအနေနဲ့လည်း ဖော်ပြလို့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုနိုင်ငံ့ဂုဏ်သိက္ခာကိုတိုးတက်စေနိုင်တဲ့ အဆောက်အဦတွေကိုတော့ စဉ်းစားချင့်ချိန်ပြီးတော့ ဒါကို ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံပိုင်အနေနဲ့ပဲဆက်လက်ထားရှိသင့်တယ်လို့ ကျွန်တော်အကြံပြုလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြောင်းလဲတဲ့အခါမှာ စနစ်တကျပြောင်းလဲဖို့တော့ လိုအပ်မယ်ထင်ပါတယ်။ တစ်ဖက်ကိုလွှဲပြောင်းဖို့ဆိုတာက စနစ်တကျလွှဲပြောင်းမှ လွှဲပြောင်းတဲ့သူလည်းအကျိုးရှိမယ်။ လွှဲပြောင်းခံရတဲ့သူလည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှဲပြောင်းတဲ့အခါမှာ ပထမနှစ်မှာ ကြိုတင်ပြင်ဆင်ဖို့လိုအပ်ပါတယ်။ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ လက်ရှိစက်ရုံအလုပ်ရုံတွေရဲ့တန်ဖိုးကို စနစ်တကျကော်မရှင်တွေနဲ့စိစစ်ပြီးတော့ တွက်ချက်ဖို့လိုပါတယ်။ ပြီးတော့ ဘာကြောင့်ရှုံးရတယ်ဆိုတဲ့စာတမ်းစနစ်တကျ တည်ဆောက်ထားဖို့လိုပါတယ်။ နောက်အမြတ်ရရှိအောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့အကြံပြုချက်တွေ လုပ်ပေးထားရပါမယ်။ ဒါမှလည်း တစ်ဖက်က လွှဲပြောင်းတဲ့လူဟာ တစ်ခါတည်းလုပ်ငန်းကိုစပြီးတော့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒုတိယအဆင့်ကတော့ ပူးပေါင်းထိန်းကျောင်းပေးဖို့လိုအပ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ စက်ရုံအလုပ်ရုံတွေမှာ ဝန်ထမ်းတွေရဲ့အကြောင်း၊ ဝန်ထမ်းတွေရဲ့အနာဂတ်ကိစ္စ၊ ပင်စင်ပေးဖို့၊ မပေးဖို့၊ ဆက်ပြီးတော့ ဒီဝန်ထမ်းတွေနှင့်ဆက်ပြီး လက်တွဲဖို့၊မတွဲဖို့။ ဒီအချက်တွေလည်း ဒုတိယအဆင့်မှာစဉ်းစားထား ရမှာဖြစ်ပါတယ်။ တတိယအဆင့်ကတော့ ဒီအပြီးအပြတ်လွှဲပြောင်းဖို့ကိစ္စမှာ ကူညီပံ့ပိုးပေးဖို့လိုပါတယ်။ လိုအပ်ရင်လည်း တချို့လုပ်ငန်းတွေကချေးငွေထုတ်ပေးဖို့ လိုအပ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မို့လို့ စနစ်တကျလွှဲပြောင်းဖို့က အရေးကြီးပါတယ်။ ကျွန်တော်တို့လွှဲပြောင်းတဲ့အခါမှာလည်း စီးပွားရေးအဖွဲ့အစည်းတွေရှုံးရင်လည်း နိုင်ငံရှုံးတာပါပဲ။ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပေါ်ဖို့အတွက် ၃ နှစ်လောက်တွဲပြီးတော့ လုပ်သင့်တယ်လို့ကျွန်တော်ထင်ပါတယ်။ ဘာလို့တုန်းဆိုတော့ တချို့လုပ်ငန်းတွေဟာ ပိုက်ဆံရှိပြီးတော့ ဒီဟာတန်တယ်ဆိုပြီးတော့ လုပ်ငန်းတွဲလုပ်ပြီးတော့ ဒီလုပ်ငန်းကိုဖျက်ပြီးတော့ မြေရောင်းခဲ့ရတာမျိုးတို့ စက်ရုံခွာရောင်းတာမျိုးတို့ ဒီလိုမျိုးတွေသွားတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှဲပြောင်းတဲ့

အခါမှာ ကိုယ့်ဆီကနေပြီးတော့မှ နောက်လုပ်မယ့်လူကိုစနစ်တကျလွှဲပြောင်းဖို့က အထူးအရေးကြီး တယ်လို့ကျွန်တော့်အနေနဲ့မြင်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကလွှဲပြောင်းပေးမှုမှာ အရေးကြီးဆုံးကတော့ နိုင်ငံပိုင်ပစ္စည်းကို စနစ်တကျလေလွင့်ဆုံးရှုံးမှုမရှိအောင် လုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ အလှူပေးသလို အလှူ့လက်ဖက်နဲ့မျက်နှာလုပ်တာမျိုးမဖြစ်အောင် စနစ်တကျ လွှဲပြောင်းပေးဖို့လိုအပ်ပါတယ်။ လွှဲပြောင်းတဲ့အခါမှာလည်း လွှဲပြောင်းခံရသူလက်ထဲမှာ စနစ်တကျ လွှဲပြောင်းပြီးကာလတစ်ခုအထိ ထိန်းကျောင်းပြီးတော့ ကူညီပေးဖို့လိုအပ်ပါတယ်လို အကြံပြုရင်း နိဂုံးချုပ်အနေဖြင့် အဆိုပြုချက်အားသတိကြီးကြီးထားပြီး ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းဖြစ်ပါ တယ်။ ကျွန်မက ဒီနေ့ တင်ပြချင်တာကတော့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာ ရေးအတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်တဲ့ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရန်နှင့် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းဖြင့် တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တိုင်းပြည်ရဲ့ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရရဲ့အခန်းကဏ္ဍ၊ ပုဂ္ဂလိကရဲ့အခန်းကဏ္ဍတွေဟာ အလွန် အရေးကြီးပါတယ်။ ပြောင်းလဲနေသော ဈေးကွက်စီးပွားရေးနှင့် စီးပွားရေးအခြေအနေများနှင့် လိုက်လျောညီထွေစွာမူဝါဒတွေကို ချမှတ်ပေးရမှာဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံ မောင်းနှင်အားဟာ ပုဂ္ဂလိကအခန်းကဏ္ဍပဲ ဖြစ်ပါတယ်။ ကုန်စည်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးကို ဆောင်ရွက်ရာမှာ ပုဂ္ဂလိကအခန်းကဏ္ဍတွေဟာ အစိုးရထက်ပိုပြီးတော့ အောင်မြင်စွာ လုပ်ကိုင်နိုင် ပါတယ်။ အစိုးရဆိုတာကတော့ ပုဂ္ဂလိကအပါအဝင် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒတွေချမှတ်ပေးတဲ့အလုပ်တွေ၊ အခွန်အကောက်ကောက်ခံ ရတဲ့ အလုပ်ကိုသာ လုပ်ဆောင်သင့်ပါတယ်။ သို့သော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို အထိန်းအကျောင်းမရှိ လွှတ်ထား၍မရသကဲ့သို့ လုပ်ကိုင်၍မရအောင်လည်း အသေးအဖွဲလေးတွေမှ အစ အစိုးရက ပါဝင်စွက်ဖက်မှု၊ တင်းကြပ်စွာထိန်းချုပ်မှုတွေကို ရှောင်ရှားသင့်ပါတယ်။ ဒါကြောင့်

ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဟာ အဓိကကျတဲ့ တွန်းအားတစ်ခုဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းအားဖြင့် ရရှိလာမယ့်အကျိုးအမြတ်တွေကတော့ ဈေးကွက်လုပ်နည်း လုပ်ဟန်တွေတိုးတက်မှုရှိလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာမယ်။ ဆင်းရဲမွဲတေမှုတွေလျှော့ချလာနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းထားတယ်ဆိုတာကို ကျွန်မတို့ သိရပါတယ်။ ဒီကော်မတီအနေနဲ့လည်း အထွေထွေပုဂ္ဂလိကပိုင် ပြုလုပ်ရေးပေါ်လစီများလည်း ချမှတ်အကောင်အထည် ဖော်ခဲ့တယ်ဆိုတာကိုသိပါတယ်။

သို့သော် နိုင်ငံပိုင်လုပ်ငန်းတွေဖြစ်တဲ့ ကုန်ပစ္စည်းထုတ်လုပ်တဲ့ စက်ရုံတွေ၊ စားသောက်ကုန်ထုတ်သောစက်ရုံများ၊ ရုပ်ရှင်ရုံများ၊ ဆန်စက်များကို ပုဂ္ဂလိကပိုင်ပြုလုပ်လိုက်ရခြင်းဟာ အောက်ပါ ပြဿနာများနှင့်ရင်ဆိုင်ခဲ့ရသောကြောင့် ဖြစ်ပါတယ်။ (၁) နိုင်ငံတော် လျာထားငွေ လုံလောက်စွာမရရှိဘူး၊ (၂) လုပ်ငန်းတိုးချဲ့ရန် နိုင်ငံတော်မှ ငွေကြေးလုံလောက်စွာ မရရှိဘူး၊ (၃) ဒီစက်ရုံတွေဟာ အကြွေးတွေတင်နေပါတယ်။ (၄) ထုတ်လုပ်မှုစွမ်းအား အပြည့်အဝ ဒီစက်ရုံတွေက ထုတ်လုပ်နိုင်ခြင်းမရှိပါဘူး။ (၅) ဝန်ထမ်းများရဲ့ စိတ်ဓာတ်စွမ်းအားတွေကျဆင်းနေပါတယ်။ စတဲ့ အကြောင်းများကြောင့်လည်း အစိုးရပိုင်စက်ရုံများဟာ တစ်နှစ်ထက်တစ်နှစ် လက်တွေ့မှာ အရှုံးများ ပေါ်လာတယ်။ နောက်ဆုံးမှာတော့ ပုဂ္ဂလိကပိုင်အဖြစ်နဲ့ ပြောင်းလဲလိုက်ရမယ့် အခြေအနေကို ကြုံကြိုက်ခဲ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ အထက်ဖော်ပြပါ ပြဿနာပေါင်းများစွာနဲ့ ကြုံတွေ့နေရတဲ့ စက်ရုံတွေကို ပုဂ္ဂလိကကို လွှဲအပ်တယ်ဆိုလို့ရှိရင် အဲဒီပုဂ္ဂလိကအနေနဲ့ ဆက်လက်ပြီးတော့ ဒီအလုပ်ကို ဆက်လက်လွှဲပြောင်းယူမယ်ဆိုရင် ဆက်လက်ပြီးရှင်သန်နိုင်စွမ်းလည်းရှိရမယ်။ ယှဉ်ပြိုင်နိုင်စွမ်းလည်းရှိတဲ့ စက်ရုံများအဖြစ် ရရှိဖို့လိုအပ်ပါတယ်။ ဒါမှမဟုတ်ရင် အဲဒီစက်ရုံတွေကို ပုဂ္ဂလိကပိုင်အဖြစ် လေလံဆွဲဝယ်ယူလိုက်ပေမယ့် စက်ရုံတွေကိုဖျက်ပြီး မြေကြီးရောင်းစားရတဲ့ အခြေအနေများကိုသာ ကြုံတွေ့နေရပါတယ်။ စက်ရုံအလုပ်သမားတွေရဲ့ ဘဝဟာလည်း ကစဥ့်ကလျားဖြစ်ကုန်ရပါတယ်။ တချို့ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စားသောက်ကုန်ထုတ်လုပ်နေတဲ့ အမှန်တကယ် ထုတ်လုပ်နိုင်မှုမရှိတော့ပေမယ့်လည်း ထုတ်လုပ်တဲ့ကိန်းဂဏန်းတွေကို မမှန်မကန် ဖော်ပြကြတယ်။ အဲဒီအတွက်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှာ ကိန်းဂဏန်းအမှားတွေရရှိခဲ့သလို တိုင်းပြည်ရဲ့ GDP မှာလည်း ကိန်းဂဏန်းအမှားတွေရရှိခဲ့ပါတယ်။ ဒီပုဂ္ဂလိကပိုင်လုပ်မယ့် စက်ရုံများကို ပုဂ္ဂလိကပိုင်လုပ်မယ်ဆိုရင်

တော့ အမှန်တကယ် ရှင်သန်နိုင်စွမ်းလည်းရှိပြီး ဆက်လက် ယှဉ်ပြိုင်နိုင်စွမ်းလည်းရှိမယ့်စက်ရုံများကို သေသေချာချာစိစစ်ပြီးတော့ ရွေးချယ်ပေးအပ်လိုက်ဖို့ဟာအရေးကြီးပါတယ်။ ဒါမှသာ ၂၀၁၅ မှာ ရရှိလာမယ့် AFTA မှာ ကျွန်မတို့ ဆက်လက်ပြီးယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် Futura Privatization Program ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ရင် နိုင်ငံတော်ကို အထောက်အပံ့ပေးနိုင်မယ့်အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ရှင်သန်နိုင်စွမ်းအားရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းအားလည်းရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်တဲ့ စက်ရုံအလုပ်ရုံများကို ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာပေါ်ပေါက်လာရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းအားဖြင့် စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေမှာဖြစ်ကြောင်း အဆိုကို ထောက်ခံတင်ပြလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့ အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော့်အနေနဲ့ ဒေါ်တင်နွယ်ဦးရဲ့ အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့် အရှေ့က ကိုယ်စားလှယ်နှစ်ဦးကလည်း အတော်အသင့် ဆွေးနွေးသွားပြီဖြစ်ပါတယ်။ ဒီဈေးကွက် စီးပွားရေးစနစ်ကို ပြောင်းလဲတဲ့ Reform ဆိုတဲ့ လုပ်ရပ်တွေကို နှစ်ပေါင်းများစွာကပဲ လုပ်လာကြတာပါ။ ၁၉၅၀ ခုနှစ်က ဝန်ကြီးချုပ်ချာချီဟာ နိုင်ငံပိုင်စတီးကုမ္ပဏီကြီးကို အများပိုင်ကုမ္ပဏီ (Public ကုမ္ပဏီ)အဖြစ် စတင်ပြောင်းလဲခဲ့ပါတယ်။ အဲဒီတော့ ပြောင်းလဲတိုင်းကောင်းသော အကျိုးရလဒ်များရှိသလို မရှိခဲ့တာတွေလည်း အများကြီး ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုဖွားသည် ကယ်လီဖိုးနီးယားပြည်နယ်က အဖြစ်ပျက်လေးတစ်ခုကို နမူနာတင်ပြဆွေးနွေးလိုပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်ဟာ လူဦးရေ ၃၅ သန်းလောက်ရှိပြီးတော့ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအချက်အချာအလွန်ကျတဲ့နေရာ ဖြစ်ပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ စီးပွားရေးဟာ ကမ္ဘာ့အဆင့်မှာ ကြည့်ရင်တောင် အဆင့် ၆ နေရာထိ စီးပွားရေးလုပ်ငန်းတွေ တော်တော်ကြီးမားတဲ့ ပြည်နယ်တစ်ခုပါ။ လျှပ်စစ်စွမ်းအင်ဆိုရင် မဂ္ဂါဝပ် ၅၃၀၀၀ အင်အားတပ်ဆင်ထားပါတယ်။ သူ့ရဲ့အများဆုံးလိုအပ်တဲ့ အင်အားကလည်း ၅၁၅၀၀ ခန့်ရှိပါတယ်။ ဒီကယ်လီဖိုးနီးယား ပြည်နယ်မှာ ကုမ္ပဏီကြီး ၃ ခု၊ Southern California Edison,

Pacific Gas and Electric, San Diego Gas and Electric ကုမ္ပဏီကြီး ၃ ခုက ကယ်လီဖိုးနီးယားလျှပ်စစ်ဓာတ်အားရဲ့ သုံးပုံ နှစ်ပုံကို ဖြန့်ဖြူးပေးပြီးတော့ ကျန်တဲ့ ITP ခေါ်တဲ့ အသေးစားကုမ္ပဏီ ၄၀ က ကျန်တဲ့ လျှပ်စစ်ဓာတ်အား ကို ဖြန့်ဖြူးခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ Reform တစ်ခုစမ်းလုပ်ပါတယ်။ ဒါကတော့ လျှပ်စစ်ကုမ္ပဏီတွေကို ဗဟိုက ချုပ်ကိုင်ထားတဲ့ နည်းစနစ်ကို Reeducate လုပ်ပြီးတော့ ကုမ္ပဏီတွေကို အပြိုင်အဆိုင် ရောင်းချခွင့်ကို ပေးလိုက်ပါတယ်။ အဲဒီ Reform မစခင်က ကယ်လီဖိုးနီးယားပြည်နယ်မှာ လျှပ်စစ်ဓာတ်အား တစ်ယူနစ်ကို ၉ ဆင့်ပဲ ရှိပါတယ်။ ဒီနေ့ မြန်မာငွေနဲ့ဆို ၇၀ ကျော်လောက်ရှိမှာပါ။ အဲဒီလို Reform လုပ်လိုက်ခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားနှုန်းထားများ တစ်ဝက်ခန့်ကျဆင်းသွားမယ်လို့ အများက မျှော်လင့်ခဲ့တဲ့အတွက်ကြောင့် ၁၉၉၈ ခုနှစ်မှာ ဒီ Reform ကို လုပ်ခဲ့ပါတယ်။ သက္ကရာဇ် ၂၀၀၀ မှာ ပြဿနာစဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၀၀ မှာ ကယ်လီဖိုးနီးယားပြည်နယ်မှာ မိုးခေါင်တဲ့အတွက်ကြောင့် ရေအားလျှပ်စစ်ပေးတဲ့ KV ဟာ ရေမပြည့်တဲ့အတွက်ကြောင့် ရေအားကဏ္ဍက လျှပ်စစ်သိပ်မပေးနိုင်ခဲ့ပါဘူး။ အဲဒီအချိန်မှာ သဘာဝဓာတ်ငွေ့ Gas နှုန်းဟာ ၄ ဆအထိ တက်သွားပါတယ်။ ၄ ဆအထိ တက်သွားတဲ့အတွက်ကြောင့် ကုမ္ပဏီတွေရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတန်ဖိုးက မြင့်လာတယ်။ အဲဒီလိုအရေးအကြောင်းဖြစ်လာတဲ့အခါ အရည်အချင်းသိပ်မရှိ၊ အင်အားမကောင်းတဲ့ ကုမ္ပဏီငယ်တွေဟာ ဓာတ်အားကွန်ရက်ကြီးကို ဝင်ကူညီမယ့်အစား ထွက်ပြေးကြပါတယ်။ ရှောင်ကြပါတယ်။ အဲဒီတော့ ဓာတ်အားစနစ်ဟာ မနိုင်မနင်းတွေဖြစ်လာပြီးတော့ ဓာတ်အားပြတ်တောက်မှုတွေဖြစ်၊ နောက်ဆုံးအရင်က တစ်ယူနစ်ကို ၉ ဆင့်ကနေ တစ်ဝက်ခန့်လျော့ကျသွားမယ်လို့ထင်ခဲ့တဲ့ ဒီ Reform ကြီးဟာ တစ်ယူနစ်ကို တစ်ဒေါ်လာနှင့် ၄၀၊ ၁၄၀ ဆင့်အထိ ရောက်ရှိသွားပြီး ကမောက်ကမတွေ ဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်သွားတဲ့နောက်ဆုံးမှာ ကုမ္ပဏီကြီး ၂ ခုဟာ သူတို့ဖြင့် Bankrupt ဖြစ်တော့မယ်။ ဘယ်လိုမှ မလုပ်နိုင်တော့ဘူးဆိုတဲ့ အတွက်ကြောင့် ကယ်လီဖိုးနီးယားပြည်နယ်အစိုးရဟာ ကြားဝင်ပြီးတော့ သူဟာဆောင်ရွက်ရတယ်။ ဘယ်လိုဆောင်ရွက်ရလဲဆိုရင် ရှုံးတဲ့ကိစ္စတွေကို ဘဏ်တွေကချေးပြီးတော့ ကြိုးစိုက်ထုတ်ပြီးတော့ Subsidiary လုပ်ပြီးတော့၊ ပြန်ပြီးတော့ လူထုပုံမှန်ရအောင် လုပ်ခဲ့ရတဲ့သာဓကတွေရှိပါတယ်။ အဲဒီတော့ Reform လုပ်မယ့် ပုဂ္ဂလိကပေးမယ်ဆိုတာ ပုဂ္ဂလိကတွေမှာ ရှိသင့်ရှိထိုက်သော အရည်အချင်းတွေကော ရှိရဲ့လား။ ဒီဟာတွေကို စဉ်းစားဖို့လိုတယ်။ မရှိဘဲနဲ့ ကောင်းစေချင်လို့လုပ်ခါမှ အမေရိကန်ပြည်လို ပြည်ထောင်စုကြီးမှာ ဒီလိုကပြောင်းကပြန်တွေ ဖြစ်သွားခဲ့တဲ့ သာဓကတွေရှိရတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ Well Prepare ဖြစ်ဖို့ ဥပဒေနှင့်

ပတ်သက်လာရင် ထိန်းချုပ်မယ့်စနစ်ကို ကောင်းကောင်းမွန်မွန်ပြုလုပ်ဖို့ အများကြီးလိုအပ်ပါသေးတယ်။ အောင်မြင်နေတဲ့သာဓကတွေ ပြောလို့ရှိရင် အနောက်ဂျာမနီနိုင်ငံက Volks Wagon Company ဟာ ယခင်ကနိုင်ငံပိုင် ကုမ္ပဏီပါ။ ၁၉၆၁ ခုနှစ်က သူကို အများပိုင်ကုမ္ပဏီပြုလုပ်ပြီးတော့ ယနေ့အထိအောင်မြင်ဆုံး ကုမ္ပဏီဖြစ်နေပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင်လည်း စာတိုက်လုပ်ငန်းဟာ ပြဿနာတွေဖြစ်ခဲ့တဲ့အတွက်ကြောင့် ၂၀၀၃ ခုနှစ်ကလည်း ကုမ္ပဏီ ၄ ခုကို ခွဲဝေပြီးတော့ပေးမယ်ဆိုတာ လွှတ်တော်မှာ အကြိတ်အနယ် ဆွေးနွေးပြီးတော့ ၂၀၀၇ ခုနှစ်ကမှ လွှတ်တော်မှာ ဥပဒေပြုပြဋ္ဌာန်းပြီး ဆောင်ရွက်နိုင်ခဲ့တာရှိပါတယ်။ အဲဒီတော့ ဆက်လက်ပြီးတင်ပြချင်တာက ဆိုရှယ်လစ်ကွန်မြူနစ်စနစ်ကနေပြောင်းလဲတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာဆိုရင်လည်း ဒီလိုဆိုရှယ်လစ်စနစ်မှ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းတဲ့အတွက်ကြောင့် သူတို့မှာ အတုယူဖွယ်ကောင်းတဲ့သာဓကအများကြီးရှိပါတယ်။ ဥပမာဆိုပါတော့ တရုတ်ပြည်မှာဆိုရင် တချို့စက်ရုံတွေ ပုဂ္ဂလိကပိုင်လွှဲပေးတာမျိုးမလုပ်ဘဲနဲ့ စက်ရုံမှူးနှင့် စက်ရုံဝန်ထမ်းတွေကို လွှဲပေးလိုက်ပါတယ်။ သူတို့ပြောတာ Financial Independent လို့ ခေါ်ပါတယ်။ အဲဒီစက်ရုံမှူးနှင့် စက်ရုံလုပ်သားတွေကို နိုင်ငံပိုင်ဖြစ်တဲ့ သူရဲ့ငွေရေးကြေးရေးကဏ္ဍလုံးဝထိန်းချုပ်မှုမရှိဘူး။ အဲဒီတော့ နိုင်ငံတော်ကပေးတဲ့ ဘတ်ဂျက်ကို သူကြိုက်သလိုသုံး၊ လွတ်လွတ်လပ်လပ်ကုန်ထုတ်လုပ်မှုလုပ်၊ အောင်မြင်လို့ရှိရင် အောင်မြင်တဲ့ ဥပမာဆိုပါတော့ ကုန်ထုတ်လုပ်မှုလျာထားချက်ထက် ပိုလာတဲ့အသီးအပွင့်မှန်သမျှကို အလုပ်သမားတွေနဲ့ စက်ရုံမှူးကို ခွဲပေးတဲ့ Incentive ပေးတဲ့အခါမှာ တော်တော် အောင်မြင်လာတာတွေ့ရပါတယ်။ ဒီထက် တစ်ဆင့် တိုးပြီး ဗီယက်နမ်နိုင်ငံတို့ကြတော့ ဒီစက်ရုံရှိ အလုပ်သမားတွေကိုပဲ သူက Incentive ဘယ်လိုပေးလဲဆိုတော့ အကျိုးအမြတ်ပေးတယ်။ ရှယ်ယာပြန်ဝယ်ခိုင်းတယ်။ အဲဒီတော့ အလုပ်သမားတွေက မိမိတို့တတ်နိုင်သမျှနှင့် ရှယ်ယာတွေပြန်ဝယ်တော့ ဒီအလုပ်သမားတွေဟာ ဒီစက်ရုံက အလုပ်သမားဖြစ်သလို ရှယ်ယာ Holder သည် ပိုင်ရှင်တစ်ခုဖြစ်လာတယ်။ အဲဒီအတွက်ကြောင့် သူ့ရဲ့စိတ်မှာ ကြိုးစားမှုပိုမိုပြီးရှိလာတယ်။ ရှိလာတဲ့အတွက်ကြောင့် ဒီစက်ရုံအောင်မြင်အောင်လုပ်လို့ရှိရင် ငါ့အကျိုးစီးပွားလည်း ဖြစ်တယ်ဆိုတဲ့ခံယူချက်နဲ့ လုပ်ခဲ့တဲ့အတွက်ကြောင့် ဒီနေ့ အောင်မြင်ခဲ့တာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်ကစပြီး ဆိုရှယ်လစ်စနစ် နှစ်ပေါင်းအတော်ကြာဖြစ်တဲ့အတွက်ကြောင့် အပြင်ပုဂ္ဂလိကလောကမှာ အတွေ့အကြုံရှိတဲ့လူ ရှိသင့်သလောက်မရှိပါဘူး။ ခုတော့ အထိုက်အလျောက်ရှိလာပြီး အခုလည်းကြည့်ရင် ဒီနေ့ ကုမ္ပဏီတွေမှာ အဓိကထားလုပ်နေတဲ့ အင်ဂျင်နီယာတို့၊ ဘာတို့ ဒီလူတွေဟာ

နိုင်ငံတော်အစိုးရဘက်က ပင်စင်ယူသွားတဲ့လူတွေ အမာခံလုပ်နေရတာပဲ ဘယ်ကုမ္ပဏီကြည့်ကြည့် အင်ဂျင်နီယာလုပ်ငန်းဖြစ်ဖြစ်၊ ဆေးရုံလုပ်ငန်းဖြစ်ဖြစ် အတွေ့အကြုံရှိတဲ့လူတွေဟာ အစိုးရဌာနတွေမှာပဲရှိတာ။ နိုင်ငံပိုင်အခန်းကဏ္ဍ မအောင်မြင်ရခြင်းဟာ ဗဟိုချုပ်ကိုင်မှုများတဲ့အချက်အလက်တွေလည်းပါပါတယ်။ လူတွေညံ့လို့တော့ ဆိုတဲ့ဥစ္စာ အထိုက်အလျောက်မှန်ချင်မှ မှန်ပါမယ်။ အဲဒီတော့ ဒီစနစ်ကို ဖြည်းဖြည်းချင်းပြောင်းသွားခြင်းအားဖြင့် ညင်ညင်သာသာ ပြောင်းလဲသွားတဲ့စနစ်ဟာ ပိုမိုကောင်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်တင်နွယ်ဦးရဲ့အဆိုနှင့် ရည်ရွယ်ချက်တူတဲ့အဆိုတစ်ခုကို တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာက တင်သွင်းထားပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးမှာ ဖြစ်ပါတယ်။ ဦးစိုးသာတင်ပြတဲ့အဆို ခေါင်းစဉ်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော် ဘတ်ဂျက်စနစ်ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းများအား လွှတ်တော်သို့ တင်ပြရေးအဆိုကို ဦးစိုးသာအနေနဲ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ဦးစိုးသာရဲ့တင်သွင်းချက်အရဆိုရင် မြန်မာနိုင်ငံမှာ ဝန်ကြီးဌာန ၃၃ ခုရှိတဲ့အနက် စီးပွားရေး နှင့်ဆိုင်တဲ့ဝန်ကြီးဌာန ၁၉ ခုရှိပါတယ်။ အဲဒီ ၁၉ ခုမှာမှ စီးပွားရေးလုပ်တဲ့လုပ်ငန်းကြီး ၅၁ ခုရှိပါ တယ်။ အဲဒီတော့ ဦးစိုးသာရဲ့တင်ပြချက်အရ တချို့လုပ်ငန်းတွေဟာ၊ တချို့စက်ရုံတွေဟာ စောစောက ကိုယ်စားလှယ်တစ်ယောက် ဆွေးနွေးသလို အမြတ်ရှိတာရှိတယ်၊ တချို့အမြတ်မရှိဘူး။ တချို့ရှုံးနေတယ်။ ဦးစိုးသာရဲ့ တင်ပြချက်က ပထမအဆင့်၊ဒုတိယအဆင့်၊ တတိယအဆင့် အဆင့် ၃ ဆင့် ခွဲပြီးတော့ ပထမဦးဆုံး အကျိုးအမြတ်ရနေတဲ့ စက်ရုံနှင့်လုပ်ငန်းတချို့ကို ပထမဦးစားပေးအနေနဲ့ လေ့လာဆန်းစစ်ပြီးတော့ ပုဂ္ဂလိကပိုင်လုပ်ဖို့ မလိုပါဘူး။ နိုင်ငံပိုင်အခန်းကဏ္ဍအနေနဲ့ အောင်မြင်အောင်လုပ်။ ငွေလိုလို့ရှိရင် နိုင်ငံတော်က ငွေချေးပေးမယ်။ ဒီလိုစနစ်နဲ့သွားမယ်။ ဒုတိယ၊ တတိယ အဆင့်အဆင့်တွေလုပ်ပြီးတော့ ဖြည်းဖြည်းချင်းဆောင်ရွက်ခြင်းအားဖြင့် အသွင်ကူးပြောင်းတဲ့အခါမှာ ချောချောမွေ့မွေ့ဖြစ်အောင် ကူးပြောင်းမယ်ဆိုပြီးတော့ ဦးစိုးသာက အဆိုတင်သွင်းခဲ့ပါတယ်။ အဲဒီတော့ ကမ္ဘာမှာရှိတဲ့ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများမှာ နိုင်ငံပိုင် စီပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖို့ ပြည်သူများလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများ Service တိုးချဲ့ ဖြည့်ဆည်းနိုင်မှုပုံစံကို ကြည့်ရှုပါက ပထမအဆင့်တွင် နိုင်ငံပိုင်လုပ်ငန်းကို နိုင်ငံတော်၏ ဘတ်ဂျက် ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ပြီး ၎င်းမှ နိုင်ငံတော်ပိုင် Board of Corporation

နိုင်ငံပိုင်ကုမ္ပဏီ၊ နိုင်ငံမှ အစုရှယ်ယာအများစုဝင်ထားသည့်ကုမ္ပဏီ၊ နိုင်ငံမှ ရှယ်ယာအများ ဆုံးယူထားသည့်အများပိုင်ကုမ္ပဏီ (Public ကုမ္ပဏီ) စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲဆောင်ရွက်မှုဖြစ်စဉ်ကို ဆောင်ရွက်မယ်ဆိုပြီးတော့ အဆိုရှင်ဦးစိုးသာက တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ဦးစိုးသာရဲ့ တင်ပြမှုကို နိုင်ငံတော်က စနစ်တကျဆောင်ရွက်နေပြီဆိုရင် ဒေါ်တင်နွယ်ဦးရဲ့အဆိုဟာ မှတ်တမ်းတင်ရုံမှလွဲလို့တခြားဆောင်ရွက်ရန် လိုကောင်းမှ လိုမယ်လို့ ထင်မိပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေအားဖြင့် ပြောရမယ်ဆိုရင် ကျွန်တော်တို့မှာ နိုင်ငံအနှံ့အပြားက အတွေ့အကြုံတွေ အများကြီးရှိပါတယ်။ နိုင်ငံပိုင်ပစ္စည်းကို ပုဂ္ဂလိကလက်ထဲကို အပြီးအပိုင်လွှဲပြောင်းခြင်းဟာ မသမာမှုတွေ Collection and Brightly အများကြီးဖြစ်တယ်ဆိုတာ ရုရှားနိုင်ငံနှင့် လက်တင် အမေရိကားနိုင်ငံတွေမှာ အမြောက်အမြား သာဓကတွေတွေ့ရပါတယ်။ ဒီအချက်အလက်တွေကိုလည်း ကျွန်တော်တို့ ဂရုပြုရမည်ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောရမှာဆိုလို့ရှိရင် ညင်ညင်သာသာနဲ့ ကူးပြောင်းပေးဖို့ အောင်မြင်အောင် ကောင်းသွားချင်တယ်ဆိုရင်တော့ ဒီပြီးခဲ့တဲ့ အောက်တိုဘာလ ၁၇ ရက်နေ့က ဦးစိုးသာတင်သွင်း သွားတဲ့အဆိုအတိုင်း ညင်ညင်သာသာနှင့် ပြောင်းလဲရေးလမ်းစဉ်ကို လိုက်နာဆောင်ရွက်ခြင်းဟာ ပိုမိုကောင်းမွန်ပါတယ်လို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်အခွင့်အရေးကော်မတီ၊ လွှတ်တော်ကတိကဝတ်နှင့် အာမခံချက်ကော်မတီ၊ ဦးစိုးသာတင်ပြခဲ့တယ်ဆိုတဲ့ အဆိုကို လွှတ်တော်ရုံးနှင့်ပေါင်းစပ်ပြီးတော့ မိမိထံ ဒီနေ့ထမင်းစားပြီးတဲ့အချိန်မှာ ပြန်တင်ပြဖို့ ကြိုတင်ပြီးတော့ အသိပေးပါတယ်။ ဒါကြောင့်မို့လို့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ၊ ဦးစိုးသာတင်သွင်းတဲ့အဆိုရယ် ဒီအပေါ်မူတည်ပြီးတော့ လွှတ်တော်က ဆုံးဖြတ်ချက်ရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အရေးယူဆောင်ရွက်ချက်တွေကို ထမင်းစားပြီးတဲ့အချိန်မှာ ပြန်လည်ပြီးတော့တင်ပြဖို့ ယခုအချိန်ကစပြီးတော့ စတင်ဆောင်ရွက်ဖို့ လွှတ်တော်တာဝန်ရှိတဲ့ပုဂ္ဂိုလ်များကို ပန်ကြားပါတယ်။ အစိုးရရဲ့ အာမခံချက်၊ တာဝန်ခံချက်၊ ကတိကဝတ်ကော်မတီရဲ့ လွှတ်တော်အစည်းအဝေးဌာနက တာဝန်ရှိသူရယ် အပြင်ထွက်ပြီးတော့ ပေါင်းစပ်ပြီးဆောင်ရွက်ပြီး ပြန်တင်ပြပါ။

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်း

ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးတင်သွင်းထားသော တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်း ရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွား မှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဟာ ဈေးကွက်စီးပွားရေးမူအရ ကောင်းမွန်သောအဆို ဖြစ်ပါတယ်။ Budget လိုငွေပြမှုပမာဏမြင့်မားသော အမျိုးသားလုံခြုံရေးကို မထိခိုက်စေနိုင်သော နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကလွှဲပြောင်းပေးသင့်ပါတယ်။ သို့သော် တချို့လုပ်ငန်းများမှာ အရှုံးပေါ်သော်လည်း ပုဂ္ဂလိက လွှဲပြောင်းပေးလို့မသင့်ပါဘူး။ နိုင်ငံတော်က တကယ်ကိုလိုအပ်တဲ့ လုပ်ငန်းများကို အစိုးရက အရှုံးခံပြီးလုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်။ အစိုးရအနေဖြင့် ထုတ်လုပ်ရန်မလို အပ်သော ဥပမာ ထီး၊ ဖိနပ်စသည့်လုပ်ငန်းများကို မဖြစ်မနေပုဂ္ဂလိကပိုင် လွှဲပြောင်းပေးဖို့ လိုအပ်ပါ တယ်။ အစိုးရအနေဖြင့် ထုတ်လုပ်ရန်မလိုအပ်သော ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်းဟာ တိုင်းပြည် လိုငွေပြမှုကို ပိုမိုမြင့်မားစေပြီး နိုင်ငံတော်နှင့်နိုင်ငံသားများကို အကျိုးမရှိစေပါဘူး။ ပုဂ္ဂလိကပိုင်ပြု လုပ်တဲ့နေရာမှာ သတိပြုသင့်တဲ့အချက် ၈ ချက်လောက်ကို တင်ပြချင်ပါတယ်။ (၁) ကုန်ထုတ်လုပ်မှုမှာ အကျိုးသက်ရောက်မှု (Efficiency) ဘယ်လောက်မြင့်လာသလဲ။ (၂) ပုဂ္ဂလိကပိုင်ပြုလုပ်လိုက်တဲ့ အတွက် စက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းတွေရဲ့ ထုတ်လုပ်မှုပမာဏ မြင့်လာနိုင်သလား။ နိမ့်သွားနိုင်သလား။ (၃) ပုဂ္ဂလိကပြောင်းလဲပေးလိုက်တဲ့ လုပ်ငန်းများရှိအလုပ်သမားများရဲ့ လူမှုဘဝ မြင့်မားလာနိုင်သလား။ နိမ့်ကျသွားနိုင်သလား။ (၄) တိုင်းပြည်ရဲ့ ဘဏ္ဍာရေးဝင်ငွေမြင့်လာနိုင်သလား။ နိမ့်သွားနိုင်သလား။ (၅) တိုင်းပြည်ရဲ့ ဘဏ္ဍာရေးလိုငွေပြမှုကိုဖြေရှင်းတဲ့ မဟာဗျူဟာကို ဘယ်လောက် အထောက်အကူပေးနိုင်မလဲ။ (၆) တိုင်းပြည်ရဲ့ သွင်းအားစုစရိတ်တွေမြင့်လာမလား။ နိမ့်သွားနိုင် မလား။ (၇) ပြည်တွင်းသွင်းကုန် ဘယ်လောက်လျော့ကျသွားနိုင်သလဲ။ ပြည်ပကိုပို့ကုန်ဘယ်လောက် တိုးလာနိုင်သလဲ။ (၈) အလုပ်အကိုင်အခွင့်အလမ်း ဘယ်လောက်တိုးလာမလဲ စသည့်အချက်တွေကို သေသေချာချာ ချိန်ထိုးစဉ်းစားခြင်းအားဖြင့် ပုဂ္ဂလိက လွှဲပြောင်းပေးရာမှာ အမှားနည်းသွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိက လွှဲပြောင်းပေးတဲ့လုပ်ငန်းသည် လွှဲပြောင်းပေးလိုက်တဲ့ လုပ်ငန်းရှင်ရဲ့ လက်ထဲ မှာလည်ပတ်နေတဲ့ ကာလတွေမှာ ပုဂ္ဂလိက မလွှဲပြောင်းခင်ကထက် ပိုမိုကောင်းမွန်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် နိုင်ငံပိုင်သိမ်းယူထားသော အဆောက်အဦများကို ပုဂ္ဂလိကလွှဲပြောင်းပေးခဲ့သော်လည်း အခုအထိ ဘဏ္ဍာရေးလိုငွေပြမှုဟာ များပြားနေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ပုဂ္ဂလိက လွှဲပြောင်းပေးစဉ်ကာလက သေချာစွာ လေ့လာဆန်းစစ်မှုအားနည်းခြင်းရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဆိုပေမယ့် အမှန်တကယ်တော့ ပြည်သူလူထုရဲ့ ပိုက်ဆံနှင့် အကောင်အထည်ဖော်ထားတဲ့ အဆောက်အဦတွေ၊ လုပ်ငန်းတွေ ဖြစ်ပါတယ်။ တိုင်းပြည်ဘဏ္ဍာရေးလိုငွေပြမှု များပြားလာသောကြောင့် ဘဏ္ဍာငွေဖြည့်တင်းရန် နိုင်ငံပိုင်စက်မှုလုပ်ငန်းများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကလွှဲပြောင်း ပေးခြင်းနည်းဖြင့် ဖြေရှင်းရာမှာ ဘေးထွက်ဆိုးကျိုးများအနေနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေး ဖောင်းပွလာမှု၊ ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားလာမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများလျော့ နည်းလာနိုင်ပါတယ်။ အလုပ်လက်မဲ့များပြားလာနိုင်ပါတယ်။ အလုပ်လက်မဲ့များပြားခြင်းကြောင့် တစ်ဦးချင်း စားသုံးနိုင်မှုနိမ့်ကျခြင်းနှင့်အတူ တိုင်းပြည်ဟာ ဆင်းရဲတွင်းနက်သည်ထက် နက်ပြီး ပြဿနာများနှင့် ရင်ဆိုင်လာနိုင်ပါတယ်။ ထုတ်လုပ်မှုနှင့်ထိန်းသိမ်းမှုစရိတ်ရှုံးခြင်းကြောင့် ပုဂ္ဂလိကလွှဲပြောင်းပြီးနောက်ပိုင်း ထိုလုပ်ငန်းရဲ့အခြေအနေကို ထိန်းညှိနိုင်ခြင်းမရှိဘူးဆိုလျှင် ပုဂ္ဂလိကလွှဲပြောင်းပေးခြင်းမဟုတ်ဘဲ လက်ဆောင်ပေးခြင်းသဘောမျိုးဖြစ်နိုင်ပါတယ်။ ပုဂ္ဂလိက လွှဲပြောင်းခြင်းတွင် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပြန်လည်ဖွဲ့စည်းတဲ့ပုံစံနှင့်လည်း ဆောင်ရွက် နိုင်ပါတယ်။ ပုဂ္ဂလိကပိုင်လို့ အပြီးလွှဲအပ်တာမျိုးမဟုတ်ဘဲ Ownership ပုံစံနှင့်လွှဲတာမျိုး အစိုးရပိုင်လုပ်ငန်းဆိုပေမယ့် ရှုံးလျှင် အစိုးရက စိုက်ရတာမရှိဘဲ ပုဂ္ဂလိကကို လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးထားခြင်းနှင့် ရရှိတဲ့အကျိုးအမြတ်ကို အစိုးရကို ခွဲဝေခံစားခွင့်ပေးတဲ့ ပုံစံနဲ့လည်း ပုဂ္ဂလိက လွှဲပြောင်းခြင်းပုံစံကို ဆောင်ရွက်နိုင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ အထိ ပုဂ္ဂလိက ပိုင်ပြုလုပ်ခဲ့တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ စုစုပေါင်း ၃၅၆ ခု၊ အိမ်ခြံမြေစုစုပေါင်း ၁၄၇ ခု၊ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်ပေါင်း၂၄၆ ခု၊ နိုင်ငံပိုင် အဆောက်အဦ ၃၂ ခုရှိတယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်။ နိုင်ငံပိုင် ဆိပ်ကမ်းများဖြစ်တဲ့ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၊ ဗိုလ်တထောင်ဆိပ်ကမ်း၊ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ အလုံဆိပ်ကမ်း၊ ဗိုလ်တထောင်သံလျှက်စွန်းဆိပ်ကမ်းများကိုလည်း ပုဂ္ဂလိကပိုင်ပြုလုပ်ခဲ့ပြီး

ဖြစ်ပါတယ်။ ယင်းသို့လွှဲပြောင်းပြီး နောက်ပိုင်းအခြေအနေအထိ Budget လိုငွေပြမှုပမာဏဟာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တရားဝင်ထုတ်ပြန်ချက်အရ ကျပ်သန်းပေါင်း ၂ သန်းကျော် အလွန်များပြားလှတဲ့ ဘဏ္ဍာရေးလိုငွေပြမှုဖြစ်ပါတယ်။ ထို့အတွက် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိက လွှဲပြောင်းပေးခြင်းကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ဘာတွေအကျိုးရှိခဲ့ပါသလဲ၊ ဘယ်သူတွေ အကျိုးရှိခဲ့ပါသလဲ၊ တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှု တကယ်မြင့်မားလာပါသလား မေးစရာဖြစ်လာပါတယ်။ ဒီအချက်တွေဟာ အရေးကြီးတဲ့အချက်တွေ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိက လွှဲပြောင်း ပေးရာမှာ ပြည်သူ့လွှတ်တော်အနေဖြင့် ပွင့်လင်းမြင်သာသော၊ တာဝန်ယူမှုရှိသော ကော်မတီတစ်ရပ်ဖွဲ့စည်း၍ ထိန်းညှိစောင့်ကြပ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒီလိုဆောင်ရွက်မှသာ ပြည်သူလူထုအနေဖြင့် ပုဂ္ဂလိကလွှဲပြောင်းပေးလိုက်သည့် လုပ်ငန်းများ၏ လွှဲပြောင်းရခြင်းနှင့် လွှဲပြောင်းပြီး နောက်ပိုင်းအခြေအနေ၊ တိုင်းပြည်ရဲ့စီးပွားရေး အခြေအနေမှန်တွေကို သိရှိနေနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးတင်သွင်းသော တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဆောင်ရွက်ရန်တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းကြိုင်(မဟာအောင်မြေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအုန်းကြိုင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး အဆိုတင်ထားသော တိုင်းပြည်စီးပွားရေး တိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဆောင်ရွက်ရန်တိုက်တွန်းကြောင်း အဆိုကို အကြံပြုချက်များနှင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရှေ့ကကိုယ်စားလှယ်ကြီးများလည်း ပြည့်ပြည့်စုံစုံဆွေးနွေးသွားပြီဖြစ်လို့ အကျဉ်းချုံးပဲတင်ပြပါမယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီပြောင်းလဲမှုမှာ ပိုမိုအရှိန်မြင့်လာစေဖို့အတွက် စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ဖို့လည်း ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်အတွက် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်ဘဏ္ဍာရေးမှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေစေတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ အမြန်ဆုံးလွှဲပြောင်းပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ မှန်မှန်ကန်ကန်ပြောင်းပေးနိုင်ဖို့ အထူးလိုအပ်လျက်ရှိတယ်ဆိုတာလည်း ရှေ့ကကိုယ်စားလှယ်ကြီးများလည်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရာမှာ ပထမဆုံးရလာမယ့် အကျိုးရလဒ်ကတော့ ဘတ်ဂျက်ဝင်ငွေတိုးလာမှာပဲ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒါကို အာရုံစိုက်မနေသင့်ပါဘူး။ နိုင်ငံတော်ရဲ့စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးတည်ချက်ထားပြီးတော့ ပြောင်းလဲမှာ ဖြစ်ပါတယ်။ ဝင်ငွေများများရရှိအောင်ထက် စွမ်းဆောင်ရည်အမြင့်မားဆုံးရှိရေးကို ဦးတည်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင် လွှဲပြောင်းရာမှာ ထားရှိရမယ့် ရည်ရွယ်ချက်များကတော့ (၁) စီးပွားရေးတွင် အစိုးရက တိုက်ရိုက်ပါဝင်မှုအတိုင်းအတာ လျှော့ချနိုင်ရေး၊ (၂) နိုင်ငံပိုင်လုပ်ငန်းများကြောင့် အစိုးရအပေါ်ပိနေတဲ့ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးများကို လျှော့ချပစ်ရေး၊ (၃) အကန့်အသတ်ဖြင့်ရှိနေတဲ့ နိုင်ငံပိုင်အရင်းအမြစ်များကို အကျိုးအရှိဆုံးနှင့်အထိရောက်ဆုံးသုံးစွဲနိုင်ရေး၊ (၄) လွတ်လပ်မျှတစွာပြိုင်ဆိုင်မှုတိုးပွားလာရေး၊ (၅) အရင်းအနှီးဈေးကွက်တိုးတက်ထွန်းကားလာရေးတို့ကို အထောက်အကူဖြစ်စေရေးတို့ ဖြစ်ရပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ပုဂ္ဂလိက အသွင်ပြောင်းခြင်း အောင်မြင်မှု၊ မအောင်မြင်မှုအပေါ်မှာ ကျွန်တော်တို့တည်ဆောက်နေတဲ့ ဈေးကွက်စီးပွားရေးအောင်မြင်မှု၊ မအောင်မြင်မှုဆိုတာ တိုက်ရိုက်တည်နေမှာဖြစ်ပါတယ်။ တစ်ခါ ပုဂ္ဂလိကအသွင်ပြောင်းခြင်း အောင်မြင်ဖို့ဆိုတာကလည်း စီးပွားရေးလွတ်လပ်မျှတစွာ လုပ်ကိုင်ခွင့်နှင့်ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုများ၊ မလိုလားအပ်တဲ့ ထိန်းချုပ်မှုများကို ဖယ်ရှားခြင်းနှင့်သက်ဆိုင်တဲ့ Micro စီးပွားရေးမူဝါဒများပေါ်တွင် များစွာတည်နေပါတယ်။ ပုဂ္ဂလိကသို့လွှဲပြောင်းပေးမှုဆိုင်ရာမူဝါဒများ ဆီလျော်မှန်ကန်မှုရှိပြီးတော့ ထိန်းကျောင်းပေးနိုင်မှု၊ စီမံခန့်ခွဲမှုစွမ်းရည် ကောင်းမွန်ထက်မြက်လာတာနှင့်အမျှ ဝင်ငွေခွဲဝေဖြန့်ဖြူးမှုမျှတရေးဆီကို အလိုအလျောက်ဦးတည်လာပါလိမ့်မယ်။ အဲသလိုဆိုရင်တော့ စင်္ကာပူနှင့် မလေးရှားတို့မှာရတဲ့ ကောင်းတဲ့အတွေ့အကြုံတွေ ကျွန်တော်တို့နိုင်ငံမှာလည်း လူလတ်တန်းစား ဦးရေတိုးပွားလာတဲ့အထိ ထင်ရှားတဲ့အကျိုးရလဒ်တွေရလာမှာပါ။

နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်လွှဲပြောင်းပေးခဲ့တဲ့ အချို့နိုင်ငံများရဲ့ အတွေ့အကြုံကို မူတည်ပြီးတော့ ကမ္ဘာ့ဘဏ်က လေ့လာသုတေသနပြုတဲ့အခါမှာ ယေဘုယျအားဖြင့် အောက်ပါအကျိုးကျေးဇူးတွေရလာမယ်လို့ ဖော်ပြပါတယ်။ (က) ကုန်ထုတ်စွမ်းအား သိသိသာသာတိုးမြှင့်လာမှု၊ (ခ) အရောင်းတွင်ကျယ်လာမှု၊ (ဂ) ရင်းနှီးမြှုပ်နှံမှုတိုးပွားလာမှုနှင့် ပုံသဏ္ဌာန်ကောင်းမွန်လာမှု၊ (ဃ) ပစ္စည်းမျိုးစုံပြောင်းလဲထုတ်လုပ်လာနိုင်မှု၊ (င) လုပ်ခလစာနှင့် ဆုကြေးများ တိုးတက်ရရှိလာနိုင်မှုတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ပုဂ္ဂလိကသို့လွှဲပြောင်းပေးရာမှာ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခြင်း၊ ပုဂ္ဂလိကသို့ငှားရမ်းခြင်း၊ လုပ်ငန်းစဉ်ဆက်မပြတ်စေပဲ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်း၊ အစီအစဉ်များချပြီးတော့ အဆင့်ဆင့် လွှဲပြောင်းပေးခြင်း လုပ်ငန်းများကို Corporate အသွင်ပြုပြင်ဖွဲ့စည်းပြီးတဲ့နောက်မှ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်းစတဲ့ နည်းလမ်းများစွာကို ကျင့်သုံးဆောင်ရွက်ရလေ့ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကြုံတွေ့ရနိုင်တဲ့ ခက်ခဲနက်နည်းတဲ့ စီးပွားရေးပြဿနာတွေလည်း ရှိလာနိုင်မှာ မလွဲပါဘူး။ အဲဒီလို စီးပွားရေးပြဿနာတွေကို ကျော်လွှားနိုင်ဖို့အတွက်ဆိုရင်တော့ အဓိကအားဖြင့် စီးပွားရေး လုပ်ငန်းများ အားလုံးတစ်ပြေးညီသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတူညီတဲ့ အခွင့်အလမ်းများနှင့် တန်းတူရည်တူ ပြိုင်ဆိုင်မှုရှိသော ဈေးကွက်ဖြစ်ပေါ်ရေး၊ ဈေးကွက်များကောင်းမွန်စွာ လည်ပတ်အောင် လုပ်ဆောင်နိုင်ရေးကို အလေးပေးဆောင်ရွက်ရန်လိုအပ်ပါတယ်။ ပွင့်လင်းမြင်သာရှိမှု၊ အားလုံးတန်းတူရည်တူပါဝင်ခွင့်ရရှိတဲ့ ပြင်ညီစီးပွားရေးဝန်းကျင်နှင့် စွမ်းရည်ထက်မြက်ရေးကို အားပေးတဲ့မူဝါဒများ အဓိကလိုအပ်ပါတယ်။ အားထားနိုင်လောက်သော ထိန်းကျောင်းရေးအဖွဲ့အစည်းများ ထူထောင်ပြီး ပွင့်လင်းရိုးသားသော မူဝါဒများနှင့် ချမှတ်လုပ်ကိုင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဥပမာပြောရရင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က စီးပွားရေးလုပ်ငန်း ၇၆ ကို ရောင်းချရေးအတွက် အဆိုပြုလွှာများခေါ်ခဲ့တယ်ဆိုတာကို ကြားရပါတယ်၊ တွေ့ရပါတယ်။ ရောင်းချတဲ့ လုပ်ငန်းဘယ်လောက်ရှိလဲ၊ ရရှိတဲ့ငွေပမာဏ၊ ဝယ်ယူတဲ့ပုဂ္ဂိုလ်က ဘယ်သူလဲ၊ ဘယ်အဖွဲ့အစည်းက ဝယ်တာလဲ၊ လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ခြင်း ရှိ၊ မရှိ ဘာမျှထပ်မကြားရတော့ပါဘူးခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ နိုင်ငံဟာ ဈေးကွက်စီးပွားရေးအောင်မြင်အောင် လုပ်ကြရမှာဖြစ်တဲ့အတွက်ကြောင့် ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး တင်ပြထားသော တိုင်းပြည်

စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုကိုဖော်ပြပါအကြံပြုချက်များနှင့်အတူ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမန်းမောင်မောင်ဉာဏ်(ပန်းတနော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံးကိုလေးစားပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က တင်ပြချက် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုပေးရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံ များပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို ပန်းတနော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အကြံပြုချက်များနဲ့ ကျွန်တော်ဆွေးနွေးသွားပါမယ်။ ရှေ့ကပုဂ္ဂိုလ်တွေလည်း တော်တော်ဆွေးနွေးသွားပြီးဖြစ်တဲ့အတွက် တချို့အချက်အလက်တွေကို ချန်ပြီးတော့ ကျွန်တော်ဆွေးနွေးသွားပါမယ်။ ကျွန်တော်တို့စီးပွားရေး လုပ်ငန်းဆိုတာကတော့ စိတ်ကူးယဉ်တဲ့အတိုင်းတော့ မဖြစ်ပါဘူး။ ဖြစ်လည်းမဖြစ်ပါဘူး။ အင်မတန် ကြိုးစားရပါတယ်။ အင်မတန်လုပ်ကိုင်ဆောင်ရွက်ရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာမှာ နိုင်ငံတွေကပုံစံအမျိုးမျိုးနဲ့ လုပ်ကြတာပါ။ တချို့နိုင်ငံတွေဟာ ပါတီကို ဆုပ်ကိုင်ထားပြီးတော့ ဈေးကွက်ကိုလွှတ်ပေးထားတာ ဒီနည်းနဲ့ တိုင်းပြည်ရဲ့စီးပွားရေးကို မြှင့်ပြီးတော့ဖန်တီးရပါတယ်။ တချို့ နိုင်ငံတွေကျတော့လည်း ဈေးကွက်ကိုချုပ်ကိုင်ထားပြီးတော့ ပါတီတွေဖွင့်ပေးလိုက်တဲ့ဟာလည်း ဒီလို နိုင်ငံမျိုးတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကျတော့ ပါတီတွေလည်း ဖွင့်ပေးထားတယ်။ ဈေးကွက် လည်း ဖွင့်ပေးထားတယ်။ ဒါဟာ ကမ္ဘာ့နိုင်ငံတွေနဲ့စာရင်တော့ သိပ်မဆန်းပါဘူး။ တချို့နိုင်ငံတွေမှာ လည်း ဒီအတိုင်းပါပဲ။ ဒါပေမယ့် ကျွန်တော်တင်ပြချင်တာက ဘာတင်ပြချင်လဲဆိုတဲ့ အခါကျတော့ Privatization လုပ်တယ်ဆိုတဲ့အခါမှာ တချို့နိုင်ငံတွေရဲ့အောင်မြင်တာတွေရှိတယ်။ အားနည်းတာတွေ ရှိပါတယ်။ တချို့နိုင်ငံတွေမှာ အများကြီးအောင်မြင်တာလည်းရှိပါတယ်။ စောစောက ဦးကြည်သာ တင်ပြသွားတဲ့အထဲမှာလည်းပါပါတယ်။ ကျွန်တော်တို့က ခေတ်အဆက်ဆက်ကို ပြန်လေ့လာတဲ့ အခါမှာ အတွေ့အကြုံလေးတွေပေါ့။ ဒါတွေ ဒီမှာဆက်စပ်ပြီးတော့ တင်ပြချင်ပါတယ်။ မြန်မာ့ဆိုရှယ် လစ်လမ်းစဉ်ပါတီလက်ထက်တုန်းက တိုင်းပြည်တစ်ပြည်မှာ အနှစ် ၂၀ လောက်၊ ၂၅ နှစ်လောက် ကြာတဲ့အခါမှာ စီးပွားရေးက Depression ဖြစ်နေပါတယ်။ သဘာဝအားဖြင့် အဲဒီလိုဖြစ်ပါတယ်။

ပြီးတဲ့အခါကျတော့ Boom ဖြစ်တယ်။ ပြီးတဲ့အခါကျတော့ ထိပ်ရောက်သွားတယ်။ အဲဒီလိုဟာမျိုးတွေ စီးပွားရေးမှာ ဖြစ်တတ်ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ ပြန်ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ ဘာတွေ့ရလဲဆိုတော့ အဲဒီမှာပဲ အဆင်းရဲဆုံး၊ အဆင်းရဲဆုံးဆိုပြီးတော့ ဖြစ်တာပေါ့။ တကယ်ကတော့ အဲဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံက အဆင်းရဲဆုံးတော့မဟုတ်ပါဘူး။ ဒီမှာ ဘာရှိလဲ ဆိုတဲ့အခါကျတော့ အဲဒီအချိန်မှာ ဖဆပလလက်ထက်က ချေးထားတဲ့ပိုက်ဆံတွေလည်း ဆပ်ရမယ့် အချိန်ရောက်ပါပြီ။ ကျွန်တော်တို့ ဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့လည်း အဲဒီမှာ အဆင်းရဲဆုံးအဖွဲ့ LDC ဖြစ်ဖို့အတွက်က Criteria ၁၁ ခုရှိပါတယ်။ ဒီ Criteria ၁၁ ခုမှာ ကျွန်တော်တို့ဟာ နည်းနည်းလေး ငြိတာက စက်မှုကဏ္ဍမှာသွားငြိတာ တခြားဟာတွေ ဘာနဲ့မှသွားမငြိပါဘူး။ ကျွန်တော်မှတ်မိ သလောက်ပြောရမယ်ဆိုရင် Criteria ၃ ခုလောက်တင်ပြချင်ပါတယ်။ ဥပမာ- စာတတ်မြောက်မှုနှုန်း ၂၀ ရာခိုင်နှုန်းအောက်ရှိရမယ်။ ကျွန်တော်တို့ ၆၀ ရာခိုင်နှုန်းအထက်မှာ ရှိရမယ်။ စာတတ်မြောက်မှု အတင်းတွန်းလုပ်ထားတာ အသုံးလုံး အတင်းတွန်းလုပ်ထားတာ နောက်တစ်ခုက ဝင်ငွေနဲ့ပတ်သက်တဲ့ ဟာတွေ ကျွန်တော်တို့က Percapita GDP Ratio မှာ ၁၀၀ အောက်ရောက်တယ်။ ဒါလည်း ပြဿနာမရှိဘူး။ မငြိပါဘူး။ ပြီးတဲ့အခါ စက်မှုကဏ္ဍမှာ GDP ထုတ်လုပ်တဲ့အပိုင်းမှာ ကျွန်တော်တို့က ပါဝင်မှုအချိုးက ၁၀ ရာခိုင်နှုန်းအောက်ရောက်တယ်။ အဲဒါလေးက နည်းနည်းသွားငြိနေပါတယ်။ ကျန်တဲ့ Criteria တွေပေါ့။ အဲဒီအချိန်မှာ ကျွန်တော်တို့က Debt Ratio ကျတော့ ၄၀ ရာခိုင်နှုန်း ဖြစ်သွားတယ်။ ၄၀ ရာခိုင်နှုန်းဖြစ်သွားတော့ အဓိပ္ပာယ်က ငွေ ၁၀၀ မှာ ကျွန်တော်တို့ သုံးပိုင်ခွင့် ရှိတာက ၆၀ ပဲရှိတယ်။ ၄၀ ကအကြွေးဆပ်ရမယ်။ အဲဒီလိုဖြစ်ပါတယ်။ အဲဒီတော့ ကုလသမဂ္ဂတွေ ကရော၊ ပညာရှင်တွေရော၊ ဘဏ်အဖွဲ့တွေရော ညှိနှိုင်းလိုက်တဲ့အခါကျတော့ ဒီဟာ တိုင်းပြည်က ထွက်ပေါက်ဘယ်လိုရှိမလဲ။ ကျွန်တော်တို့ ကုန်ထုတ်လုပ်မှုကလည်းမမြင့်ဘူး။ ဒီလိုဟာမျိုးတွေဖြစ် နေတယ်။ ဘယ်လိုဖြစ်နိုင်သလဲဆိုတဲ့အခါကျတော့ ဒီလိုဆိုလို့ရှိရင် ကုလသမဂ္ဂရဲ့စာတမ်းမှာ နိုင်ငံတွေ အတွက် လုပ်ထားတဲ့ဟာရှိတယ်။ LDC လုပ်လိုက်လို့ရှိရင် ကြွေးတွေလျှော်လို့ရတယ်။ ဟိုခေတ်က ပြီးခဲ့တဲ့အစိုးရလက်ထက်က အကြွေးရော၊ ကိုယ့်လက်ထက်ကရှိတဲ့အကြွေးရော၊ Risks Period ရှိတဲ့ အကြွေးရောဒါတွေလျှော်လို့ရတယ်ဆိုတဲ့အခါကျတော့ ကုလသမဂ္ဂတို့၊ ပညာရှင်တို့ အကြံပေးချက်နဲ့ ဒါတွေလုပ်သင့်တယ်ဆိုပြီးတော့ ဒီလိုပြောပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ပါတီနဲ့အစိုးရအဖွဲ့နဲ့ နည်းနည်းပြဿနာရှိတာပေါ့။ ပါတီအဖွဲ့ကတော့ သိပ်မလုပ်ချင်ဘူး။ အစိုးရအဖွဲ့ကတော့ ဒါထွက်ပေါက် ဒီနည်းတစ်နည်းပဲ ရှိတယ်ဆိုပြီးတော့ ဒီလိုပြောပါတယ်။ နောက်ဆုံးကျတော့

ဟိုးအချိန်တုန်းကတော့ ပါတီလည်းအစိုးရ၊ အစိုးရလည်း ပါတီ ဆိုတော့ ဒီလိုဆိုလို့ရှိရင်တော့လုပ်ပေါ့။ လုပ်တဲ့အခါကျတော့ LDC လုပ်ပါတယ်။ LDC လုပ်တဲ့အတွက် အဲဒီအချိန်ကစပြီးတော့ ဟိုးဘက်က အတိတ်ကရှိခဲ့တဲ့အကြွေးတွေ၊ ကျွန်တော်တို့ လက်ထက်မှာရှိတဲ့ အကြွေးတွေကို လျှော်ပစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေက လျှော်ပစ်ပါတယ်။ လျှော်ပစ်လိုက်တဲ့အတွက် အခြေအနေက နည်းနည်းပြန်ကောင်းသွားပါတယ်။ အဲဒီလိုရှိပါတယ်။ အဲဒီမှာတင်ပဲ ကျွန်တော်တို့က LDC ဆိုတာ အဲဒီမှာမှစဖြစ်ပါတယ်။ သို့သော် LDC ဟာ Least Develope Country ဆိုတဲ့အခေါ်အဝေါ်ကို ဘယ်အချိန်မှာ အဆင်းရဲဆုံးသုံးတယ်ဆိုတာ မှတ်မိသလောက် ကျွန်တော်ပြောရရင် အရေးအခင်းဖြစ်ခါနီးကျတော့ ဦးအောင်ကြီးက ဦးနေဝင်းကို စာရေးပါတယ်။ စာမျက်နှာ ၄၀ လောက်ရှိပါတယ်။ အဲဒီမှာ တိုင်းပြည်အဆင်းရဲဆုံးဖြစ်သွားပြီ ဆိုပြီးတော့ LDC ကို အဲဒီလို အဓိပ္ပာယ်ဖွင့်ပါတယ်။ ကျွန်တော်တို့က ပညာရှင်တွေ အနီးစပ်ဆုံးမေးကြည့်တဲ့အခါကျတော့ LDC က Least Develope Country ပါ။ ဖွံ့ဖြိုးမှုအနည်းဆုံး အဆင်းရဲဆုံးတော့မဟုတ်ပါဘူး။ သို့သော်လည်းပဲ ယနေ့အချိန်အခါအထိ အဲဒါကို အဆင်းရဲဆုံး၊ အဆင်းရဲဆုံးဆိုပြီးတော့ သုံးနေတဲ့သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးမှာပြောရင် ထင်သလိုတော့မဖြစ်ဘူး။ အကုန်လုံးက တိုင်းပြည်အတွက် ကောင်းမယ်ဆိုတဲ့ဟာလေး ရွေးလုပ်ကြတာပါ။ သို့သော် ထင်တိုင်းမဖြစ်ဘူး။ စိတ်ကူးယဉ်တိုင်းလည်းမဖြစ်ဘူး။ ဒါကြောင့်မို့လို့ ဒီ Privatization Market Magnesium နဲ့ဆိုတာ တော်တော်စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ မလုပ်လို့လည်းမဖြစ်ဘူး။ စဉ်းလည်းစဉ်းစားရမည်၊ ဘာဖြစ် လို့မလုပ်မဖြစ်လဲဆိုတဲ့အခါကျတော့ ဒီကနေ့လို အခြေအနေမျိုးမှာ ကျွန်တော်တို့မှာ စက်မှုလက်မှုကဏ္ဍတွေဟာ အရှုံးတွေပဲများနေတယ်။ တိုင်းပြည်ဟာ ဘဏ္ဍာငွေတွေ စိုက်ထုတ်ထားရတယ်။ အဲဒီတော့ ဒီဥစ္စာဝန်ထုပ်ဝန်ပိုးလျှော့ဖို့ဟာ ကျွန်တော်တို့ ဘယ်ကိုသွားရမလဲဆိုတော့ Privatization ကိုသွားရပါမယ်။ ပုဂ္ဂလိကလုပ်ငန်းတွေ လုပ်တာကို သွားရမယ်။ အဲဒီလို ဖြစ်လာနိုင်တယ်။ ပြီးတဲ့အခါ ကျတော့ ဈေးကွက်ရှင်သန်ဖို့ ကျွန်တော်တို့ လုပ်ပေးရမယ်။ Market Magnesium ဒါလုပ်ပေးရမယ်။ ဒေါ်တင်နွယ်ဦးရဲ့အဆိုမှာ ဈေးကွက်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် ပုဂ္ဂလိကလုပ်ငန်းများဖြစ်ပေါ်လာရေးဆိုတာ အဲဒါကို ဒါထောက်ခံစရာဖြစ်ပါတယ်။ သို့သော်လည်းပဲ စောစောက ကျွန်တော်တို့ အဆိုရှင်တွေ၊ ဆွေးနွေးတဲ့လူတွေ တင်ပြသွားတဲ့အထဲမှာ ကျွန်တော်တို့ အချက်အလက် တွေအများကြီး အကျုံးဝင်ပါတယ်။ ကျွန်တော်တို့ လူမျိုးတွေရဲ့စိတ်ဓာတ် အဲဒါက မပြင်လို့မရပါဘူး။ ပြီးတဲ့အခါကျတော့ ကျွန်တော်တို့လူမျိုးတွေမှာ ဘယ်လိုရှိသလဲဆိုတဲ့အခါကျတော့ ရရင်အကုန်ယူမယ်ဆိုတဲ့ဟာရှိတယ်။ အဲဒါဘယ်နေရာသွား

မေးမေး ရရင်အကုန်ယူမယ်။ ပြီးတဲ့အခါကျတော့ ပြန်ဆပ်ဖို့ဆိုတဲ့အခါကျတော့ အဲဒီတော့ အိလေးကွလေး အဲဒီလိုဖြစ်ကုန်တယ်။ Privatization လုပ်တဲ့အခါမှာ ဘယ်လိုလူတွေကို လုပ်ပေးသင့်သလဲဆိုတဲ့ဥစ္စာ စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ အများကြီးစဉ်းစားရမှာပါ။ ဒါကြောင့်မို့လို့ ခုနက ဆွေးနွေးမယ့်လူတစ်ယောက်ပြောပါတယ်။ ဒီလို Privatization လုပ်တဲ့ တိုင်းပြည်က ဘတ်ဂျက်က ဘယ်လောက်တက်လာလဲဆိုတဲ့ဥစ္စာကို ကျွန်တော်တို့ မတွေ့မမြင်ရဖို့ဆိုတာ ဒါမြင်သာထင်သာမရှိတဲ့သဘောပါပဲ။ အဲဒီတော့ ဒါက ပုဂ္ဂလိကပြုလုပ်ရေးဈေးကွက်စီးပွားရေး၊ ဈေးကွက်စီးပွားရေးဟာ ပီပြင်အောင်လုပ်ရမယ်။ ယနေ့ အိမ်နီးနားချင်းနိုင်ငံတွေမှာ ဈေးကွက်စီးပွားရေးလုပ်နေတဲ့အခါကျတော့ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးသည် ဘယ်လောက်ထိ တိုးတက်သလဲဆိုတာ ဆန်းစစ်ရင် သိပ်ခဲခဲရင်းရင်းမရှိဘူး။ နယ်စပ်ကနေ ကျွန်တော်တို့ဆီ ဝင်လာတဲ့အထိကြည့်လျှင် ဆပ်ပြာခွက်တို့၊ အချိုမှုန့်တို့၊ သကြားလုံးတို့ ဒါအိမ်ထဲမှာလုပ်တဲ့ဟာပဲ။ ဒီလို ပုဂ္ဂလိကပိုင်လုပ်ငန်းမှာ ကျွန်တော်တို့က အဲဒါမျိုးလေးတွေအားပေးမယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ဈေးကွက်မှာ ကျွန်တော်တို့ ယှဉ်ပြိုင်နိုင်တယ်။ ဟိုကမဝင်တဲ့ဟာတွေကျွန်တော်တို့ဟာ ကျွန်တော်တို့လုံလောက်တယ်။ အဲဒီလိုဖြစ်သွားမယ်။ အဲဒီတော့ ဒါက ဈေးကွက်ရဲ့သဘောပေါ့။ စောစောက ပြောသလို ဈေးကွက်ဆိုတာကတော့ ဒါ Supply နှင့် Demand အပေါ်မှာတည်ပြီးတော့ ဖြစ်သွားတာပဲပေါ့။ ဒါတွေဟာ ကျွန်တော်တို့ ပြန်စဉ်းစားလိုက်မယ်ဆိုရင် ဒီအခန်းကဏ္ဍတွေဟာ တော်တော်အရေးကြီးပါတယ်။ သတိလည်းထားရပါတယ်။ ပြီးတဲ့အခါကျတော့ ဒီမှာဘာဖြစ်လဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့လူတွေမှာ ဖြစ်တတ်တဲ့အခြေခံသဘောတရားတွေရှိပါတယ်။ ဘာဖြစ်လဲဆိုတော့ လက်တွေ့ကျတော့ ကျွန်တော်တို့က ပုဂ္ဂလိကစီးပွားရေးလုပ်တယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ပိုင်ခွင့်တစ်ခုရတယ်ဆိုရင် မြတ်အောင်တော့လုပ်တာပဲ။ ဒါပေမယ့် မမြတ်ဘူး။ ကျွန်တော်တို့ စီးပွားရေးရဲ့မူဝါဒဟာလည်းပဲ ကျွန်တော်တို့ကလယ်ယာကဏ္ဍကို အဓိကထားတာ။ လယ်ယာကဏ္ဍဆိုတာ အင်မတန်မှ Risky ဖြစ်ပါတယ်။ မိုးရယ်၊ ပျိုးရယ်၊ ပိုးရယ်၊ ရေရယ် မိုးကောင်းပေမယ့်လို့ ပိုးကျရင်လည်းသွားတာပဲ။ ကျွန်တော်တို့က လယ်သမားသားသမီးဆိုတော့ ဒါတွေတွေ့ပါတယ်။ အမေအဖေလက်ထက်က ပြောတဲ့အခါကျတော့ တို့လယ်သမားတွေက အချိန်တန်ရင် ဇကောနဲ့ကောက်စွပဲ ရှိပါတယ်ဆိုပြီတော့ ဒီလိုပြောတာ ကျွန်တော်တို့မိဘတွေလက်ထက်က အဲဒီလိုအထိ ကျွန်တော်တို့သိခဲ့ပါတယ်။ ဆိုတော့ Risky ကဏ္ဍ ခက်ခဲတဲ့ကဏ္ဍ၊ အဲဒီကဏ္ဍမှာကျွန်တော်တို့ ရင်းနှီးမြှုပ်နှံထားတဲ့ဥစ္စာ နည်းနည်းများပါတယ်။ ခုနက ဈေးကွက်နဲ့ ပုဂ္ဂလိကအခန်းကဏ္ဍဟာတွေ ရင်းနှီးမြှုပ်နှံထားတာ အချိုးအားဖြင့် နည်းနည်းနဲတယ်။ အဲဒီလိုဟာမျိုးရှိတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်က ဒါကိုပြန်ကြည့်တဲ့အခါကျတော့ ဘယ်ကဏ္ဍတွေဟာ ပုဂ္ဂလိကကို အားပေးရမလဲဆိုတာ ဒါကျွန်တော်တို့ စဉ်းစားဖို့လို့ပါတယ်။ ဒါတွေကတော့ ပညာရှင်တွေလည်း ပါပါတယ်။ ဒါအတွေ့အကြုံရှိတဲ့ လူတွေလည်းပါတယ်ပေါ့လေ။ ဒါ စဉ်းစားရမှာဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်အခါမှာတော့ မစဉ်းစားဘဲနဲ့ နေလို့မရဘူး။ ပုဂ္ဂလိကတွေ ကျွန်တော်တို့ အားပေးရမှာ။ ခုနက ဆပ်ပြာခွက်လိုဟာမျိုး၊ ပလပ်စတစ်ခွက်လိုဟာမျိုး နိုင်ငံခြားက မသွင်းဘဲနဲ့ ကိုယ့်ဟာကိုယ် ဒီမှာလုပ်နိုင်မယ်ဆိုရင် ဘာမှပြဿနာမရှိပါဘူး။ ဒါကြောင့် ဒီကနေ့အချိန်အခါမှာ နိုင်ငံခြားက သွင်းတဲ့တန်ဖိုးနဲ့ ကျွန်တော်တို့ဆီကပို့တဲ့တန်ဖိုး နှိုင်းယှဉ်လိုက်တဲ့အခါမှာ ကျွန်တော်တို့က အမြဲတမ်းအောက်မှာပဲရှိတယ်။ အဲဒီလို အောက်မှာပဲရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က လိုငွေတွေက ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ ချုံပြီးပြောရမယ်ဆိုရင် ကျွန်တော်တို့က Privatization လုပ်တဲ့အခါမှာ အရေးကြီးဆုံးက ဘယ်သူတွေကိုလုပ်မလဲ။ ဒါအရေးကြီးပါတယ်။ စောစောကလည်း တင်ပြသွားတာကြားလိုက်ပါတယ်။ စီးပွားရေးမှာ ပုဂ္ဂလိကရဲ့ အသင်းအဖွဲ့ပဲခေါ်ခေါ်၊ သမဝါယမပဲခေါ်ခေါ် ဒီကဏ္ဍရယ်ပြီးရင် ပြည်သူပိုင်ကဏ္ဍရယ် ဒီသုံးခုကရှိနေမှာပဲ။ ဒီထဲမှာ ခုနလို ပုဂ္ဂလိကကို စဉ်းစားပြီးတဲ့အခါကျတော့ အသင်းအဖွဲ့ပိုင်။ သို့တည်းမဟုတ် သမပိုင်။ သူကတော့ ပြည်သူတွေကို များများအလုပ်ပေးနိုင်ပါတယ်။ အောက်ကိုလည်းမီတယ်။ အပေါ်ကိုလည်း မီတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လက်သုံးစကားရှိတယ်။ မမီတဲ့ပန်းတုံးခုလို့လှမ်းဆိုတာကို နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီအဖွဲ့အစည်းနဲ့ အသင်းအဖွဲ့နဲ့ ဒါတွေကို ကျွန်တော်တို့က အသုံးချပြီးတော့ တက်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အောက်ခြေရဲ့ Public ကဏ္ဍတွေကိုလည်းမီတယ်။ အပေါ်က နိုင်ငံတော်ကဏ္ဍကိုလည်းပြီးတယ်။ ဒီဥစ္စာတွေကို များများအားပေးရင် ပြီးတဲ့အခါကျတော့ နိုင်ငံတော်ဘတ်ဂျက်အနေနဲ့လည်းပဲ သူက အသင်းအဖွဲ့ဆိုတဲ့အတွက် များများရင်းနှီးနိုင်တယ်။ နိုင်ငံတော်ကလည်း သူ့ကိုကူညီနိုင်တယ်စောင့်ရှောက်နိုင်တယ်။ အဲဒီလို ကဏ္ဍသုံးခုမှာ ဒီကဏ္ဍကို ဦးစားပေးပြီးတော့သွားရင် ကျွန်တော်တို့စီးပွားရေးဟာ အတိုင်းအတာတစ်ခုအထိ တက်လာမှာပဲလို့ ယူဆပါတယ်။ ဒါဟာ စောစောက ကျွန်တော်ပြောသလို ကျွန်တော့်အယူအဆပါ။ ပညာရှင်တွေ ဘယ်လိုတွေးခေါ်တယ် ဘာညာဆိုတာမပြောလိုပါဘူး။ ဒါကျွန်တော် အယူအဆပါ။ ဘာဖြစ်လို့လဲဆိုတော့ စောစောက ကျွန်တော် အစီရင်ခံခဲ့သလိုပဲ စီးပွားရေးကိစ္စဆိုတာ ထင်တိုင်းမဖြစ်ပါဘူး။ လုပ်ကြည့်တဲ့အခါကျတော့ သိပါလိမ့်မယ်။ ကိုယ့်တစ်ယောက်တည်းလုပ်လို့မရပါဘူး။ ပြည်သူအများနဲ့လုပ်ရတာပါ။ အဲဒီတော့ စီးပွားရေးဘယ်လောက်တိုးတက်တယ် မတိုးတက်ဘူးဆိုတာ ပြည်သူရဲ့အခြေအနေ၊ ပြည်သူရဲ့

စီးပွားရေးအခြေအနေကိုသုံးသပ်ပြီးတော့မှ ကျွန်တော်တို့ ပြောလို့ရပါတယ်။ တစ်ယောက်တည်း တိုးတက်လို့လည်းမရပါဘူး။ တစ်ဖွဲ့လုံးတိုးတက်လို့လည်းမရပါဘူး။ အဲဒါရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အခုလို ဈေးကွက်စီးပွားရေး၊ ပါလီမန်ဒီမိုကရေစီ ဒါကျင့်နေတဲ့အခါမှာ ကျွန်တော်တို့က အများကြီးစဉ်းစားရမယ့်ကိစ္စဖြစ်တယ်လို့ ကျွန်တော်တင်ပြချင်ပါတယ်။ နောက်ဆုံး ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီကနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဒီမိုကရေစီ ပြည်သူ့လွှတ်တော်ပေါ့ဗျာ။ ဒါလည်း ကျွန်တော်တို့က ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ထားတာပါ။ တကယ်ကျတော့ ကျွန်တော်တို့ လွှတ်တော်တက်ဖို့လာတဲ့အခါတုန်းက အဖြစ်အပျက်ပေါ့။ လွှတ်တော်တက်ဖို့လာတဲ့အခါတုန်းက အနည်းစုကိုယ်စားလှယ်တွေ ဆိုတဲ့အခါကျတော့ အတိုက်အခံလုပ်ရမယ်လို့ ကျွန်တော်ထင်တာ။ အတိုက်အခံပဲပေါ့။ အတိုက်အခံဆိုလို့ရှိရင် ဘယ်လိုပဲဖြစ်ဖြစ်ပြောလို့ ဆိုလို့ရတယ်။ သို့သော် လွှတ်တော်ထဲကို ရောက်တဲ့အခါကျတော့ ဥက္ကဋ္ဌက လွှတ်တော်ကိုဘောင်ခတ်ပေးလိုက်တယ်။ ကျွန်တော်တို့လွှတ်တော်က ပါတီစွဲမရှိရဘူး၊ ဝါဒစွဲမရှိဘူး၊ ဒေသစွဲမရှိဘူး၊ လူမျိုးစွဲမရှိဘူး တိုင်းပြည်အတွက်ကောင်းဖို့ဆိုရင် အကုန်လုံးလုပ်မယ်။ မတူတာတွေဘေးမှာထား အဲဒီလိုဘောင် သတ်လိုက်တဲ့အခါ ကျွန်တော်တို့လည်း လွှတ်တော်ထဲမှာ ဘောင်ရတယ်။ ဒါဟာ ပါလီမန်ဒီမိုကရေစီ နိုင်ငံတွေမှာ ကွက်ဆန်းမယ်။ ကျွန်တော်တို့နိုင်ငံတွေကို ကျွန်တော်လေ့လာလို့ရသလောက် မရှိဘူးထင်တယ်။ ဒါအကွက်ဆန်းပါ။ အဲဒီတော့ ဒီကနေ့ စီးပွားရေးလောကမှာလည်းပဲ ကျွန်တော်တို့လွှတ်တော်ကနေပြီးတော့ စီးပွားရေးအကွက်ဆန်းလေးတွေ ထွင်ပြီးတော့ နိုင်ငံတော်ကို ကျွန်တော်တို့ကအားပေးသင့်တယ်။ နိုင်ငံတော်ကို ကျွန်တော်တို့ တိုက်တွန်းသင့်တယ်။ ဒါ ကျွန်တော်အနေနဲ့ ပြောတာပါ။ နိုင်ငံတော်က လုပ်တဲ့တချို့ကိစ္စတွေမှာ ကျွန်တော်တို့ လွှတ်တော်နဲ့လည်း နည်းနည်းကင်းလွတ်နေတာရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ ကိစ္စအဝဝမှာ ထင်တိုင်းလည်းမဖြစ်ဘူး။ သို့သော် အကောင်းဆုံးလုပ်ကြမှာဖြစ်တဲ့အတွက် ဒေါ်တင်နွယ်ဦးတင်ပြတဲ့ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။ **]**

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး ။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်နှင့်စပ်လျဉ်း၍ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကံဇော်(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးမှ တတိယပုံမှန်အစည်းအဝေးမှာ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး အတွက် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရန် တိုက်တွန်းကြောင်း တင်သွင်းခဲ့တဲ့ အဆိုနဲ့စပ်လျဉ်းပြီး ကျွန်တော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်မှ ရှင်းလင်းဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဒေါ်တင်နွယ်ဦးရဲ့အဆိုထဲမှာ ဖော်ပြပါရှိတဲ့အတိုင်း တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုး

ပြုစေရန် ဈေးကွက်စီးပွားရေး စနစ်ပီပြင်စွာဖြစ်ပေါ်ရေးဟာ အလွန်အရေးပါပါတယ်။ နိုင်ငံတော်ရဲ့ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) မှာလည်း နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟုလည်းကောင်း၊ အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်ဟုလည်းကောင်း ဖော်ပြပါရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဈေးကွက်စီးပွားရေးစနစ် ပိုမိုပီပြင်စွာဖြစ်ပေါ်ရေးအတွက် Macro စီးပွားရေးပြုပြင်ပြောင်းလဲမှု Macro Economic Reforms ကို ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းစေရန် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့နဲ့ ဆက်စပ်နေတဲ့ ငွေကြေးဆိုင်ရာမူဝါဒ (Monetary Policy) နှင့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒ (Fiscal Policy) တို့ကို ဖြေလျှော့ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်နှင့် ပတ်သက်တဲ့ အခွန်အခများဖယ်ရှားခြင်း၊ ဘဏ်တိုးနှုန်းများလျှော့ချပေးခြင်း၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်နှင့် အပြည်ပြည်ဆိုင်ရာပေးချေမှုစနစ်များ လွယ်ကူစေရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ မှတ်ပုံတင်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ဖြေလျှော့ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒေါ်တင်နွယ်ဦးရဲ့အဆိုမှာ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ရန်ကို တိုက်တွန်း ထားပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဟာ ကမ္ဘာနှင့်အဝန်းမှာ အရှိန်ရလာခဲ့ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ စွမ်းဆောင်ရည်နဲ့ စီမံခန့်ခွဲမှုအားနည်းချက်၊ အရင်းအနှီးအကန့်အသတ်နှင့် နည်းပညာလိုအပ်ချက်ရှိခြင်း၊ ပြောင်းလဲလာတဲ့ ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် ကုန်စည်ဈေးကွက်များ၌ ထိရောက်တဲ့ဈေးကွက်မရရှိခြင်း စတဲ့အားနည်းချက်တွေကြောင့် ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ အတွေးအခေါ်များအရ အစိုးရရဲ့ အခန်းကဏ္ဍကို လျှော့ချပြီး ပုဂ္ဂလိကရဲ့ အခန်းကဏ္ဍကို ဦးစားပေးမြှင့်တင်လိုခြင်းစတာတွေကြောင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို ဖောင်းပေးလာခဲ့ကြကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းဟာ စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ် (Economic Reform Process) ရဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့အပြင် နိုင်ငံတော် အရ/အသုံးမှာ ဘတ်ဂျက်လိုငွေ နှစ်ရှည်ကြာစွာဖြစ်ပေါ်မှုကိုလည်း ကုစားရာရောက်ပါတယ်။ စီးပွားရေးတွက်ခြေမကိုက်တဲ့လုပ်ငန်းတွေ၊ မလိုအပ်တဲ့လုပ်ငန်းတွေကိုလျှော့ချခြင်း၊ အသုံးစရိတ်များ ချွေတာခြင်းတို့ကို တစ်ဖက်ကလုပ်ဆောင်ရမှာဖြစ်သလို အခြားတစ်ဖက်ကလည်း နိုင်ငံပိုင်

အခန်းကဏ္ဍကို ပြောင်းလဲဆောင်ရွက်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး (Privatization) ကိုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အစိုးရရဲ့ ဒုတိယအဆင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး Privatization လုပ်ငန်းကိုထုခွဲရောင်းချခြင်းမျိုး မဟုတ်ပဲ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံပိုင်အချိုးအစားများနေသော ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍများကို ကဏ္ဍတစ်ခုချင်း လေ့လာသုံးသပ်လျက် ပုဂ္ဂလိကပိုင် အချိုးအစားသို့ ပိုင်ဆိုင်မှုအချိုးကူးပြောင်းပေးရင်း စွမ်းဆောင်ရည် မြင့်မားအောင် အားပေးမြှင့်တင်သွားရမှာ ဖြစ်ကြောင်းနဲ့ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုချင်းစီရဲ့ လုပ်ငန်းနယ်ပယ်နှင့် အချိုးအစားပါဝင်မှုကို ပြန်လည်စိစစ်၊ သုံးသပ်၊ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်အောင် ဒုတိယသမ္မတဦးဆောင်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်အသစ်ကို ပြင်ဆင်ဖွဲ့စည်းပေးပြီး ပြောင်းလဲလုပ်ဆောင်သွားမှာဖြစ်ကြောင်း နိုင်ငံတော်သမ္မတမှ လမ်းညွှန်မိန့်ကြားခဲ့ပြီး ဖြစ်ပါတယ်။

မိမိတို့နိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲတိုးတက်ရန်အတွက် ဈေးကွက်စီးပွားရေးစနစ်နဲ့အညီနိုင်ငံပိုင်အချိုးအစားကို လျှော့ချပြီး ပုဂ္ဂလိကပိုင်အချိုးအစားသို့ ပြောင်းလဲတိုးတက် လုပ်ဆောင်နိုင်ဖို့နဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များအား စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အသစ်ကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၂) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဒုတိယသမ္မတက ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးနှင့် အခြားသောပြည်ထောင်စုဝန်ကြီးများ အဖွဲ့ဝင်အဖြစ်ပါဝင်သော အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ မိမိတာဝန်ယူရတဲ့ ကဏ္ဍ၊ ဌာနရဲ့ လုပ်ငန်းများအနက် မည်သည့်လုပ်ငန်းတွေကို ပြုပြင်ပြောင်းလဲဆောင်ရွက်မလဲဆိုတဲ့ မဟာဗျူဟာလုပ်ငန်းစဉ် Reform Strategy ကို ချမှတ်ရေးဆွဲရမှာ ဖြစ်ကြောင်းနဲ့ နိုင်ငံပိုင်အခန်းကဏ္ဍအချိုးအစားနှင့် ပုဂ္ဂလိကပိုင်အချိုးအစားပြောင်းလဲလုပ်ဆောင်မည့်အစီအစဉ်များကို အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု

ကော်မရှင်တို့ပူးပေါင်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများက ညှိနှိုင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မိန့်ကြားခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံများရဲ့အတွေ့အကြုံအရ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း အောင်မြင်စေဖို့ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးမှု၊ ယှဉ်ပြိုင်မှုရှိတဲ့ ကုန်စည်နှင့်ဝန်ဆောင်မှုတွေ ဈေးကွက်အတွင်း ထိထိရောက်ရောက် လည်ပတ်နိုင်တဲ့ စွမ်းရည်၊ မရေရာမသေချာမှုနည်းပါးစေခြင်း၊ လုပ်ထုံးလုပ်နည်းများ အဆင်ပြေချောမွေ့စေခြင်း၊ စီးပွားရေးဥပဒေတွေကို ပြင်ဆင်ခြင်းနဲ့ပြဋ္ဌာန်းခြင်း၊ ဘဏ္ဍာရေးစနစ်ကို ခိုင်မာအောင်ဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်မှုမူဝါဒများ ဖွံ့ဖြိုးစေခြင်းနှင့် အုပ်ချုပ်မှုစနစ်များ ပိုမိုကောင်းမွန်လာစေခြင်းစတာတွေ လိုအပ်ပါတယ်။ အဆိုပါ ဆောင်ရွက်ချက်များနှင့်အတူ လုပ်ငန်းအဆင့် မိုက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲခြင်းကိုလည်း ပူးတွဲဆောင်ရွက်ရန် လိုအပ်ပါတယ်။

ယခုအခါ နိုင်ငံတကာမှာ ပုဂ္ဂလိကပိုင်ပြုလုပ်တဲ့နည်းလမ်း (Privatization Method) များ အနေနဲ့ ပုံစံအမျိုးမျိုးဖြင့် တိုးတက်လျက်ရှိပြီး ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုမြှင့်တင်ဆောင်ရွက်ရာမှာပုံသေပိုင်ဆိုင်မှု (Fixed Assets)ကိုသာထုခွဲရောင်းချရုံမျှသာမက မြန်မာနိုင်ငံရဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ သာမက အစိုးရမှဆောင်ရွက်နေသည့် ဝန်ဆောင်မှုအပါအဝင် လုပ်ငန်းများအား ပုဂ္ဂလိကလက်သို့ လွှဲပြောင်းရောင်းချတာတွေ၊ ဖက်စပ်လုပ်ကိုင်ခြင်းနှင့် ရှယ်ယာခေါ်ယူခြင်း Public-Private Partnership စတဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်တဲ့နည်းအမျိုးမျိုးကို အသုံးပြုပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍမှ ပုံသေပိုင်ဆိုင်မှု (Fixed Assets) ကိုရယူပြီး နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံတွေကို မူလချမှတ်ခဲ့တဲ့ ရည်မှန်းချက်ပျောက်ဆုံးခြင်း၊ လမ်းလွဲခြင်း မဖြစ်ပေါ်စေဖို့ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းတွေကို လေလံဆွဲသူမှ အခြားလုပ်ငန်းကို ပြောင်းလဲလုပ်ပိုင်ခွင့်မရှိပဲ မူလလုပ်ငန်းကိုသာ ဆက်လက်ဆောင်ရွက်ရန်နဲ့ အခြားလုပ်ငန်းကို ပြောင်းလဲဆောင်ရွက်လိုပါက အဆိုပါဆောင်ရွက်လိုတဲ့လုပ်ငန်းအား စိစစ်သုံးသပ်ရန် လိုအပ်ပါတယ်။ မူလထုတ်လုပ်မှုကိုသာ ချဉ်းကပ်ဆောင်ရွက်ရန်ပဲ ဖြစ်ပါတယ်။ နိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစတဲ့ စီးပွားရေးအင်အားစု အားလုံးကိုလည်း အသင်းအဖွဲ့အစည်းများ၊ အစုစပ်လုပ်ငန်းများ၊ နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ငန်းများ၊ အများပိုင်ကုမ္ပဏီများ ထူထောင်စေပြီး အားပေးခွင့်ပြုလျက်

ရှိပါတယ်။ ငွေကြေးဈေးကွက်နဲ့ ဘဏ္ဍာရေး ဈေးကွက်များကို ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်လေလေ အစိုးရပုဂ္ဂလိက ပူးပေါင်းမှု လုပ်ငန်းများဖွံ့ဖြိုးရေးကိုလည်း ပိုမိုအထောက် အကူပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ယခုအစိုးရ သစ်ကာလအတွင်း ထုခွဲရောင်းချခြင်း မပြုရသေးပါ။ ယခင်အစိုးရကာလ ထုခွဲရောင်းချခဲ့ပြီးသော စာရင်း၊ ငွေရပြီးနှင့် ရရန်ကျန်စာရင်း၊ ပိုင်ဆိုင်မှု မရှင်းလင်းလို့ ဝန်ကြီးဌာနများကို ပြန်လွှဲခြင်းနဲ့ လက်ကျန်စာရင်းတွေကိုသာ ပြုစုလျက်ရှိပါတယ်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဆောင်ရွက်ချက်ဟာ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုနဲ့လည်း ဆက်စပ်လျက်ရှိပါတယ်။ ဒါကြောင့် ပွင့်လင်းထင်သာမြင်သာရှိမှု Transparency နဲ့အတူ အိတ်ဖွင့်တင်ဒါ လျင်မြန်လွယ်ကူတဲ့ လွှဲပြောင်းရေးအစီအစဉ်တွေနဲ့ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေပြီး နောက်ပိုင်းမှာလည်း လုပ်ငန်း ဆောင်ရွက်မှုတွေဟာ နိုင်ငံတော်နဲ့ ပြည်သူ့အတွက် အကျိုးရှိစွာဆောင်ရွက်နိုင်မှု ရှိ၊ မရှိ စိစစ်ပြီး အကျိုးကျေးဇူးများနဲ့ အားနည်းချက်များကို စိစစ်သုံးသပ်ဖို့ လိုအပ်သလို နိုင်ငံတော် အစိုးရက မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမယ့်အရေးပါတဲ့ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းတွေကိုလည်း ပုဂ္ဂလိက ကို လွှဲပြောင်းရောင်းချခြင်းမပြုပေမယ့် စီးပွားရေးတွက်ခြေကိုက်မှုရှိစေရေးအတွက် စိစစ်သုံးသပ်ရေး ဟာလည်း အရေးကြီးပါတယ်။ ဒါ့အပြင် အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ပုဂ္ဂလိကသို့လွှဲပြောင်း ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေကို နိုင်ငံတကာဆောင်ရွက်လေ့ရှိတဲ့ နည်းလမ်းတွေနဲ့ စိစစ်သုံးသပ်ပြီး နိုင်ငံပိုင်အချိုးအစားများနေသော ကဏ္ဍများကို ပုဂ္ဂလိကပိုင်အချိုးအစားသို့ ပိုင်ဆိုင်မှုအချိုး ကူးပြောင်းပေးရင်း စွမ်းဆောင်ရည်မြင့်မားလာအောင် အားပေးမြှင့်တင်ပေးခြင်းဖြင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေး လုပ်ငန်းတွေကို တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်ဟာ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် အဓိကအရေးပါပြီး ဖွံ့ဖြိုးမှုစီမံကိန်းတွေမှာလည်း တစ်ခုအပါအဝင်ဖြစ်တာကြောင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် ကော်မရှင်ကိုလည်း အဆင့်မြှင့်တင် ဖွဲ့စည်းမှုနဲ့အညီ ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲသုံးစွဲရာမှာ ဘတ်ဂျက်လိုငွေကြောင့် နိုင်ငံတော်နဲ့ ပြည်သူတို့အတွက်

ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ အစိုးရဌာနများမှ ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းတွေကို ပုဂ္ဂလိကဏ္ဍတွေက လုပ်ဆောင်နိုင်မယ့်လုပ်ငန်းတွေဆိုရင် ပုဂ္ဂလိကကဏ္ဍအား ခွဲဝေလွှဲပြောင်းစေရေး၊ အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း Public Private Partnership (PPP)လုပ်ငန်းများ တိုးတက်ဆောင်ရွက် စေခြင်းအားဖြင့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ စီမံခန့်ခွဲမှုနှင့် ပွင့်လင်းထင်သာမြင်သာရှိမှုများ တိုးတက်လာစေခြင်းဖြင့် ပြည်သူနဲ့နိုင်ငံဖွံ့ဖြိုးမှုအတွက် အကျိုးကျေးဇူးများ များစွာ ဖြစ်ပေါ်လာရေးကို နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲ လုပ်ငန်းများဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုနဲ့ စပ်လျဉ်း၍ မှတ်တမ်းတင်ထားသင့်ပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဒေါ်တင်နွယ်ဦးရဲ့ သဘောထားပြောပါ။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတင်ပြခဲ့တုန်းက တိုင်းပြည်စီးပွားရေးတိုးတက်ဖို့ အကျိုးပြုစေရန် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအားလုံးကို ဆိုလိုတာပါ။ ထုတ်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတွေရယ်၊ ဝန်ကြီးဌာနအသီးသီးအောက်မှာ ရှိတဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံးဆိုလိုတာပါ။ စက်ရုံ၊ အလုပ်ရုံတွေ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလို့ ပြောချင်ပါတယ်။ နောက်တစ်ခုက ဝန်ကြီးတင်ပြသွားတဲ့အတိုင်းပဲ လုပ်ကိုင် ဆောင်ရွက်ပုံတွေ ဘယ်လို Reform လုပ်မယ်၊ ဘယ်လိုလုပ်ကြမလဲ၊ ဘာတွေလုပ်ကြမလဲ ဆိုတာတွေ ပါသွားပါပြီ။ အဲဒီအခါမှာ ဟိုနေ့က ကျွန်မပြောတဲ့ဟာ ဆက်ပြောရမယ်ဆိုရင် လေလံတင် ရောင်းချတဲ့ အခါမှာ တရားမျှတဆီလျော်မှုရှိတဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကိစ္စအတွက်ကလည်း အရေးကြီးပါတယ်။ အဲဒီလို လေလံတင်ရောင်းချတဲ့အခါမှာ Pros and Cons စဉ်းစားတဲ့အခါမှာ ကုန်ပစ္စည်းတွေ ဈေးကြီးသွားနိုင်တဲ့ အချက်ကို ထည့်စဉ်းစားရပါမယ်။ နောက်တစ်ခုက ခုနဆွေးနွေးတဲ့အထဲမှာ တချို့တစ်ဝက်လည်း ဆွေးနွေးသွားတာတွေ့ပါတယ်။ အလုပ်သမားတချို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်က ထုတ်ပစ်လိုက်တဲ့အခါမှာ အလုပ်လက်မဲ့ပြဿနာပေါ်တယ်ဆိုတဲ့အချက်တွေ ထည့်စဉ်းစားရဦးမှာပါ။ နောက်ဒုတိယနည်းတစ်ခုကတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို တကယ်လို့ငှားပြီးတော့ လုပ်ကိုင် စေချင်ရင်ကော ဘယ်လိုလုပ်ကြရမလဲ။ အဲဒီလိုဆိုရင် ပိုင်ဆိုင်မှုကကျတော့ နိုင်ငံတော်ကပဲပိုင်နေ မယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်အတွက်ကို ငွေလုံးငွေရင်းအသုံးစရိတ်ကျတော့ နိုင်ငံတော်က အဟန့် အတားဖြစ်သလိုဖြစ်နေပါမယ်။ တစ်နည်းအားဖြင့် SS တွေ Revule လုပ်တဲ့အခါ၊ Renovation

လုပ်တဲ့အခါ Capital Expenature လုပ်တဲ့အခါတွေမှာ နည်းနည်းလေးအဟန့်အတား ပြဿနာလေး တွေဖြစ်နိုင်ပါတယ်။ နောက်တစ်ချက်ဘာပြောရဦးမလဲဆိုရင် ပထမအစိုးရနှင့်ပုဂ္ဂလိကကို ဖက်စပ် လုပ်မလား ပြန်စဉ်းစားရင် အစိုးရနှင့်နိုင်ငံခြားသားလုပ်ငန်းရှင်တွေ ဖက်စပ်လုပ်မလား၊ အစိုးရနှင့် တိုင်းရင်းသားလုပ်ငန်းရှင်တွေ ဖက်စပ်လုပ်မလား အဲဒီလို နှစ်မျိုးစဉ်းစားရပါမယ်။ အဲဒီတော့ ဘယ်နည်းလုပ်မလဲ။ ဆုံးဖြတ်တဲ့အခါ ဘဏ္ဍာငွေထည့်ဝင်မှု အချိုးအစားတွေ ပြဿနာဖြစ်ပါမယ်။ အကျိုးအမြတ်ခွဲဝေမှု အချိုးအစားတွေ ပြဿနာဖြစ်ပါမယ်။ စီမံခန့်ခွဲမှု၊ အာဏာခွဲဝေမှုအချိုးအစား တွေလည်းဆုံးဖြတ်ရပါမယ်။ အဲဒီအချက်တွေအားလုံး ထည့်စဉ်းစားပြီးတော့လုပ်ငန်းကို လျင်လျင် မြန်မြန်မှန်မှန်ကန်ကန်လုပ်မယ်ဆိုလျှင် ကျွန်မဘက်က ဘာမှပြောစရာမရှိပါဘူး။ သဘောတူပါတယ်။ ပြည်ထောင်စုဝန်ကြီးပြောတဲ့သဘောကို သဘောတူပါတယ်။ မှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန်လုပ်ဖို့ အရေးကြီးပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အဆိုပေါ် ဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကော၊ ပြည်ထောင်စုဝန်ကြီးဌာနက ဆွေးနွေးမှုများဟာ ယခင် ဦးစိုးသာတင်တဲ့အဆိုပေါ်မူတည်ပြီးတော့ ဆွေးနွေးတာထက် ပိုပြီးတော့ ပွင့်လင်းတယ်၊ မြင်သာမှုရှိတယ်၊ ပိုလည်းပြည့်စုံပါတယ်။ ဒါကြောင့်မို့လို့ အခုလိုဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးရော သက်ဆိုင်သူတာဝန်ရှိသူများရော လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကျေးဇူးတင်ပါတယ်။ အဲဒီနည်းတူပဲ ဒီဆွေးနွေးမှုတွေက တစ်ဆင့် နိုင်ငံတော် နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည် ဖော်ဆောင်ရွက်သလို လွှတ်တော်ဘက်ကလည်း အကောင်အထည်ဖော်မှုများကို စောင့်ကြည့်ပြီး လိုအပ်သည်များကို ကူညီထိန်းညှိဆောင်ရွက်ပေးဖို့လည်း လိုပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပန်းတနော်မဲဆန္ဒနယ်မှ မဲဆန္ဒရှင် ဦးမန်းမောင်မောင်ဉာဏ်ကလည်း ဒီလိုအဓိပ္ပာယ်သက်ရောက်တဲ့ စကားမျိုး၊ ဆွေးနွေးမှုမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်က လွှတ်တော်အနေနဲ့ အဆိုတွေ၊ ဥပဒေကြမ်းတွေ၊ ဥပဒေကြမ်းမရောက်ခင် မူဝါဒတွေ ချပေးနိုင်ဖို့လည်း လွှတ်တော်မှာ တာဝန်ရှိတယ်လို့ မှတ်ယူပြီးမူဝါဒကောင်းများချမှတ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွား ဆောင်ရွက်နိုင်ဖို့ မလွဲမသွေတာဝန်ရှိတယ်ဆိုတဲ့ ခံယူချက်နှင့်ဆက်လက်ဆောင်ရွက်သွားကြဖို့ လိုအပ် ပါတယ်လို့ လွှတ်တော်ကို တင်ပြချင်ပါတယ်။ ဒါကြောင့် ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတင်သွင်းတဲ့ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို အကျိုးပြုစေရန် ဈေးကွက်စီးပွားရေး စနစ် ပီပြင်စွာဖြစ်ပေါ်ရေးအတွက် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွဲ့စည်းရေးနှင့် ပုဂ္ဂလိက

ပိုင်ပြုလုပ်ရေးဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ထားရှိ၍ စောင့်ကြည့်ထိန်းညှိကူညီရန်ဖြစ်ကြောင်း မှတ်တမ်းတင်ဆောင်ရွက်ပါမယ်။ ဒီလိုမှတ်တမ်းတင် ဆောင်ရွက်မှုနှင့်ပတ်သက်လို့ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒါကြောင့် မှတ်တမ်းတင်ထားရှိမှုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်သွားရန်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၏ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ (Migrant Workers) အတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းများတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းပေးထားတဲ့ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမည့်ကိစ္စကတော့ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများ (Migration Workers) များရဲ့ ဘဝအာမခံချက်နှင့် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန် အဆိုတင်သွင်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာအလုပ်သမားတွေဟာ အကြောင်းအမျိုးမျိုးကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြတဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံစသည့် နိုင်ငံများသို့

သွားရောက်၍ အဆိုပါနိုင်ငံများရှိ အထည်ချုပ်စက်ရုံများ၊ အအေးခန်းစက်ရုံများ၊ ဆောက်လုပ်ရေး လုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ရေလုပ်ငန်းစသည့်လုပ်ငန်းများတွင် သွားရောက် လုပ်ကိုင်လျက်ရှိနေကြပါတယ်။ သွားရောက်လုပ်ကိုင်သူ အများစုမှာ 3D အလုပ်များတွင် လုပ်ကိုင် လျက်ရှိနေကြပါတယ်။ 3D ဆိုတာက Dangerous အန္တရာယ်များသော၊ Difficult ခက်ခဲကြမ်းတမ်း သော၊ Dirty ညစ်ပတ်ပေရေသော အလုပ်များဖြစ်ကြပါတယ်။ သွားရောက်လုပ်ကိုင်ကြသော နိုင်ငံများမှရရှိသောစာရင်းများအရ အထူးသဖြင့် ထိုင်းနိုင်ငံတွင် နှစ်သန်းခွဲခန့်နှင့် မလေးရှားတွင် ငါးသိန်းခန့်ရှိပါကြောင်းသိရှိရပါတယ်။ ဒီလို ပြည်ပသို့သွားရောက်လုပ်ကိုင်ကြသည့် အလုပ်သမားများ အနေဖြင့် အောက်ဖော်ပြပါ အခက်အခဲများကို ရင်ဆိုင်လျက်ရှိနေကြောင်းကိုလည်းပဲ ကြားသိရပါ တယ်။ (က) အလုပ်သမားတွေပေးဆောင်နေရသောစရိတ်များမြင့်မားနေခြင်း။ (ခ) ဆေးဝါးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အာမခံချက်မရှိခြင်း။ (ဂ) အလုပ်သမားအခွင့်အရေးများ မရရှိခြင်း။ ရွှေ့ပြောင်းလုပ်သားများတွင် အထောက်အထားရှိသူများသာမက အထောက်အထားမဲ့သူများပါရှိသည့် အတွက် ILO မှပြဋ္ဌာန်းထားသည့် အလုပ်သမားအခွင့်အရေးမျိုးမရရှိသလို အလုပ်သမားများဘက်မှ ရပ်တည်ပေးမှုလည်း မရှိသည့်အတွက် အလုပ်ရှင်များမှ ခေါင်းပုံဖြတ်တာတွေ၊ လူသားချင်းစာနာ ထောက်ထားမှုမရှိတာတွေ၊ ထိုက်သင့်သည့်လုပ်ခ၊ လစာအပြည့်အဝမရတာတွေကိုလည်း ခံစားရလျက် ရှိတယ်လို့သိရပါတယ်။ (ဃ) လူကုန်ကူးမှုခံရခြင်း။ အထူးသဖြင့် ငယ်ရွယ်သူအမျိုးသမီးတွေမှာဖြစ်ပွား ပါတယ်။ လူပွဲစားမှောင်ခိုများနှင့်တွေ့ကာလူကုန်ကူးခံရပြီး ဘဝဆုံးသွားကြရတဲ့အခြေအနေမျိုးတွေ လည်းရှိနေကြောင်းလည်းသိရှိရပါတယ်။ (င) ဆက်သွယ်မှုနှင့် လုံခြုံမှုမရှိခြင်း။ တရားမဝင်နေထိုင် လုပ်ကိုင်ကြရသော အလုပ်သမားတွေဟာ သက်ဆိုင်ရာနိုင်ငံရှိရဲများ၊ လဝကများ၏စစ်ဆေးမေးမြန်း ဖမ်းဆီးမှုကိုခံရခြင်း၊ လုပ်ခ၊ လစာပိုမိုရရှိအောင် အလုပ်ချိန်များများလုပ်ကိုင်ကြရသည့်အတွက် ပိတ်ရက်၊ နားချိန်အလွန်နည်းပါးပြီး နိုင်ငံသားအချင်းချင်းဆက်သွယ်မှု ကူညီရိုင်းပင်းမှုများမရရှိဘဲ အလုပ်ရှင်များ၏ အနိုင်ကျင့်မှုခံရခြင်းစတဲ့အချက်တွေကို ယေဘုယျအားဖြင့်ကြုံတွေ့ရတယ်လို့ သိရ ပါတယ်။ ဒီလိုအခြေအနေအရပ်ရပ်ကို အတတ်နိုင်ဆုံးကူညီစောင့်ရှောက်နိုင်ဖို့အတွက် နိုင်ငံတော် အစိုးရရဲ့လမ်းညွှန်မှုနှင့်အညီ ပြည်ပမှာရောက်နေတဲ့ မြန်မာအလုပ်သမားများအား ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားများအကျိုးခံစားခွင့်ရရှိရေး ကော်မတီနှင့် အလုပ်သမား

အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကော်မတီ စသည့်လုပ်ငန်းကော်မတီ ၃ ခုကို ဖွဲ့စည်းထားရှိကြောင်းလည်း သိရှိရပါတယ်။

အဆိုပါကော်မတီများမှ အစည်းအဝေးများကျင်းပပြီး နိုင်ငံတော်ကချမှတ်ထားသောမူဝါဒများနှင့်ကော်မတီ၏လုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများ၏အကျိုးအတွက် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေတာကိုလည်း ကျွန်တော်တို့ အနေနဲ့ကြားသိရပါတယ်။ ဒီအတွက်လည်းပဲ အများကြီးဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

ထိုင်းနိုင်ငံမှာရောက်နေတဲ့ မြန်မာအလုပ်သမားများနှင့်ပတ်သက်ပြီး ၂၀၀၃ ခုနှစ်တွင် အလုပ်သမားများခန့်ထားခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့သည်မှာ (၁၁)ကြိမ်မြောက်ရှိပြီလို့ ကျွန်တော်တို့သိရပါတယ်။ အဲ့ဒီလိုပဲ ထိုင်းနိုင်ငံရောက် အလုပ်သမားများအား အထောက်အထားများထုတ်ပေးနိုင်ရေးအတွက် ယခင်ကတော့ တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနှင့် ရနောင်းစသည့် နယ်စပ်စခန်း ၄ ခုရှိခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ထိုင်းနိုင်ငံအတွင်းရှိ ဘန်ကောက်၊ စမုပရာကန်၊ မဟာချိုင်၊ ချင်းမိုင်နှင့် စူရတ်ဌာနီစတဲ့ယာယီ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး ၅ ရုံးကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ယခုအခါမှာတော့ ရုံး ၉ ရုံးဖြင့် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ထို့အပြင် ရွှေ့ပြောင်းလုပ်သားများအခွင့်အရေးကာကွယ်ပေးနိုင်ဖို့ သက်ဆိုင်ရာနိုင်ငံများနှင့်ညှိနှိုင်း၍လည်းကောင်း၊ အာဆီယံအသင်းကြီးအတွင်းတွင်လည်းကောင်း စီစဉ်ညှိနှိုင်းဆောင်ရွက်လျက်ရှိနေတာတွေကိုလည်းကြားသိရပါတယ်။

သို့ရာတွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံတွေအနေနဲ့ သူတို့ရဲ့နိုင်ငံသားရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ လူမှုရေး၊ စီးပွားရေး၊ ဘဝလုံခြုံစိတ်ချရမှုရှိရေးတို့အတွက် Migration Policy များချမှတ်သဘောတူညှိနှိုင်းဆောင်ရွက်နိုင်မှုများကြောင့် များစွာအကျိုးကျေးဇူးများဖြစ်ထွန်းလျက်ရှိတာကိုလည်းလေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် အလားတူ Migration Policy များချမှတ်ဆောင်ရွက်ထားခြင်းမရှိသေးတာကိုလည်းပဲ လေ့လာသိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေဖြင့် Migration Policy ဒါမှာမဟုတ်ရင်လည်း အလားတူအစီအစဉ်များ ဆောင်ရွက်ပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးတင်သွင်းသော နိုင်ငံရပ်ခြားများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားရွှေ့ပြောင်းလုပ်သားများ (Migrant Workers) ရဲ့ ဘဝအာမခံချက်နှင့် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ရေးအဆိုသည် အဝေးရောက်မြန်မာနိုင်ငံသားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအား နိုင်ငံတော်အနေနှင့် ရင်ဝယ်သားများကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အဝေးရောက်မြန်မာနိုင်ငံသားများအနေနဲ့လည်း စိတ်ချမ်းမြေ့စွာ အလုပ်လုပ်နိုင်မှာဖြစ်တဲ့အတွက် ဒီအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟင်္သာတမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကိုလက်ခံဆွေးနွေးရန်သင့်၊ မသင့်လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးဌေးဦးတင်သွင်းတဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပမှာရောက်နေတဲ့ ဆင်းဆင်းရဲရဲပင်ပင်ပန်းပန်းနဲ့လုပ်ကိုင်စားသောက်နေကြရတဲ့ ပြည်ပရောက်နေတဲ့လက်လုပ်လက်စား မြန်မာနိုင်ငံသားများအပေါ်မှာထားရှိတဲ့ ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရဲ့စေတနာဟာ အင်မတန်ပေါ်လွင်ထင်ရှားပါတယ်။ လေးစားစရာကောင်းပါတယ်။ သို့သော် ဒီအဆိုကိုလက်ခံဆွေးနွေးရန်သင့်၊ မသင့် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အလေးအနက်ထားစဉ်းစားနိုင်အောင် တင်ပြစရာရှိတဲ့အချက်အလက်အချို့ကို လေးစားစွာတင်ပြပါရစေ။ နိုင်ငံခြားမှာသွားပြီးတော့ အလုပ်လုပ်ကြတဲ့သူတွေဟာ လက်လုပ်လက်စားတွေပါ။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ဆော့ဝဲလ်ဒီပလိုမာတွေမဟုတ်ကြပါဘူး။ လုပ်တာကလည်းပဲ ပြည်ပနိုင်ငံမှာလုပ်နေကြတာပါ။ လုံခြုံမှုရရှိရေးအတွက် တရားဝင်အလုပ်လုပ်ခွင့်ရနေတာကို အလုပ်ထုတ်

မခံရအောင်၊ စော်ကားမော်ကားလုပ်တာမခံရအောင် မြန်မာသံရုံးအနေနဲ့အကာအကွယ်ပေးနိုင်မယ်၊ ကြိုးစားနေတယ်၊ ခုနလည်းရှေ့ကတင်ပြသွားပြီ။ ဒါတွေကတော့ လုံခြုံရေးအတွက် ကျွန်တော်နားလည်ပါတယ်။ သို့သော် ဘ၀အာမခံချက်ရရှိရေးအတွက်ဆိုတာကတော့ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ အင်မတန်ကိုရည်ရွယ်ချက်ကြီးလွန်းသွားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာပြုလို့အခုလိုတင်ပြလဲဆိုတာကတော့ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတွေဟာ မြန်မာနိုင်ငံထဲမှာရှိတဲ့ ဘွဲ့ရပညာတတ်တွေအတွက်တောင် ဘ၀အာမခံချက်ရဖို့ဆိုတာကို ကျွန်တော်တို့အာမမခံနိုင်တဲ့အနေအထားမျိုးမှာ ပြည်ပမှာဆင်းဆင်းရဲရဲပင်ပင်ပန်းပန်းနဲ့သွားပြီးအလုပ်လုပ်နေတဲ့ အလုပ်သမားတွေအတွက်ကို ဘ၀အာမခံချက်ရအောင် ကျွန်တော်တို့လွှတ်တော်ထဲကနေပြီးတော့ အောင်မြင်မှုရအောင်ကြိုးစားနိုင်ပါ့မလား။ ဒါကို အလေးအနက်ထားပြီးစဉ်းစားသင့်ပါတယ်။ နောက်တစ်ချက်က Migration Policy ဆိုတာနှင့်ပတ်သက်ပြီးတော့ ကျွန်တော်မရှင်းလင်းလှပါဘူး။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးများနှင့် ဥက္ကဋ္ဌကြီးကို လေးစားစွာတင်ပြလိုတာက ကျွန်တော်တို့တင်ပြတဲ့အဆိုအမိန့်တွေ၊ ကျွန်တော်တို့ပြဋ္ဌာန်းတဲ့ဥပဒေတွေဟာ ထည်ဝါခန့်ညားရုံသက်သက်နဲ့ မလုံလောက်ပါဘူး။ ပြည်သူလူထုကို တကယ်လက်တွေ့အကျိုးပြုဖို့လိုပါတယ်။ ပြဋ္ဌာန်းတဲ့ဥပဒေတွေ၊ တင်သွင်းတဲ့အဆိုတွေ၊ မေးခွန်းတွေဟာထည်ဝါခန့်ညားသလောက် ပြည်သူလူထုကို လက်တွေ့အကျိုးမဖြစ်စေဘူးဆိုရင် ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဆန်ကိုလို၍ ဖွဲကိုထောင်းသော် ပန်းညောင်းခါမျှ ဘာမရသို့ ဆိုတဲ့ ကိုးခန်းပျို့ဆုံးမစာနှင့် တူနေပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရိုးသားစွာတင်ပြလိုတာကတော့ ပြည်ပမှာရှိနေကြတဲ့ ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲနဲ့ အလုပ်လုပ်နေရရှာတဲ့ မြန်မာနိုင်ငံသား လက်လုပ်လက်စားတွေရဲ့ဘ၀အာမခံချက်ရဖို့ကိစ္စကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ အောင်အောင်မြင်မြင်ဖြစ်အောင်ဆွေးနွေးနိုင်ပါ့မလား။ အလုပ်ဖြစ်ပါ့မလားဆိုတာကို အလေးအနက်စဉ်းစားပေးဖို့လိုပါတယ်ဆိုတာ ကျွန်တော်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်ရဲ့အဆုံးအဖြတ်မယူခင်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း အဆိုတင်ပြသွားမှု၊ အဆိုထောက်ခံမှု၊ အဆိုနှင့်ပတ်သက်လို့စဉ်းစားရမယ့်အချက်ကိုတင်ပြတဲ့အပေါ်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားလည်းပေးဖို့လိုမယ်လို့

ယူဆပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက သဘောထားမှတ်ချက်ပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ဖြစ်ပါတယ်။ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ခန့်အပ်တာဝန်ပေးချက်အရ ပြည်ပမှာအလုပ်လုပ်ကိုင်နေတဲ့အလုပ်သမားများအတွက် ကြီးကြပ်ရေးကော်မတီတစ်ရပ်ကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများပါဝင်တဲ့အဖွဲ့ဝင် ၁၅ ဦးနဲ့ဖွဲ့စည်းထားရှိပါတယ်။ ဒီအဖွဲ့အနေနဲ့ ပြည်ပမှာလုပ်ကိုင်နေတဲ့အလုပ်သမားများရဲ့အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်နိုင်ဖို့ တစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံအများနှင့်သော်လည်းကောင်းပေါင်းစပ်ပြီးတော့မှ လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဖွဲ့အနေနဲ့လည်း ပြည်ပမှာအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများရဲ့အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်ဖို့အတွက် Oversea and Employment Policy ချမှတ်ထားတာရှိပါတယ်။ အဲ့ဒီတော့ ဒီ Oversea and Employment Policy အဓိကအားဖြင့် (၁) ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်နေတဲ့သူတွေအတွက် တရားဝင်လမ်းကြောင်းတွေဖွင့်ပြီးတော့ သွားလာမှုလွယ်ကူစေဖို့ (၂) ရွှေ့ပြောင်းအလုပ်သမားများရဲ့အခြေခံအခွင့်အရေးတွေရရှိစေဖို့၊ (၃) ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် ပတ်သက်ပြီးတော့မှ လုပ်ကိုင်ဆောင်ရွက်ရတဲ့ကုန်ကျစရိတ်တွေ အနည်းဆုံးဖြစ်စေဖို့၊ (၄) ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့ရဲ့မိသားစုများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေဖို့၊ (၅) ဒေသအတွင်းရွှေ့ပြောင်းသွားလာခြင်းကနေပြီးတော့ အတွေ့အကြုံတွေ၊ ကျွမ်းကျင်မှုတွေနှင့် အသိပညာတွေရရှိစေခြင်းဖြင့် ပြန်လည်မျှဝေပေးနိုင်ဖို့၊ (၆) ရွှေ့ပြောင်းသွားလာခြင်းဟာ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၏ ပေါင်းစည်းမှုတစ်စိတ်တစ်ဒေသ ဖြစ်စေခြင်းဆိုတဲ့ အချက်များကိုချမှတ်ထားခြင်းဖြစ်ပါတယ်။

ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တင်သွင်းသွားတဲ့အချက်မှာကတော့ ဒီ Oversea and Employment Policy ထက်ပိုမိုပြီးတော့မှ ကျယ်ပြန့်တဲ့ Migration Policy ဖြစ်ပါတယ်။ ဒီပေါ်လစီဟာဆိုလို့ရှိရင် လူကုန်ကူးခံရတဲ့ကိစ္စတွေအပါအဝင်နယ်စပ်က နည်းလမ်းတကျမဟုတ်ဘဲ ဖြတ်ကျော်သွားကြတဲ့လုပ်ငန်းတွေအပါအဝင် ဒီကိစ္စတွေအတွက်သက်ဆိုင်တဲ့ပေါ်လစီမျိုး

ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်ပအလုပ်အကိုင်ကြီးကြပ်ရေးကော်မတီအနေနဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းထက်များစွာကျယ်ပြန့်တဲ့ ကိစ္စလည်းဖြစ်ပါတယ်။ ဒီပေါ်လစီဟာ တခြားဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ အောင်မြင်စွာချမှတ်ဆောင်ရွက်ထားတာကိုလည်း ကျွန်တော်တို့တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီလို Migration Policy တစ်ရပ်ချမှတ်ခြင်းအတွက် ကန့်ကွက်စရာမရှိပါဘူးဆိုတဲ့အကြောင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ပွင့်ဖြူမဲဆန္ဒနယ်က ဒေါက်တာ အောင်မိုးညိုကဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ဆိုလို့ရှိရင် စဉ်းစားစရာအချက်က ကျွန်တော်ရလိုက်တာပြောမယ်ဆိုရင် ဘဝအာမခံချက်လုံခြုံမှုရှိရေးအတွက် ဒီဟာပေါ်မူတည်ပြီးတော့ စဉ်းစားဖို့လိုတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ ဒီနေရာမှာတော့ ဒီစကားလုံးရဲ့အဓိပ္ပာယ်ထက် ရည်ရွယ်ချက်ကိုပိုပြီးတော့ သဘောပိုထားရမယ့်သဘောရှိပါတယ်။ ဒါကြောင့်လည်း ခုနက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကရှင်းပြတဲ့နေရာမှာ မူလသဘောပြည့်စုံအောင် Migration Policy Migration Workers ကျွန်တော်တို့လူပြိန်းနားလည်အောင် ပြောရမယ်ဆိုရင်တော့ သူတို့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ပြည့်ပြည့်ဝဝဆောင်ရွက်ပေးဖို့ အဆိုတင်တယ်လို့ပဲယူဆပါတယ်။ ဒါကြောင့် အဆိုရဲ့ရည်ရွယ်ချက်ကိုအဓိကထားပြီးတော့ပဲ ဒီအဆိုကိုဆက်လက်ဆွေးနွေးသင့်၊ မဆွေးနွေးသင့်စဉ်းစားရမှာဖြစ်ပါတယ်။ ကျွန်တော်မေးပြီးပါပြီ။ သဘောတူပါသလား။ သုံးကြိမ်မေးပြီးပါပြီ။ သဘောမတူတဲ့သူရှိပါသလားဆိုတဲ့နေရာမှာ သဘောမတူတာတော့မဟုတ်ဘူး။ သို့ရာတွင် အဆိုနှင့်ပတ်သက်ပြီးတော့ စဉ်းစားဖို့လိုတယ်ဆိုတဲ့ သဘောသက်ရောက်ပါတယ်။ ဒါကြောင့်မို့လို ကျွန်တော်ထပ်ပြီးတော့ မေးပါမယ်။ လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကိုလက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးတဲ့အခါမှာ အဆိုရှင်ရဲ့အဓိပ္ပာယ်ဖော်ပြချက်ကိုရောက်အောင် ဆွေးနွေးပြီးတော့ အဲ့ဒီအဆိုမှာလည်း အဓိပ္ပာယ်သက်ရောက်စေတဲ့စကားလုံးပြန်လည်သုံးစွဲပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုရယူသွားဖို့လိုကြောင်းလည်း ထပ်လောင်းတင်ပြလိုပါတယ်။

## ဦးဖေဦး၊ ဟသ်ာတမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဟသ်ာတမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖေဦးတင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့်ရက်ထပ်မံကြေညာပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ ၁၀း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော ၂၀၁၂ ခုနှစ် တက္ကသိုလ် ပညာရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့်တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ၄-၇-၂၀၁၂ ရက်နေ့တွင် ပညာရေး မြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သော ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ပြင်ဆင်ချက်ပေါင်း ၆၆ ချက် ပေးပို့ ထားပါတယ်။ ထို့အပြင် အချို့ကိုယ်စားလှယ်များအနေဖြင့်လည်း ဥပဒေကြမ်းတစ်ခုလုံးကို သဘောမတူ ကန့်ကွက်ကြောင်းနဲ့ ခြုံငုံဆွေးနွေးလိုကြောင်း တင်ပြထားတာများလည်း ရှိပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးနှင့်စပ်လျဉ်းပြီး ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက သက်ဆိုင်ရာနည်းဥပဒေညွှန်းပြီးတော့ ကန့်ကွက်ကြောင်း ဖော်ပြထားပါတယ်။ ဒါကြောင့် ဒေါ်တင်နွယ်ဦးက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့တဲ့ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ကန့်ကွက်ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပညာရေးနဲ့ပတ်သက်ပြီးတော့ အခုအကြိမ်ဟာ တတိယအကြိမ်

ဖြစ်ပါတယ်။ ပထမဦးဆုံးအကြိမ်က ပညာရေးနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနက ဘာတွေ လုပ်နေလဲဆိုတဲ့ သိချင်တဲ့အတွက်ကြောင့် မေးခွန်းသုံးခု မေးခဲ့ဖူးတာပဲ။ အဲဒါကတော့ ၆-၉-၂၀၁၁ ပါ။ နောက်တစ်ခုက ပညာရေးဝန်ကြီးဌာနအနေနဲ့က ဘာလုပ်သင့်တယ်ဆိုတဲ့ ၁၅-၂-၂၀၁၂ ရက်နေ့က တက္ကသိုလ်များ Autonomous Body ဖွဲ့ဖို့ လိုအပ်တယ်လို့ အကြံပေးတိုက်တွန်းတဲ့ခေါင်းစဉ်နဲ့ တင်ပြခဲ့ဖူးပါတယ်။ အခုအခါကတော့ ကျွန်မ တတိယအကြိမ်မြောက် ဆွေးနွေးခွင့်ရတဲ့အတွက်ကြောင့် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ နည်းနည်းလေး ရှည်သွားလို့ရှိရင်လည်း သည်းခံပြီး နားထောင်ကြရန်လည်း ဦးစွာပထမ အနည်းငယ် တောင်းပန်လိုပါတယ်။ ပထမဦးဆုံး ကျွန်မ ပြောလိုတာကတော့ တက္ကသိုလ်ရဲ့အဓိပ္ပာယ်ကို အကျဉ်းအားဖြင့် ဖော်ပြလိုပါတယ်။ တက္ကသိုလ်ဆိုတာမှာ အထက်တန်းပညာရပ်များအား ဘွဲ့လွန်ပါရဂူမြောက်သင်ယူနိုင်ခြင်း၊ သုတေသနပြုလုပ်နိုင်ခြင်း၊ ပညာရပ်ဆိုင်ရာ သီအိုရီတွေနဲ့ တွေ့ရှိချက်တွေကို နှီးနှောဆွေးနွေးနိုင်ခြင်းစတဲ့ ပညာရှင်ကြီးငယ်မရွေး လေ့လာဆည်းပူးတဲ့ ဌာနကြီးကို ခေါ်တာဖြစ်ပါတယ်။ အဲဒီတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ပညာရှာမီးရာမှာ အရေးအကြီးဆုံးဖြစ်တဲ့ စိတ်ဓာတ်ခွန်အားရှိရန်မှာ မိမိရဲ့စိတ်ပါဝင်စားတဲ့ ပညာရပ်ကို လွတ်လပ်စွာ သင်ယူနိုင်ခွင့်ရှိဖို့ ဖြစ်ပါတယ်။ မိမိစိတ်ဝင်စားမှုမရှိတဲ့ပညာကို လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က အမေသော်လည်းကောင်း၊ အဖေသော်လည်းကောင်းကပေါ့နော်။ ဒါမှမဟုတ်ရင် အဖွဲ့အစည်းတစ်စုံတစ်ခုရဲ့ဆန္ဒ၊ ဒါမှမဟုတ်ရင် တစ်ယောက်ကနေပြီးတော့ ဖိအားပေးလို့ သင်ယူ ရခြင်းမဖြစ်စေရပါဘူး။ အဲဒီတော့ မိမိစိတ်ပါဝင်စားတဲ့ ပညာရပ်ကို သင်ယူခြင်းအားဖြင့် စိတ်ကူးဉာဏ်လည်း ကွန့်မြူးစေနိုင်မယ်။ ထူးချွန်ထက်မြက်တဲ့ပညာရှင်လည်း ပေါ်ထွန်းဖို့ မျှော်မှန်း နိုင်မှာဖြစ်ပါတယ်။ အဲဒါနောက်တစ်ချက် ပြောရမယ်ဆိုရင် လွတ်လပ်စွာ ပညာရှာမှီးခွင့်ရရှိတဲ့အတွက် ပညာရှာမှီးလိုသူ တိုးပွားလာစေနိုင်မယ်ဖြစ်တယ်။ ပြည်သူအများအတွက် သက်ဆိုင်တဲ့ ဒီမိုကရေစီ ပညာရေးတည်ဆောက်ရာလည်း ရောက်ပါတယ်။ နောက်တစ်ခု တက္ကသိုလ်ပညာရေးမှာ အထက်တန်း ပညာရပ်တွေကို လွတ်လပ်စွာ သင်ယူရှာမှီးခွင့် စိတ်ကြိုက်ဆည်းပူးနိုင်ခွင့်အများသူငှာ ပညာရှာမှီး နိုင်ရေး အားပေးတဲ့ပညာရေးမျိုး ဖြစ်ရမှာပါ။ တက္ကသိုလ် ပညာရေးကို မိမိနှစ်သက်ရာ ဘာသာရပ်ကို လွတ်လပ်စွာ သင်ယူနိုင်ခွင့်ရှိတဲ့ ပညာရေး (Liberal Education)၊ အများသူငှာ စိတ်ကြိုက် ပညာရှာမှီးနိုင်တဲ့ပညာရေး တစ်နည်းအားဖြင့် ဒီမိုကရေစီပညာရေးဖြစ်ပြီးတော့ ပထမဦးစွာ အထက်တန်းပညာတွေကို ပို့ချဆည်းပူးရန်ကိစ္စကတော့ ပညာ့ဗိမာန်ဖြစ်တဲ့ တက္ကသိုလ်တွေဖြစ်ပါ တယ်။ မိမိတက်ရောက်လိုတဲ့တက္ကသိုလ် တက်ဖို့အတွက်လည်း တက္ကသိုလ်ကိုယ်၌ကိုက အစိုးရနဲ့

ကင်းလွတ်တဲ့ လွတ်လပ်တဲ့ ကိုယ်ပိုင်စီမံခန့်ခွဲမှုရတဲ့ Autonomous Body ရှိတဲ့ အဖွဲ့အစည်းဖြစ်ရန် လိုအပ်ပါတယ်။ အဲဒီတော့ ဒီတက္ကသိုလ်တွေကို ကိုယ်ပိုင်အဖွဲ့အစည်းဖြစ်ဖို့အတွက်က အဓိက သုံးချက်လိုပါတယ်။ Administrative Autonomy ဆိုလို့ရှိရင် အုပ်ချုပ်ရေးဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုလိုတာကတော့ လူရယ်၊ ပစ္စည်း၊ အဆောက်အဦ၊ ဘဏ္ဍာငွေစတဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စတွေကို အစိုးရထိန်းချုပ်မှုမပါဘဲ တက္ကသိုလ်အဖွဲ့အစည်းအနေနဲ့ လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ဖြစ်ပါတယ်။ အထူးအားဖြင့် တက္ကသိုလ်တွေရဲ့ ဘဏ္ဍာငွေသုံးစွဲမှုကို နိုင်ငံတော်ဘတ်ဂျက်ကနေ ကျခံခြင်းမပြုဘဲနဲ့ သီးခြားရန်ပုံငွေထူထောင်ရန် စီမံခန့်ခွဲပေးရန် ဖြစ်ပါတယ်။ နံပါတ်(၂)အနေနဲ့ ကျတော့ Academic Autonomy အဲဒါက သင်ကြားရေးဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့် အဲဒီမှာ ကျတော့ တက္ကသိုလ်က သင်ကြားပို့ချမယ့် ပညာရပ်တွေနဲ့ သင်ရိုးညွှန်းတမ်းတွေ၊ သုတေသနလုပ်ငန်းတွေ၊ ချီးမြှင့်တဲ့ဘွဲ့၊ ဒီဂရီနဲ့ဂုဏ်ထူးဆောင်ဘွဲ့တွေ၊ နိုင်ငံတကာတက္ကသိုလ်တွေနဲ့ သင်ကြားရေးကိစ္စ၊ ဘာသာရပ်ဆိုင်ရာကိစ္စ၊ ဆရာနဲ့ကျောင်းသားများ၊ အလဲအလှယ်ကိစ္စ၊ သင်ကြားမှုတွေမှာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ပူးတွဲသင်တန်းအစီအစဉ်များ ပြုလုပ်ခြင်းကိစ္စစတာတို့မှာ တက္ကသိုလ်အဖွဲ့အစည်းက လွတ်လပ်စွာစီမံခန့်ခွဲမှုရှိရန် ဖြစ်ပါတယ်။ တတိယအနေနဲ့ ပြောရမယ်ဆိုရင် Disciplinary Autonomy ဖြစ်တဲ့ စည်းကမ်းထိန်းသိမ်းရေး လွတ်လပ်ခွင့် ဖြစ်ပါတယ်။ ကျောင်းတွင်းစာသင်ခန်းတွေ စာမေးပွဲ၊ ကျောင်းဆောင်၊ လူမှုရေးအဖွဲ့အစည်း၊ ကျောင်းသားသမဂ္ဂစတာတို့နဲ့ ပတ်သက်ပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို တက္ကသိုလ်ကနေပြီးတော့ လွတ်လပ်စွာ စီမံခန့်ခွဲခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဖော်ပြပါ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရတဲ့ တက္ကသိုလ်တွေဖြစ်ဖို့ဆိုတာ တက္ကသိုလ်တစ်ခုချင်းစီသော်လည်းကောင်း၊ နောက် အခြား ပိုမိုအဆင်ပြေမယ့် တစ်ခုထက်ပိုတဲ့လက်ရှိ တက္ကသိုလ်တွေကို လိုအပ်သလိုစုစည်းပြီးတော့ အင်အားတောင့်တင်းခိုင်မာပြီးတော့ ကြီးမားတဲ့ တက္ကသိုလ်ကြီးတွေ ထူထောင်ဖို့လိုအပ်လာပါတယ်။ အဲဒီတော့ တက္ကသိုလ်ကြီးများ ထူထောင်မယ် ဆိုတဲ့အခါမှာ လက်ရှိဗဟိုကနေ စုပေါင်းချုပ်ကိုင်တဲ့ ပုံစံမျိုးမဟုတ်ဘဲနဲ့ ဖွဲ့စည်းမယ့်တက္ကသိုလ်တွေ တစ်ခုချင်းစီအလိုက် ပြဋ္ဌာန်းဥပဒေ Statute Law တွေ ချမှတ်ပြဋ္ဌာန်းပေးရန် လိုအပ်လာပါတယ်။ အဲဒီတော့ အခုတင်သွင်းလာတဲ့ ဒီတက္ကသိုလ် ပညာရေးဥပဒေကြမ်းကကျတော့ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၃ ကနေစပြီး မြစ်ဖျားခံလာတာ ဖြစ်ပါတယ်။ အဲဒီအချိန်ကာလက နိုင်ငံရေးစနစ်ကိုအခြေပြုပြီး ရေးဆွဲထားတဲ့ဥပဒေဖြစ်တာကို သတိချပ်သင့်ပါတယ်။ အဲဒီတော့ ထိုစဉ်အခါကဆိုရင် ၁၉၇၄ Constitution အရ ဆိုရှယ်လစ်စနစ် အခြေပြု

အခြေခံဥပဒေနဲ့အညီ လိုက်လျောညီထွေဖြစ်ဖို့ ရည်ရွယ်ပြီးရေးဆွဲထားခဲ့တဲ့ ပညာရေးဥပဒေဖြစ်နေပါတယ်။ အဲဒီတော့ ဆိုရှယ်လစ်စနစ်အရ စီမံကိန်းစီးပွားရေးဖြစ်တဲ့အတွက် Central Plan Economy ဖြစ်တဲ့အတွက် အစိတ်အပိုင်းတစ်ရပ်ဖြစ်တဲ့ လူ့စွမ်းအားစီမံကိန်းအတွက် လိုအပ်တဲ့ပညာရှင်တွေ မွေးထုတ်ရေးရည်မှန်းချက်နဲ့ တက္ကသိုလ်ပညာရေးကို ပုံဖော်ပြီးတော့ ရေးဆွဲတာကို သတိပြုသင့်ပါတယ်။ အဲဒီတော့ ဒီပညာရေးစနစ်နဲ့ အကောင်အထည်ဖော်လာခဲ့တဲ့ တက္ကသိုလ်ပညာရေးဟာဆိုရင် ၁၉၇၅ ခုနှစ်ကစပြီး ယနေ့ကာလအထိ နိုင်ငံတကာစံချိန်မီ ပညာရေးအဆင့်အတန်းကနေပြီးတော့ တဖြည်းဖြည်းနဲ့ လျော့ချလာခဲ့တာ ဆင်ခြင်တုံတရားရှိတဲ့လူတွေ မငြင်းနိုင်ဘူးဆိုတာ အမှန်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ဆင်ခြင်တုံတရားရှိတဲ့လူတွေလို့ ယူဆပါတယ်။ နောက်တစ်ချက်က ဈေးကွက်စီးပွားရေးစနစ်၊ လူထုကို အခြေပြုတဲ့ ဒီမိုကရေစီနိုင်ငံရေးစနစ်နဲ့ လိုက်ဖက်ညီတဲ့ ပညာရေးမှာ လွတ်လပ်စွာသင်ယူခွင့်ရှိတဲ့ပညာရေး ခုနကျွန်မပြောခဲ့တဲ့ Liberal Education ဖြစ်ပါတယ်။ အများသူငါ စိတ်ကြိုက်သင်ယူနိုင်တဲ့ ဒီမိုကရေစီပညာရေးဖြစ်ကြောင်း ပြန်ပြောလိုပါတယ်။ အဲဒီတော့ အခု တင်သွင်းလာတဲ့ ဥပဒေကြမ်းကိုကြည့်မယ်ဆိုရင် နံပါတ်(၁)က တက္ကသိုလ်ကြီးကြပ်ရေးထက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်တဲ့ ဗဟိုကောင်စီ နောက်တစ်ခါ ပုဒ်မ ၁၀ အရ တက္ကသိုလ်စီမံခန့်ခွဲရေးထက် ပညာရေးဝန်ကြီးဌာနက တိုက်ရိုက်စီမံခန့်ခွဲတာ ပုဒ်မ ၉ ပုဒ်မခွဲ(ခ) တက္ကသိုလ်ပညာရေးအဖွဲ့ရဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်နေတယ်။ ပုဒ်မ ၁၃ တက္ကသိုလ်များ၏ ဘဏ္ဍာရေးအရအသုံးနဲ့ ပတ်သက်ပြီးတော့လည်း ပြည်ထောင်စုအစိုးရဌာနတွေလိုပဲ ကျခံသုံးစွဲနေတာ တွေ့ရပါမယ်။ အဲဒီတော့ တက္ကသိုလ်ဆိုတာ လွတ်လပ်တဲ့ ပညာရှာမှီးဆည်းပူးရာဌာန မဟုတ်တော့ဘဲနဲ့ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား ဗျူရိုကရေစီယန္တရားမှာပါဝင်တဲ့ ဌာနတစ်ခု ဖြစ်နေပါတယ်။ စင်စစ် ကျွန်မတင်ပြခဲ့တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်ဆိုတာ နိုင်ငံတကာတက္ကသိုလ်တွေ ကျင့်သုံးနေတဲ့နည်းလမ်းဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ ၁၉၂၀ ခုနှစ်က တည်ထောင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်၊ ၁၉၅၉ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ မန္တလေးတက္ကသိုလ် အသီးသီးကျင့်သုံးနေခဲ့တဲ့ မူဟောင်းတွေ ဖြစ်ပါတယ်။ အသစ်အဆန်းတီထွင်ပြီးတော့ ကျွန်မက တင်ပြနေတာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ နိုင်ငံရေးအပြောင်းအလဲတွေ အရှိန်အဟုန်ကြီးမားစွာ ပေါ်ထွန်းလာတဲ့ အချိန်မှာ နိုင်ငံရေးအပြောင်းအလဲနဲ့အညီ လိုက်လျောညီထွေဖြစ်ရမယ့် အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အပြောင်းအလဲ Intuitional Change တွေ တစ်ပါတည်း လုပ်ဆောင်ဖို့လိုအပ်

လာပါတယ်။ အဲဒီတော့ ပါတီစုံဒီမိုကရေစီစနစ်နဲ့အညီ လွှတ်တော်ပေါ်လာပြီးတော့ နိုင်ငံရေးအပြောင်းအလဲတွေဖြစ်လာတဲ့အချိန်မှာ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းတွေ အပြောင်းအလဲမပြုလုပ်ခဲ့ဖူးဆိုလို့ရှိရင် အထူးသဖြင့် အနာဂတ်မျိုးဆက်သစ်တွေရဲ့ အရည်အသွေးတွေ မြှင့်တင်ရေးမှာ အရေးပါတဲ့ တက္ကသိုလ်ပညာရေးဟာ ခေတ်ဟောင်းအတိုင်း ဆိုရှယ်လစ်စနစ်အတိုင်း ဆက်လက်သွားနေဦးမယ်ဆိုရင် နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်အေးချမ်းမှုအတွက် အန္တရာယ်ဖြစ်လာနိုင်ပါတယ်။ ဆိုရှယ်လစ်စနစ်တုန်းကလို Vocational Education ကို သွားနေမယ်ဆိုလျှင် လုံးဝမှားယွင်းသွားမှာ ဖြစ်ပါတယ်။ အခုအချိန်မှာပဲ AFTA, AEC အစီအစဉ်တွေ မကြာမီရလာတော့မယ့်အချိန်မှာ မြန်မာနိုင်ငံရဲ့ ပြိုင်နိုင်စွမ်းအားကို စိန်ခေါ်နေတဲ့အရည်အချင်းပြည့်တဲ့ လူ့စွမ်းအားတွေ အားနည်းနေတာကို မျက်ဝါးထင်ထင်တွေ့နေကြရပါတယ်။ ဒီကြောင့်မို့လို့ လူ့စွမ်းအားအားနည်းနေမှုကို တိုက်ဖျက်နိုင်တဲ့ တက္ကသိုလ်ပညာရေးအသစ် ကျွန်မတို့က ပြဋ္ဌာန်းဖို့လိုတဲ့အတွက် ယခုတင်ပြတဲ့ ပညာရေးတက္ကသိုလ်ဥပဒေကို လက်မခံသင့်ကြောင်းလည်း ပြောကြားလိုပါတယ်။ ထို့အပြင် မတ်လ ၁ ရက်နေ့ ပြီးခဲ့တဲ့ မတ်လ ၁ ရက်နေ့က နိုင်ငံတော်သမ္မတကြီးက တာဝန်ထမ်းဆောင် တစ်နှစ်ပြည့်ပြီဆိုပြီးတော့ ကျွန်မတို့ကို မိန့်ခွန်းပြောခဲ့ပါတယ်။ သမ္မတကြီးမိန့်ခွန်းကို ကျွန်မ နည်းနည်းလေး ဖတ်ပြပါမယ်။ တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်တဲ့နေရာမှာ ခေတ်စနစ်နဲ့ညီတဲ့ သင်ရိုးညွှန်းတမ်းတွေသာမက စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးကိုပါ ဒွန်တွဲဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကောလိပ်တက္ကသိုလ်တွေသာမက သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်တွေအားလုံးကို သက်ဆိုင်ရာဝန်ကြီးဌာနတွေအားလုံးရဲ့ ကွပ်ကဲမှုအောက်မှာ ရှိနေမှာဖြစ်ပေမယ့် တစ်ချိန်မှာ မိမိတက္ကသိုလ်နဲ့ မိမိအုပ်ချုပ်စီမံခန့်ခွဲပိုင်ခွင့်ရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ပြောခဲ့ပါတယ်။ နောက်တစ်ခါ အသိပညာအခြေခံတဲ့ စီးပွားရေးစနစ်ကို မျှော်မှန်းဆောင်ရွက်နေတဲ့ ကျွန်တော့်ရဲ့ အစိုးရအနေနဲ့ နိုင်ငံတကာတက္ကသိုလ်ကြီးတွေနဲ့ချိတ်ဆက်ပြီး ဆရာ၊ ဆရာမများရဲ့အရည်အချင်းကို မြှင့်တင်ရမှာဖြစ်သလို တက္ကသိုလ်ကြီးတွေရဲ့ အရည်အသွေးကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးသွားမှာဖြစ်ပါတယ်လို့ သမ္မတကြီးက ခိုင်ခိုင်မာမာနဲ့ ယုံယုံကြည်ကြည်ပြောသွားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ နိဂုံးချုပ်အားဖြင့်ပြောရမယ်ဆိုရင် အခု ကျွန်မ တင်ပြတဲ့အတိုင်း ဒီတက္ကသိုလ်ဥပဒေကြမ်း ကျွန်မတို့ကို တင်ပြထားသော တက္ကသိုလ်ဥပဒေကြမ်းကို ဤလွှတ်တော်က လက်မခံပယ်ချသင့်ပါကြောင်း နောက်ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလမ်းစဉ်နဲ့ အံဝင်ဂွင်ကျဖြစ်ပြီး အနာဂတ်ဖွံ့ဖြိုးရေးအတွက် အာမခံချက်ပေးနိုင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်

ခွင့်ရတက္ကသိုလ် Autonomous Body ပြန်လည်ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် လိုအပ်တဲ့ဥပဒေအသစ်ကို ပြဋ္ဌာန်းဖို့လိုအပ်လာပါပြီ။ ပညာရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ နားလည်ကျွမ်းကျင်မှုရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်တဲ့ တက္ကသိုလ်ပညာရေး၊ ပြုပြင်ပြောင်းလဲရေးကော်မရှင်တစ်ရပ်အား ဤလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးအပ်သင့်ကြောင်းနှင့် လေးစားစွာ တိုက်တွန်းလျက် ဤတက္ကသိုလ်ပညာရေးဥပဒေကြမ်းအား ကန့်ကွက်ပါကြောင်း ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒေါ်တင်နွယ်ဦးရဲ့ တင်ပြချက်က ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၅၇ နဲ့ ညီညွတ်ခြင်းမရှိဘူးလို့ ကျွန်တော်ယူဆပါတယ်။ နည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(က)မှာ ပြည်ထောင်စုအဖွဲ့က တင်သွင်းတဲ့ဥပဒေကြမ်း၊ လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းတဲ့ဥပဒေကြမ်း ဒါကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းတဲ့ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းရဲ့ (ခ)မှာကတော့ ဒီဟာနဲ့ပတ်သက်ရင် ဒီပြင်ဆင်မယ့်ဥပဒေကြမ်းကို ဆွေးနွေးရက်မတိုင်မီ ၃ ရက် ကြိုတင်ပို့ရပါမယ်။ ဒါပေမယ့် ဥက္ကဋ္ဌက သဘောတူရင် ဒီကာလအပိုင်းအခြားကိုပဲ လျှော့ပေးနိုင်ပါတယ်။ အခု ဒီပြင်ဆင်မှု သည် နည်းဥပဒေ ၁၅၇ နဲ့ မညီညွတ်ဘဲနဲ့ ဒီဥပဒေကြမ်းတစ်ခုလုံးကို ကန့်ကွက်လာတာဟာ ဒီဟာကို ခွင့်ပြုမယ်ဆိုရင် နောင်ကျွန်တော်တို့ လွှတ်တော်ရဲ့နည်းဥပဒေနဲ့ မကိုက်ညီတဲ့ ထုံးတမ်းစဉ်လာကို လက်ခံတဲ့သဘောတူတဲ့သဘော သက်ရောက်ပါမယ်။ ဒါကြောင့် ဒေါ်တင်နွယ်ဦးရဲ့ကန့်ကွက်ချက်ကို နည်းဥပဒေနဲ့ မညီတဲ့အတွက် ပယ်ချပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို လေးလေး နက်နက် တင်ပြလိုပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ကျွန်မက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၅၂ ပုဒ်မခွဲ(ဂ)အရ တင်ပြခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်မတင်ပြတဲ့ Procedure မှန်ကန်ပါကြောင်း ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီကိစ္စကို လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဆုံးဖြတ်ပေးပါ့မယ်။ အခု ဆက်လက်ပြီး ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့ကိုယ်စားလှယ်များအားလုံး ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်ဝကြပါစေ။ ပထမအကြိမ် ပြည်သူ့လွှတ်တော်

တတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံပညာရေးမြှင့်တင်နိုင်ဖို့အတွက်ကို အမျိုးသားတက္ကသိုလ်များ(National Universitys)များ ဖွင့်လှစ်တည်ထောင်ပြီးမှ ဆောင်ရွက်ဖို့ အဆိုတစ်ရပ် တင်သွင်းခဲ့ပါတယ်။ အလားတူပဲ အဲဒီတတိယအစည်းအဝေးမှာ ဒေါ်တင်နွယ်ဦးက လည်းပဲ ခုနက လွတ်လပ်တဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်တွေ Federal University တည်ထောင် နိုင်ဖို့အတွက်ကို တင်သွင်းခဲ့ပါတယ်။ အဆိုနှစ်ခုသည် ကျွန်တော်တို့ ဦးတည်ချက်၊ ရည်မှန်းချက် အတူတူဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီအဆိုနှစ်ခုကို မဲခွဲဆုံးဖြတ်တဲ့အခါမှာ အကြောင်းမလှစွာဘဲ အရေးနိမ့်ခဲ့ရပါတယ်။ အခု ဒေါ်တင်နွယ်ဦး ကန့်ကွက်တဲ့ဟာကို ကျွန်တော်က ဆက်လက်ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံများမှာ အမျိုးသားတက္ကသိုလ်၊ အစိုးရအဖွဲ့အစည်း များက ဖွင့်လှစ်တဲ့တက္ကသိုလ် ပုဂ္ဂလိကပိုင်တက္ကသိုလ်၊ ပုဂ္ဂလိကနဲ့ အစိုးရပူးပေါင်း ဖွင့်လှစ်တဲ့တက္ကသိုလ်၊ နိုင်ငံခြားတက္ကသိုလ်များနဲ့ ပူးတွဲဖွင့်လှစ်တဲ့တက္ကသိုလ် ဆိုပြီးတော့မှ တက္ကသိုလ်အမျိုးမျိုးရှိကြပါတယ်။ အစိုးရတက္ကသိုလ်အရေအတွက်ကတော့ ကမ္ဘာပေါ်မှာ အနည်းဆုံးဖြစ်ပါတယ်။ လူ့စွမ်းအားအရင်း အမြစ်ပြုစုပျိုးထောင်တဲ့နေရာမှာ တက္ကသိုလ်ပညာရေးသည် လွန်စွာအရေးကြီးလှပါတယ်။ တက္ကသိုလ် ပညာရေးစနစ်သည် ဒီမိုကရေစီကျင့်စဉ်နဲ့ လိုက်လျောညီထွေဖြစ်ပါမှ နိုင်ငံတကာအဆင့်မီတဲ့ အတတ်ပညာရှင်၊ အသိပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်မည်ဖြစ်ပြီးတော့ ဒီမိုကရေစီနိုင်ငံသစ်ကိုလည်းပဲ အောင်မြင်စွာ တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းလာတဲ့ တက္ကသိုလ်ပညာရေးဥပဒေကြမ်းဟာ ၁၉၇၃ ခုနှစ်ကာလ ဆိုရှယ်လစ်စနစ်ကို အထောက်အကူပြုတဲ့ဥပဒေကို ပြင်ဆင်မွမ်းမံထားတဲ့ ဥပဒေကြမ်းသာ ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ထိုဥပဒေကြမ်းသည် ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်နေတဲ့ ယနေ့ကာလနှင့် ဆီလျော်ဆက်စပ်မှုမရှိကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တက္ကသိုလ်များရဲ့ အုပ်ချုပ်ရေး၊ သင်ကြားရေး၊ ဘဏ္ဍာရေး၊ စည်းကမ်းထိန်းသိမ်းရေး အပါအဝင် အရေးအရာကိစ္စအားလုံးကို အစိုးရဥပဒေကြမ်းအရ ထိန်းချုပ်ထားသောကြောင့် ဖြစ်ပါ တယ်။ မြန်မာနိုင်ငံမှာ တက္ကသိုလ်များကို အစိုးရထိန်းချုပ်တဲ့ ဗျူရိုကရေစီယန္တရားပုံစံသွင်းခဲ့ သောကြောင့် တစ်ချိန်တုန်းက အာရှတိုက်မှာ အောင်မြင်ကျော်ကြားခဲ့တဲ့ မြန်မာနိုင်ငံပညာရေး အဆင့်အတန်းဟာ အနိမ့်ဆုံးအဆင့်ကို ရောက်နေခဲ့တာ နှစ်ပေါင်း ၅၀ ခန့် ကြာမြင့်ခဲ့ကြောင်း အားလုံးအသိပဲဖြစ်ပါယ်။ ဒါကြောင့်မို့လို့ နိုင်ငံတကာအဆင့်မီတဲ့၊ လွတ်လပ်တဲ့ ကိုယ်ပိုင်စီမံခွင့်ရ

တက္ကသိုလ်များ တည်ထောင်ဖို့ လိုအပ်နေပါတယ်။ အဲဒီလို တက္ကသိုလ်တွေဖြစ်ဖို့ဆိုရင် (၁) လွတ်လပ်တဲ့ တက္ကသိုလ်ကောင်စီဖွဲ့စည်းပြီးတော့မှ လွတ်လပ်စွာ စီမံအုပ်ချုပ်ခွင့်ပြုရမှာဖြစ်ပါတယ်။ အဲဒီတက္ကသိုလ်ကောင်စီများမှာ ခုနက ပညာရေးနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများပါရန် မသင့်ပါဘူး။ အနိမ့်ဆုံးညွှန်ကြားရေးမှူးချုပ်အဆင့်သာ တက္ကသိုလ်ကောင်စီမှာ အဖွဲ့ဝင်အဖြစ်နဲ့ပါဝင်ရမှာ ဖြစ်ပါတယ်။ အဲဒီတက္ကသိုလ်မှာ စီမံအုပ်ချုပ်နေတဲ့ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အငြိမ်းစားပညာရှင်ကြီးများက ဒီတက္ကသိုလ်ကောင်စီကို ဦးစီးပြီးမှ စီမံခန့်ခွဲသွားဖို့ ဖြစ်ပါတယ်။ (၂)အချက်အနေနဲ့ လွတ်လပ်တဲ့သင်ကြားရေးမဟာဌာနကြီးများ ဖွဲ့စည်းပြီးတော့မှ သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများကို ရေးဆွဲပြီးတော့မှ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီ အစဉ်ပြုပြင်ရေးဆွဲ ပြဋ္ဌာန်းသွားရမှာ ဖြစ်ပါတယ်။ (၃)အချက်အနေနဲ့ နိုင်ငံတော်အစိုးရနဲ့ လွတ်လပ်စွာ ဆက်သွယ်ခွင့်၊ အထောက်အပံ့ရယူခွင့်လည်း ပြုရမှာဖြစ်ပါတယ်။ (၄)အချက်အနေနဲ့ အခြားနည်းလမ်းများဖြင့် လွတ်လပ်စွာ ရန်ပုံငွေရှာဖွေခွင့်၊ သုံးစွဲခွင့်ပြုရမှာ ဖြစ်ပါတယ်။ (၅) အချက်အနေနဲ့ နိုင်ငံခြားသားပညာရှင်များ သင်ကြားရေးဆရာများကိုလည်း လွတ်လပ်စွာငှားရမ်း ခုနတာဝန်ပေးခွင့် ပြုရမှာဖြစ်ပါတယ်။ (၆)အချက်အနေနဲ့ နိုင်ငံခြားသားကျောင်းသားများကိုလည်းပဲ လက်ခံသင်ကြားခွင့် ပြုရမှာ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက မြန်မာနိုင်ငံရဲ့ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေမှာ တောင်အာရှဒေသရဲ့ ကျောင်းသားတွေလာတက်ခဲ့တာလည်း ပြန်ပြောင်းမှတ်မိကြမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က တက္ကသိုလ်ရဲ့နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတို့ကို တက္ကသိုလ်ကောင်စီက လွတ်လပ်စွာ ရေးဆွဲဆောင်ရွက်ခွင့်ပြုရမှာ ဖြစ်ပါတယ်။ (၇)အချက်အနေနဲ့ ကျောင်းသူကျောင်းသား အဆောင်တွေ၊ Hostel တွေပါဝင်တဲ့ Residential University ပုံစံ တည်ထောင်ခွင့်ပြုရမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဆောင်နဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် အကျဉ်းချုပ်တင်ပြလိုပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်မှစပြီးတော့မှ ကျွန်တော်တို့ မြန်မာနိုင်ငံတက္ကသိုလ်တွေမှာ အဆောင်စနစ်ကို ဖျက်သိမ်းခဲ့ပါတယ်။ အဲဒီလို ဖျက်သိမ်းခဲ့တာကြောင့် ငွေကြေးတတ်နိုင်တဲ့သူတွေ မိဘများရဲ့ကျောင်းသားကျောင်းသူများကတော့ အိမ်နားနီးချင်း စင်္ကာပူ၊ ထိုင်း၊ ဘန်ကောက်တို့လို တက္ကသိုလ်တွေမှာ သွားတက်ကြပါတယ်။ အဲဒီထက် ပိုတတ်နိုင်တဲ့သူကတော့ ဥရောပတက္ကသိုလ်များ၊ အမေရိက တက္ကသိုလ်များအထိ သွားရောက်တက်ကြပါတယ်။ သို့သော် မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်း ခန့်ကတော့ ဆင်းရဲတဲ့ကျေးလက်နေ တောင်သူလယ်သမားနဲ့ လက်လုပ်လက်စားများ ဖြစ်ကြပါတယ်။ ဆင်းရဲတဲ့မိဘများကလာတဲ့ ကျောင်းသားများကတော့ အဲဒီလို နိုင်ငံခြားမှာသွားနေတဲ့ အခွင့်အလမ်း

မရှိခဲ့ပါဘူး။ မရှိတဲ့အခါကြတော့ တက္ကသိုလ်နဲ့ မလှမ်းမကမ်းအတွင်းမှာရှိတဲ့ ရပ်ကွက်အတွင်းမှာရှိတဲ့ ရပ်ကွက်ကြို ရပ်ကွက်ကြားမှာရှိတဲ့ အိမ်ငယ်လေးများ၊ အခန်းငယ်လေးများမှာ သုံးယောက်၊ လေးယောက်ပေါင်းပြီးမှ အခန်းငှားနေရပါတယ်။ ပြီးတော့ ကိုယ်တိုင် ချက်ပြုတ်စားရပါတယ်။ အဲဒီအခါမှာ ရပ်ကွက်အတွင်းမှာရှိတဲ့ ခုနက ဆိုးသွမ်းလူငယ်တွေရဲ့ ထိပါးနှောင့်ယှက်စော်ကားမှုမျိုးကိုလည်း ကြုံတွေ့နေကြောင်း သတင်းများကြားရပါတယ်။ အထူးသဖြင့် ကျောင်းသူများဆိုလို့ရှိရင် သိမ်သိမ်ငယ်ငယ် ညှိုးညှိုးငယ်ငယ်နဲ့ ဒါဟာ ပညာသင်ကြရပါတယ်။ အဲဒီလို သိမ်သိမ်ငယ်ငယ်နဲ့ ပညာသင်ကြားလာရတဲ့ ကျောင်းသားကျောင်းသူတွေ ဘွဲ့ရလာတဲ့အခါမှာ သူတို့ရဲ့ စိတ်ဓာတ်ကလည်း မြင့်မားလာနိုင်မည်မဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိကြတဲ့အတိုင်းပဲ တက္ကသိုလ်ကျောင်းသားဘဝဆိုတာ ရွှေရောင်လွှမ်းတဲ့ကာလ ဖြစ်ပါတယ်။ အတက်အကြွဆုံး၊ အလန်းဆန်းဆုံး၊ အပျော်ရွှင်ဆုံးကာလဖြစ်ပါတယ်။ အဲဒီကာလမှာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားရယ်လို့ ရင်ကော့မနေနိုင်ဘဲနဲ့ ရပ်ကွက်ထဲမှာ သိမ်သိမ်ငယ်ငယ်နေရတဲ့ဘဝဟာ ကနေ့ အဆုံးသတ်သင့်ပါပြီ။ ဒါကြောင့်မို့လို့ ပိတ်ထားတဲ့ တက္ကသိုလ်အဆောင်များကိုလည်း ပြန်လည်ဖွင့်ပေး သင့်ပါပြီ။ အကယ်၍ အဲဒီအဆောင်များမှာ တရားမဝင် နေထိုင်မှုများရှိခဲ့လို့ဆိုရင်လည်းပဲ တရားဝင်ဖြစ်အောင်ပြောင်းဖြစ်အောင် ဒါဟာ စီမံသင့်ပါပြီဆိုတာ တင်ပြလိုပါတယ်။ ဒီနေရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကာလအတွင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံတက္ကသိုလ်များကို နိုင်ငံရေးဆူပူအုံကြွရာဌာနများဖြစ်တဲ့ ယခင်အစိုးရအဆက်ဆက်က ရှုမြင်ခဲ့ကြပါတယ်။ အဲဒီဖြစ်ရပ်တွေမှာ တက္ကသိုလ်ပညာရေးနယ်ပယ်သို့ နိုင်ငံရေးဝင်ရောက်စွက်ဖက်ခဲ့သောကြောင့် ဖြစ်ပါတယ်။ ယနေ့ စတင်နေတဲ့ဒီမိုကရေစီခေတ်မှာ နိုင်ငံရေးပါတီများ မကြာခဏပြောင်းလဲနေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပါတီနိုင်ငံရေး လုပ်ဆောင်မှုများ တက္ကသိုလ်နယ်မြေကို ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးခြင်းမပြုနိုင်ဖို့လည်း လိုအပ်တဲ့ နည်းဥပဒေများနဲ့ တားမြစ်သွားဖို့ လိုအပ်ပါတယ်။ တစ်နည်းအားဖြင့်တော့ ပါတီနိုင်ငံရေးကင်းရှင်းတဲ့ တက္ကသိုလ်ပညာရေးစနစ်ဖြစ်အောင် တည်ထောင်ဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့မှ သင်ကြားမှုပုံစံကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ သင်ကြားမယ့်ပုံစံနဲ့ဘာသာရပ် ရွေးချယ်မှုဟာ ကျွန်တော်တို့ နှစ်တိုနှစ်ရှည်နိုင်ငံတော်က ချမှတ်ထားတဲ့ အမျိုးသားစီမံကိန်းများရဲ့မူဝါဒများနဲ့ ကိုက်ညီဖို့ လိုက်လျောညီထွေဖို့လိုအပ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံထားတဲ့ စက်မှုနိုင်ငံအဖြစ်တည်ထောင်ဖို့ ရည်မှန်းဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အဆင့်မြင့်တဲ့ပညာတွေ လက်တွေ့အသုံးချနိုင်တဲ့ပညာတွေ စိုက်ပျိုးရေးကို

အခြေခံတဲ့ သုတေသနလုပ်ငန်းတွေကို ဖွံ့ဖြိုးအောင် ဦးစားပေးသင်ကြားဖို့ လိုအပ်ပါတယ်။ နောက် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ အဆင့်ဆင့်ထွန်းကားလာဖို့ အတွက်ကိုလည်းပဲ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ အားပေးဖို့လိုအပ်ပါတယ်။ FDI Policy အရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာတဲ့အခါမှာလည်းပဲ ခုနက နည်းပညာရရှိနိုင်မယ့် နောက်အလုပ်အကိုင် အခွင့်အလမ်းများစွာရရှိနိုင်မယ့် စက်မှုလုပ်ငန်းများကို ဦးစားပေးခွင့်ပြုသင့်ကြောင်းလည်း အကြံပြု တင်ပြလိုပါတယ်။ ဒီနေရာမှာ တက္ကသိုလ်များအနေနဲ့ ပြင်ပနယ်ပယ်အသီးသီးနဲ့ ချိတ်ဆက်ပြီးတော့မှ စာတွေ့၊ လက်တွေ့ ဟန်ချက်ညီအောင် စီမံဖို့လည်း လိုအပ်ပါတယ်။ ဥပမာအားဖြင့် စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များသည် စက်မှုဇုန်များနှင့်လည်းကောင်း၊ စီးပွားရေးတက္ကသိုလ်များသည် ဘဏ်များ၊ စီးပွားရေးလုပ်ငန်းများ နောင်ဖြစ်ပေါ်လာမယ့် Stock Share ဈေးကွက်များနဲ့ လည်းကောင်း၊ ဆေးတက္ကသိုလ်များသည် ဆေးရုံများ၊ ကျန်းမာရေးအဖွဲ့အစည်းများနှင့်လည်းကောင်း ချိတ်ဆက်ပြီးမှ ထိရောက်အောင် သင်ကြားနိုင်တဲ့စနစ်ကို စီမံဖန်တီးထားဖို့ လိုအပ်ပါတယ်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ရှည်လျား လှပြီးတော့မှ အထီးကျန်ဆန်လှတဲ့ အပယ်ခံသမိုင်းကြောင်းကနေ ရုန်းကန်ထွက်ပေါ်လာရတဲ့ အခြေအနေဖြစ်ပါတယ်။ လွန်ခဲ့သော နှစ် ၅၀ က စံချိန်စံနှုန်းတွေနဲ့ လွန်စွာကွဲပြားခြားနားတဲ့စံနှုန်း များဖြင့် ဒီကနေ့ ပတ်ဝန်းကျင်သစ်၊ ကမ္ဘာသစ်ထဲကို စတင်ဝင်ရောက်နေပြီဖြစ်ပါတယ်။ ဒီကာလမျိုးမှာ တင်သွင်းလာတဲ့ တက္ကသိုလ်ပညာရေးဥပဒေကြမ်းဟာ ခေတ်စနစ်တို့နဲ့ အံဝင်ဆီလျော်မှုမရှိပါကြောင်း အလေးအနက်တင်ပြလိုပါတယ်။ ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်မှု အပြောင်းအလဲတွေနဲ့ အံဝင်ဆီလျော်မယ့် လွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်များ ပေါ်ထွန်းလာရေးအတွက် လိုအပ်သော ဥပဒေအသစ်များ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ပါရန် အလေးအနက် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တက္ကသိုလ်ပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အထူးစိတ်ဝင်စားတဲ့ ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်(ကော့မှူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မက ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူး မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။ ဒီတက္ကသိုလ်

ပညာရေးဥပဒေကြမ်းကို အင်မတန်မှ စိတ်ဝင်စားခဲ့တာကြောင့်မို့လို့ လွှတ်တော်ကို စပြီးတက်ကတည်း ကနေပြီးတော့ ဥက္ကဋ္ဌကြီးကို ပြည်သူ့လွှတ်တော်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)အရရော၊ ပြည်သူ့ လွှတ်တော်နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(င)အရ တင်သွင်းခဲ့ပါတယ်။ ဒါကတော့ အဲဒီ နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(င)ကတော့ ဥပဒေကြမ်းတစ်ခုကို မည်သည့်အဆင့်မှာ ရောက်နေစေကာမူ သဘော တူညီချက်နဲ့ ဥပဒေကြမ်းကို ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပေးရန်ကို အဆိုတင်သွင်းဖို့ရာ လျှောက်ခဲ့ပါ တယ်။ အဲဒီအခါတုန်းက လွှတ်တော်ရုံးကနေပြီးတော့ ဒီဥပဒေကို တင်သွင်းခဲ့တာကလည်း ကြာပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆွေးနွေးချင်တာတွေရှိလို့ရှိရင် ပြင်ဆင်ချက်ဇယားအရပဲ တင်သွင်း ပြီးတော့ ပြောပါဆိုပြီးတော့ အကြောင်းကြားခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မကလည်း ဒီပြင်ဆင်ချက်အရ တတ်နိုင်သလောက် ပြင်ဆင်ချင်တဲ့ အပိုင်းတွေကို ပြင်ဆင်ပြီးတော့ ပြောခဲ့ပါတယ်။ ဒါပေမယ့် ဒါဟာမလုံလောက်ပါဘူး။ ကျွန်မတို့အနေနဲ့ တက္ကသိုလ်ပညာရေးနှင့်ပတ်သက်လို့ အများကြီးပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချင်ပါတယ်။ ဒါပေမယ့် ပြည်သူ့လွှတ်တော်ရုံး ကနေပြီးတော့ ဒါဟာဆွေးနွေးဖို့ဟာ နောက်ကျသွားပြီလို့ ပြောတဲ့အတွက်ကြောင့်မို့လို့ ဆွေးနွေးခွင့် မရခဲ့ပါဘူး။ ဒီလိုပဲ ဇယားအရ တင်သွင်းခဲ့ပါတယ်။ ရှေ့က လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးပြောသွား တဲ့အတိုင်းပဲ ဒီဥပဒေတစ်ခုလုံးကို ပြန်လည်ပြီးတော့ သုံးသပ်ပြီးတော့ ဆွေးနွေးသင့်တယ်လို့ ယုံကြည် ပါတယ်။ အဲဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ ပြည်သူ့လွှတ်တော်ဥပဒေတွေအရ၊ နည်းဥပဒေတွေအရ ဖြစ်နိုင်တယ်ဆိုလို့ရှိရင် ဒီဥပဒေကြမ်း တစ်ခုလုံးကို ပြန်လည်ဆွေးနွေးပြီးတော့ ဒီနိုင်ငံနဲ့ ဒီကာလနဲ့ ဒီကမ္ဘာကြီးနဲ့ ပိုပြီးတော့ သင့်တော်မယ့် ဥပဒေကြမ်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် လုပ်ဆောင်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါ တယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကွန်းမဲဆန္ဒနယ်)**။ ။ နည်းဥပဒေ ၁၅၇ ကို ကျွန်တော်ပြောပြီးပြီ။ အခု နည်းဥပဒေ ၁၅၈ မှာ ဒေါ်အောင်ဆန်းစုကြည် တင်ပြတဲ့အချက်ကို ကျွန်တော်တို့ လွှတ်တော်က အကောင်အထည်ဖော်ပေးမယ်ဆိုရင် နည်းဥပဒေ ၁၅၈ အရ ဒီအခု တင်သွင်းထားတဲ့ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေကို ရွှေ့ဆိုင်းပေးဖို့အဆိုတင်သွင်းရပါမယ်။ နောက် ဒေါ်အောင်ဆန်းစုကြည် တင်ပြတဲ့အချက်ကို ဆောင်ရွက်မယ်ဆိုရင် ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေကြမ်းကို ဥက္ကဋ္ဌကြီးရဲ့သဘောတူညီချက်ရမယ်ဆိုလို့ရှိရင် ရွှေ့ဆိုင်းပေးဖို့ ကျွန်တော် အဆိုတင်သွင်းပါတယ်။ နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(င)အရ တင်သွင်းပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုပညာရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ ယနေ့လုပ်ဆောင်ချက်နှင့်သဘောထားကို လွှတ်တော်ကို တင်ပြပေးပါ။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ပဏာမအနေနဲ့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ တက္ကသိုလ်တွေနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီလည်း ရှိနေပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီလည်းရှိပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတာလည်း ကန့်ကွက်ရန် အထူးအထွေမရှိပါဘူး။ ကျွန်တော်နည်းနည်း ပါးပါးတင်ပြခွင့်ပြုပေးပါ။ ဆိုလိုတာကတော့ Private School နှင့် ပတ်သက်ပြီးတော့ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေလည်းထွက်ပြီ။ နည်းဥပဒေလည်းရလို့ ဒီနေ့ပဲ ကျွန်တော်တို့က သင့်တော်တဲ့ကျောင်းတွေကို ရွေးချယ်ပြီးပါပြီ။ အဲဒါကို Private School အနေနဲ့ ဒါ ၂၀၁၂ ထဲမှာ အကောင်အထည်ဖော်ပြီလို့ ပြောလို့ရပါတယ်။ နောက်တစ်ခါ မကြာသေးမီသော တစ်ပတ်လောက်ကပဲ ရှေ့နေချုပ်ရုံးကို ကိုယ်ပိုင်တက္ကသိုလ်၊ ကောလိပ်များရဲ့ ဥပဒေမူကြမ်း Draft ကိုပို့ထားပြီး ဖြစ်ပါတယ်။ အဲဒီအတွက်လည်း မကြာခင်မှာပဲ ရှေ့နေချုပ်ရုံးရဲ့ ခွင့်ပြုချက်ရလို့ရှိရင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုချက်ရယူပြီးတော့ ၂၀၁၃ ခုနှစ်ကို Private University အစပျိုးဖို့ Plan ဆွဲပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားအရဆိုရင်တော့ တက္ကသိုလ်တွေကလည်း ဝန်ကြီးဌာန ၁၂ ခု အောက်မှာ တက္ကသိုလ်ပေါင်း ၁၆၅ ခု ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအောက်တွင်ကိုက တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်း ၆၄ ခု ရှိနေပါတယ်။ အဲဒီအနေအထားကလည်း တခြားနဲ့မတူတဲ့အနေအထား ဖြစ်ပါတယ်။ နောက်တစ်ခါ ဒေါ်တင်နွယ်ဦး ပြောသလိုပဲ Autonomous University ဖြစ်ဖို့လည်း မကြာတော့ပါဘူး။ နောက် သူရဦးအောင်ကို ဆွေးနွေးခဲ့သလိုပဲ National University ဖြစ်ဖို့လည်း သိပ်အလှမ်းမဝေးတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်တက္ကသိုလ်ကို AUN နဲ့ ချိတ်ဆက်ထားပါတယ်။ နောက် AUN Senate နဲ့လည်း ကျွန်တော်တို့က Partner University အနေနဲ့ လုပ်ထားပါပြီ။ နောက်မကြာခင်သောကာလမှာပဲ ဂျွန်ဟော့ကန် University အမေရိကန်နဲ့ ရန်ကုန်တက္ကသိုလ်နဲ့ Partner University ဖြစ်ဖို့အတွက် သဘောတူပြီးဖြစ်ပါတယ်။ Same Language Excellent နေရာယူပြီးဖြစ်ပါတယ်။ သိပ္ပံခန်းမကြီးကိုလည်း Renovation လုပ်နေပါပြီ။ ပထမဆုံး phase one ကတော့ ဘာလုပ်မယ်ဆိုရင် Social Science ပေါ့၊

ကျွန်တော်တို့နိုင်ငံမှာ Law နှင့်ပတ်သက်ပြီးတော့ တွေ့ကြုံရင့်ကျက်ပြီးတော့ နိုင်ငံတကာအတွေ့အကြုံ ရှိတဲ့ ပညာရှင်ရှားပါးလာတဲ့အတွက်ကြောင့်မို့လို့ ပထမ Law ကို ကျွန်တော်တို့က International Law, Civil Law, Labour Law နှင့် ပတ်သက်ပြီးတော့ ဒီတက္ကသိုလ်ကို Long Term ပေါ့၊ Scholar တွေကို မြုပ်နှံပါမယ်။ နောက် Administration နှင့်ပတ်သက်ပြီးတော့ အတွေ့အကြုံရအောင် သူတို့က တစ်နှစ်ကို ၂ ကြိမ်၊ တစ်ကြိမ်ကို ၂ ပတ် ကျွန်တော်တို့နိုင်ငံကို လာရောက်ပြီးတော့ သူတို့ပို့ချပါမယ်။ ဆွေးနွေးကြပါမယ်။ နောက်တစ်ခါ Clinical psychology ဆိုတာ အင်မတန်ရှားပါးနေပါတယ်။ Clinic မှာ မရှိပါဘူး။ Social Science, psychology, IR, Political Science ကျွန်တော်တို့က ဒီ Socialist Political Science နဲ့ အသားကျနေတာ ဖြစ်ပါတယ်။ အဲဒါတွေလည်း အကူအညီ အများကြီးပေးဖို့မျှော်လင့်ထားပါတယ်။ သူတို့ကလည်း အကြိမ်ပေါင်း ၁၅ ကြိမ်လောက် ရှိသွားပါပြီ။ ကျွန်တော်နဲ့ အဖွဲ့တွေလည်း တွေ့တာတွေ ရှိပါတယ်။ နောက်တစ်ခါ စီးပွားရေးတက္ကသိုလ်နဲ့ AUN ကိုလည်း Member ဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်နဲ့ ပြင်သစ်က မောင့်ဖဲလားတူးတက္ကသိုလ်ရယ်၊ လိုင်းယွန်းတူးတက္ကသိုလ်ရယ် ကျွန်တော်တို့က Partner University ချိတ်ဆက်ထားပါတယ်။ Phase one ကတော့ ကျွန်တော်တို့ Biodiversity နဲ့ နောက်တစ်ခါ Tourism Management ဟာတွေကို သူတို့လာပြီးတော့ ဘတ်ဂျက်လည်းကျနေပြီလို့ ပြောပါတယ်။ EC ကနေပြီးတော့။ နောက်တစ်ခါ ပုသိမ်တက္ကသိုလ်နဲ့ မောင့်ဖဲလားတူးတက္ကသိုလ်နဲ့ ကျွန်တော်တို့က Bio-Technology နဲ့ပတ်သက်တဲ့ Joint Desert Program တွေ MOU ထိုးပါတော့မယ်။ ဟိုတစ်နေ့က အိန္ဒိယကဝန်ကြီးချုပ်လာ သွားသောအခါမှာ ဒဂုံတက္ကသိုလ်နှင့် ကာလကတ္တားတက္ကသိုလ်တို့ရဲ့ MOU Agreement လည်းရပြီး ဖြစ်ပါတယ်။ လောလောဆယ်လည်း ကိုရီးယား University တို့ ဂျပန်က တိုကျိုတို့ အဲဒီတက္ကသိုလ် တွေနဲ့ ကျွန်တော်တို့ တက္ကသိုလ် တချို့နဲ့လည်း ကျွန်တော်တို့ချိတ်ဆက်ပြီးတော့ Update လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ နောက်တစ်ခါ အခြေခံနဲ့ပတ်သက်လို့လည်း Child Centre Approach ကျွန်တော်တို့ အခုဟာ Teacher Centre Approach ဆိုပြီးတော့ ကလေးတွေဟာ ဆရာ ဆရာမ ခိုင်းတာပဲလုပ်ပြီးတော့ Critical Thinking ဘာမှမရှိဘူး ဖြစ်နေပါတယ်။ ဒါအမှန်တိုင်းဝန်ခံပါတယ်။ ဒါကြောင့်မို့ UNICEF အကူအညီရယ်၊ JICA အကူအညီရယ်နဲ့ ဆရာ ဆရာမ တွေကို Child Centre Approach နဲ့သွားအောင် ကျွန်တော်တို့ မွေးထုတ်နေပါတယ်။ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ တစ်ပြည်လုံးလွှမ်းခြုံပါလိမ့်မယ်။ ASEAN Level Phase One အနေနဲ့ အာဆီယံနှင့်ညီအောင် **ဆေးလဗားဆိုဒ်ကူလန်** တွေကို ကျွန်တော်တို့မှာ ဒုတိယဝန်ကြီး ၃ ပါး

ဖြစ်နေပါတယ်။ နောက်တစ်ပါးကို Training အနေနဲ့ ပတ်သက်တာရယ်၊ နောက်တစ်ခါ ASEAN Level နဲ့ ညီလို့ရအောင် Faculty ကျွန်တော်တို့ ဖွံ့ရပါတော့မယ်။ ဒါမှ ကျွန်တော်တို့က Faculty Exchange Program တွေ၊ Credit Transfer Program တွေ လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူရဦးအောင်ကိုနှင့် ဒေါ်တင်နွယ်ဦးတို့က မကြာခင် ကျွန်တော်တို့တက္ကသိုလ်တွေဟာ National University လည်း ရောက်လာပါလိမ့်မယ်။ Private University ဆိုရင် နိုင်ငံတော်က ဘာမှ Subsidize လုပ်စရာမလိုဘဲနဲ့ ဒါလည်း ၃ မျိုးခွဲထားပါတယ်။ တစ်မျိုးက ဘာလဲဆိုရင် တိုင်းရင်းသားတွေ Invest လုပ်မယ့်ဟာ သက်သက်ရှိတယ်။ နိုင်ငံခြားသားနဲ့ တိုင်းရင်းသားနဲ့ Joint ဖွင့်မယ့်ဟာရှိသလို FDI Direct ဟာလည်း ကျွန်တော်တို့က ဥပဒေကြမ်းမှာရေးထားပါတယ်။ ဒါတွေဖြစ်လာလို့ရှိရင်လည်း Autonomous University တို့၊ ရန်ကုန်တို့၊ မန္တလေးတို့၊ ဒီရန်ကုန်စီးပွားရေးတက္ကသိုလ်တို့၊ ပုသိမ်တက္ကသိုလ်တို့၊ ကျန်တဲ့တက္ကသိုလ်ကြီးတွေကိုလည်း Autonomous University တို့၊ National University တို့ Level မီအောင် ကြိုးစားပါမယ်။ အားလုံးလေးစားပါတယ်။ (သြဘာသံများ)

**ဒေါ်အောင်ဆန်းစုကြည်(ကော့မှူးမဲဆန္ဒနယ်)**။ ။ ကျွန်မအနည်းငယ် ပြောကြားခွင့်ပြုပါ။ ခုနက သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ရှင်းပြသွားတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အဓိက ခုနက ကိုယ်စားလှယ်နှစ်ဦးပြောသွားတဲ့အချက်နှင့် ကျွန်မပြင်ထားတဲ့အချက်တွေဟာ အခု မြန်မာနိုင်ငံကတက္ကသိုလ်တွေဟာ နိုင်ငံခြားတက္ကသိုလ်တွေနဲ့ဆက်သွယ်ရေးကို အဓိကထားပြီးတော့ ပြောတာမဟုတ်ပါဘူး။ တက္ကသိုလ်များရဲ့လွတ်လပ်စွာလုပ်ပိုင်ခွင့်ကိုပြောတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တက္ကသိုလ်အသီးသီးရဲ့ လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိဖို့အတွက် ပညာရေးဝန်ကြီးဌာနရဲ့ သြဇာအာဏာလျှော့ချရေးကို ကျွန်မတို့အဓိကထားပြီးတော့ ပြောတာလို့နားလည်ပါတယ်။ စောစောက ကိုယ်စားလှယ်နှစ်ယောက်ကလည်း ဒီအတိုင်းပဲပြောသွားတာပါ။ ကျွန်မရဲ့ရည်ရွယ်ချက်တွေကလည်း ဒီလိုပဲဖြစ်ပါတယ်။ ဒီတော့ဘယ်လိုပဲ နိုင်ငံခြားတက္ကသိုလ်တွေနဲ့ဆက်သွယ်နေ ဆက်သွယ်နေ ဒီဆက်သွယ်မှုအားလုံးကို ပညာရေးဝန်ကြီးဌာနကနေပြီးတော့ အုပ်စီးထားမယ်ဆိုလို့ရှိရင် ခေတ်နှင့်ဆီလျော်တဲ့ လွတ်လပ်တဲ့တက္ကသိုလ်တွေ မပေါ်လာနိုင်ဘူးလို့ ထင်တဲ့အကြောင်းကို ကျွန်မက လေးစားစွာ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလို ဒေါ်တင်နွယ်ဦးခဏလေး ကျွန်တော်ပြောတာနားထောင်ကြည့်။ ဒီအတိုင်းပဲ ဦးသိန်းညွှန့်တို့လည်း နားထောင်ကြည့် ခဏခဏ မိုက်တောင်းနေတယ်။ အခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီပီ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး

ရည်မျှော်ပြီးတော့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များကို အင်မတန်မှလေးစားကြောင်း ကျွန်တော့်အနေနဲ့ ပဏာမတင်ပြလိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံ ကပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲတည်ဆောက်နေတာဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲတယ်ဆိုတဲ့နေရာမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုယှဉ်တွဲလိုက်ပါမှုမရှိဘူးဆို ရင် မအောင်မြင်နိုင်ပါဘူး။ ထို့နည်းတူစွာပဲ လူမှုရေးပြုပြင်ပြောင်းလဲမှုများမပါလာရင်မဖြစ်နိုင်ပါဘူး။

ထို့နည်းတူစွာပဲ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများခေတ်စနစ်နှင့်အညီ မပါလာဘူးဆိုရင် မရနိုင်ပါ ဘူး။ ဒီနေ့ ကျွန်တော်တို့လွှတ်တော်အတွင်းမှာ ဆွေးနွေးနေတာက လူမှုရေးပြုပြင်ပြောင်းလဲမှုထဲက ပညာရေးပြုပြင်ပြောင်းလဲမှု၊ ပညာရေးပြုပြင်ပြောင်းလဲမှုထဲမှ တက္ကသိုလ်ပညာရေးပြုပြင် ပြောင်းလဲမှု ကိုဆွေးနွေးနေကြတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ စိတ်ရင်းစေတနာနဲ့ မိမိ နိုင်ငံနှင့် မိမိနိုင်ငံသားများအကျိုးစီးပွားဖြစ်ထွန်းစေဖို့ဆိုရင် ပညာရေးဟာ အင်မတန်မှအရေးကြီး တယ်။ ဒီလိုအသိ၊ ဒီလိုခံယူချက်နှင့် ဒီလိုပွင့်ပွင့်လင်းလင်းဆွေးနွေးတဲ့အတွက် ကျွန်တော်တို့နိုင်ငံနှင့် ကျွန်တော်တို့နိုင်ငံသားများအတွက် များစွာသောကောင်းကျိုးချမ်းသာများ ရရှိမှာဖြစ်ပါတယ်။ အဲ့ဒီ အတွက်လည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြတယ်။ ကျွန်တော့်ဘက်ကလည်း ဒီလိုဆွေးနွေးမှုကို ကြိုဆိုတယ်။ အဲ့ဒီအခါမှာ အခုလိုရလဒ်တွေရခဲ့ပါပြီ။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးက ဒီကနေ့ ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ချက်တွေကို အကျဉ်းချုံးတင်ပြသွားတာဖြစ်သလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကတော့ ဒီပြုပြင်ပြောင်းလဲရေးမှာ ဥပဒေနှင့် ပြဋ္ဌာန်းပြီးဆောင်ရွက်မယ့် ကိစ္စကပိုပြီးတော့ တိကျတယ်။ ခိုင်မာတယ်။ ဒါကြောင့်မို့လို့ တက္ကသိုလ်ပညာရေးဥပဒေကြမ်းကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကရေးဆွဲမယ်။ ရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်မှာဖွဲ့စည်း ထားတာရှိပါတယ်။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်ဆိုတာရှိပါ တယ်။ အဲ့ဒီကော်မရှင်မှာလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်သလို အခြား အခြားသက်ဆိုင်တဲ့ခေါင်းစဉ်များနှင့် အကျုံးဝင်နိုင်တဲ့ပုဂ္ဂိုလ်များလည်း ပါရှိပါတယ်။ တစ်ဖန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေမှာလည်း ဒီနေ့ ပညာရေးဝန်ကြီးဌာနမှာ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ပုဂ္ဂိုလ် အဲ့ဒီပုဂ္ဂိုလ်သည်လည်းပဲ ပါမောက္ခချုပ်တာဝန်ထမ်းဆောင်တဲ့ပုဂ္ဂိုလ်၊ အဲ့ဒီအတိုင်းပဲ ပါမောက္ခချုပ်အဟောင်းတွေလည်း အများကြီးပါပဲ။ ပါမောက္ခချုပ်မဖြစ်ပေမယ့် တချို့ပညာရေးဝန်ထမ်း အကြီးတန်းဝန်ထမ်းတွေလည်း ဒီအထဲမှာပါပါတယ်။ ပြောမယ်ဆိုရင် ပညာရေးနှင့်ပတ်သက်လို့ တော်တော်လေးကို နှံ့နှံ့စပ်စပ်သိကျွမ်းခဲ့တဲ့ ပုဂ္ဂိုလ်များဖြစ်တယ်။ အဲ့ဒီ

နည်းတူပဲ ဒီပါမောက္ခချုပ် သို့မဟုတ်ရင် ပါမောက္ခတော်တော်များများဟာလည်း မိမိနိုင်ငံတက္ကသိုလ်များအပြင် တခြားနိုင်ငံများသွားပြီးတော့ တက်ရောက်ခဲ့တဲ့ပုဂ္ဂိုလ်များလည်း အများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ပြန်ပြီးတော့ ကျွန်တော်ချုံ့ပြီးတော့ တင်ပြရမယ်ဆိုရင် ဒီနေ့ဥပဒေ၊ နည်းဥပဒေများအကိုးအကားရယူပြီးတင်ပြသွားတဲ့နေရာမှာ နောက်ဆုံး လွှတ်တော်နည်းဥပဒေ ၁၅၉ အပိုဒ်ခွဲ(င) အပိုင်းကိုတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကအမိအရဆွဲကိုင်ပြီး ဒီအဆိုကိုသူကတင်ပြချင်ပါတယ်ဆိုပြီးတော့ ကြားဖြတ်တင်ပြသွားတာရှိပါတယ်။ ဒါပေမယ့် ဒီဥပဒေကိုဖြစ်ပေါ်စေသောအကြောင်းအတွက်တင်ပြလာသူကတော့ ဒေါ်တင်နွယ်ဦးဟာ ခုနကတင်ပြသွားတဲ့နည်းဥပဒေ ၁၅၉ အပိုဒ်ခွဲ နည်းဥပဒေခွဲ(ဃ) အပိုင်းကို အဓိကထားတင်ပြသွားတဲ့အတွက် တကယ်လို့သာ ဦးသိန်းညွန့်က ဒီအဆိုကိုတင်ပြဖို့သည် ကျွန်တော့်အစား ကျွန်တော်ဆိုတာ ဦးသိန်းညွန့်အစား ဒေါ်တင်နွယ်ဦးက တင်သွင်းတယ်ဆိုလို့ရှိရင် ပိုများကောင်းမလားလို့ ကျွန်တော့်ဘက်က ဒီလိုယူဆပါတယ်။ အဲဒီနည်းတူပဲ ဒီလိုတင်ပြလာတဲ့ အပေါ်မူတည်ပြီးတော့ နည်းဥပဒေ ၁၅၉အပိုဒ်ခွဲ(င)အရ ဥက္ကဋ္ဌကလိုအပ်တယ်လို့ယူဆတယ်ဆိုရင် ဒီဆွေးနွေးမှုကိုရပ်ဆိုင်းပြီး၊ ရွှေ့ဆိုင်းပြီးသက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့အစည်းနှင့် လွှတ်တော်ကို အပ်နှံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ဒေါ်တင်နွယ်ဦးအနေနဲ့ မိုက်တောင်းတဲ့နေရာမှာ ဒီအဆိုကို ဒေါ်တင်နွယ်ဦးက တင်ပြချင်တာလား။ သို့မဟုတ် အခြားတင်ပြချင်တာလား။ ဒါကြောင့်မို့လို့ ဒေါ်တင်နွယ်ဦးကိုတင်ပြဖို့ အခွင့်အရေးပေးပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက စစချင်းကတည်းက မပြောသင့်ဘူးလို့ထင်ပေမယ့်။ အခု ဥက္ကဋ္ဌကြီးမေးလို့ပြောပါရစေ။ တကယ့်တကယ်ကျတော့ ဥပဒေကြမ်းကိုပညာရေးဝန်ကြီးကနေ ပြီးတော့ ဥပဒေကြမ်း ကျွန်မတို့လွှတ်တော်ကို အရင်ဆုံးစပြီးချပြရမှာပါ။ အဲ့ဒီဥပဒေကြမ်းကို ကျွန်မတို့ကို ချပြပြီးတော့မှ ပြန်တမ်းထဲမှာပါရမှာပါ။ အဲ့တော့ ပြည်သူတွေအားလုံးလည်းကြည့်ပြီးသော အခါကျမှ ကျွန်မတို့ပြည်သူ့လွှတ်တော်ကို ပြန်လာရမှာပါ။ အဲ့တော့ အစကတည်းက Procedure နည်းနည်းမှားတယ်လို့ ကျွန်မယူဆပါတယ်။ အခုကျွန်မကိုထောက်တဲ့အတွက်ကြောင့် ကျွန်မကလည်း ပုဒ်မ ၁၅၂ ပုဒ်မခွဲ(ဂ)အရ ဥပဒေကြမ်းကော်မတီက ကျွန်မတို့ကိုတင်ပြတဲ့အတွက်ကြောင့်မို့လို့ ကျွန်မကလည်း ပုဒ်မ ၁၅၂(ဂ)ကို ညွှန်းပြီးတော့ ပြန်ပြီးတော့ Defense လုပ်ပါတယ်။ အဲ့ဒါနံပါတ် ၁ အချက်။ နံပါတ် ၂ အချက်ကကျတော့ Autonomic Body နှင့်ပတ်သက်တဲ့ Academic Autonomy ဆိုတဲ့

ခေါင်းစဉ်အောက်မှာ နိုင်ငံတကာတက္ကသိုလ်များနှင့် သင်ကြားရေးကိစ္စသည်တို့ အစီအစဉ်ပြု လုပ်ခြင်းကိစ္စသည်ဆိုပြီတော့ပါပါတယ်။ အဲ့ဒါထပ်ပြီးတော့ Emphasize လုပ်တာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးသိန်းညွန့် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အင်မတန်မှ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် သေရေးရှင်ရေးမျှအရေးကြီးတဲ့တက္ကသိုလ်ပညာရေးဥပဒေကြမ်းကို အခု ရောက်ရှိ နေတဲ့အဆင့်မှာ နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(င)မှာပါတဲ့အတိုင်း ဒီဥပဒေကြမ်းဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပေးဖို့ ကျွန်တော်တို့နိုင်ငံရဲ့အကျိုးငှာ ကျွန်တော်အဆိုတင်သွင်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ဃ) ကျွန်တော်ပြောတာနားထောင်ပါဦး။ နည်းဥပဒေ(ဃ)မှာ ဥပဒေကြမ်းကိုအတည်ပြုရန်အဆို သို့မဟုတ် ပြင်ဆင်ထားသည့်ဥပဒေကြမ်းကို အတည်ပြုရန်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်မှ ဥပဒေကြမ်းကို ထောက်ခံသောအကြောင်းပြချက် သို့မဟုတ် ဥပဒေကြမ်းကိုပယ်ရန်အကြောင်းပြချက်များသာဖြစ်ရမည်။ ယင်းအကြောင်းပြချက်များကို ရှင်းလင်းစေရန်မှတစ်ပါး ဥပဒေကြမ်း၏အသေးစိတ်ကို ထည့်သွင်းပြောဆိုခြင်းမပြုရဆိုတဲ့နေရာမှာ ဒေါ်တင်နွယ်ဦးတင်ပြ ကန့်ကွက်ခြင်းသည် ဆက်ပြီးတင်ပြမယ်ဆိုရင်နည်းဥပဒေ ၁၅၈(ဃ) နှင့်သုံးသပ် ညှိနှိုင်းဆောင်ရွက်လို့ရပါတယ်။ နည်းဥပဒေ ၁၅၈ နည်းဥပဒေ(င)မှာတော့ လွှတ်တော်တွင်ဆွေးနွေးတဲ့ ဥပဒေကြမ်းတစ်ရပ်သည် မည်သည့်အဆင့်တွင်ရောက်ရှိနေစေကာမူ ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် ဆွေးနွေးခြင်းကိုရွှေ့ဆိုင်းရန် အဆိုတင်သွင်းနိုင်သည်။ ဒီစာသားကိုသေချာဖတ်မယ်ဆိုရင် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဥပဒေကြမ်းဆွေးနွေးခြင်းကို ရွှေ့ဆိုင်းရန်အဆိုတင်သွင်းနိုင်သည်။ အကယ်လို့ ဥက္ကဋ္ဌကသဘောမတူဘူးဆိုရင် အဆိုတင်သွင်းလို့မရဘူးဆိုတဲ့ အဓိပ္ပာယ်ကိုလည်း အားလုံးသိရှိ နားလည်ဖို့လိုပါလိမ့်မယ်။ ဒီနေရာမှာတော့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားအမှန်တကယ် ဖြစ်ထွန်းစေမှာဖြစ်တဲ့အတွက် ဥက္ကဋ္ဌက သဘောတူပါတယ်။ ဒါကြောင့်မို့လို့ အဆိုကို ထပ်မံ တင်သွင်းပါ။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ၂၀၁၂ ခုနှစ် တက္ကသိုလ်

ပညာရေးဥပဒေကြမ်းသည် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့နိုင်ငံသားများရဲ့ အနာဂတ်အတွက် အင်မတန် အရေးကြီးတဲ့ဥပဒေကြမ်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ဒီနေ့ ပညာရေးဝန်ကြီး ဆွေးနွေး တင်ပြချက်များနှင့် မလုံလောက်ပါဘူး။ နောက်တစ်ခါပညာရေးနှင့်ပတ်သက်ပြီး လွန်စွာမှလေ့လာပြီး စိတ်ဝင်စားတဲ့ ကော့မှူးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောဆန္ဒ ကိုလည်း ကျွန်တော်တို့ကျယ်ကျယ်ပြန့်ပြန့်လေ့လာဖို့လိုအပ်ပါတယ်။ အဲ့သလို အခြေအနေတွေကြောင့် ပို၍ပြည်စုံသော၊ ပို၍နိုင်ငံတော်အတွက်အကျိုးသက်ရောက်သော အထူးသဖြင့်ကျောင်းသားလူငယ် တွေရဲ့အသံကိုပါကိုယ်စားပြုနိုင်သော တက္ကသိုလ်ပညာရေးဥပဒေကြမ်းတစ်ခုကို ကျွန်တော်တို့ လွှတ်တော်ကထပ်မံဆွေးနွေးနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(င) အရ လွှတ်တော်ဥက္ကဋ္ဌကခွင့်ပြုတဲ့အတွက် ဒီနေ့ဆွေးနွေးနေတဲ့ တက္ကသိုလ်ပညာရေးဥပဒေကြမ်းကို ရွှေ့ဆိုင်းပေးဖို့ ကျွန်တော်လေးလေးနက်နက် လွှတ်တော်ကြီးကို တင်ပြအဆိုပြုပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ကန့်ကွက်မယ့်သူရှိပါသလား။ အဆိုကို ကန့်ကွက်မယ့်သူမရှိတဲ့ အတွက်။ ဘာပြောမလဲ။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ အဆိုကို ထောက်ခံမလို့ပါ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ကန့်ကွက်မယ့်သူရှိပါသလား။ အဆိုကို ကန့်ကွက်မယ့်သူမရှိတဲ့ အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာလည်း ပြီးခဲ့တဲ့ကိစ္စတွေပြီးခဲ့ပြီပေါ့။ ဒီအပေါ်ပဲ ကျွန်တော်တို့ အပြစ်တင်နေမယ့်အစား သင်ခန်းစာယူဖို့ဖြစ်ပါတယ်။ ပြန်ပြောင်းပြောရမယ်ဆိုရင် ဒီအဆိုကို သူရဦးအောင်ကိုကတင်ပါတယ်။ အပြိုင်ဒေါ်တင်နွယ်ဦးကလည်း တင်ပါတယ်။ အဲ့ဒီအချိန်မှာ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးမဲခွဲဆုံးဖြတ်တဲ့အခါမှာ သူရဦးအောင်ကိုရဲ့အဆိုဟာ ၁၂ မဲနဲ့ရှုံးပြီးတော့ ကျဆုံးသွားခဲ့ပါတယ်။ ဖြစ်စဉ်အနေအထားကလည်း အဲ့ဒီအချိန်ကာလတုန်းက အခြေခံပညာအဆင့်မှာ ပုဂ္ဂလိကကျောင်းများဖွင့်လှစ်ရေးနှင့်ပတ်သက် လို့ အကြိတ်အနယ်ဆွေးနွေးနေတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒီထက်ပိုရှင်းအောင်ပြောရမယ်ဆိုရင် ကျွန်တော်တို့ဆီမှာ ဒီလောက်ပွင့်လင်းမှုမရှိသေးပါဘူး။ ဒီအတိုင်းပဲ အခုလောက်ပြုပြင်ပြောင်းလဲလိုတဲ့ စိတ်ဓာတ်ရှိပေမယ်လို့ ဒီဆောင်ရွက်မှုကို ပွင့်ပွင့်လင်းလင်းမြင်မြင်သာသာ ပြောနိုင်မယ့်အနေအထား

မရှိတဲ့အတွက် ဦးအောင်ကိုတို့ရဲ့အဆိုရှုံးနိမ့်သွားခြင်းဖြစ်ပါတယ်။ အဲ့ဒီနည်းတူပဲ ဒီဥပဒေကြမ်းကို ရေးဆွဲတင်ပြသူက ပညာရေးဝန်ကြီးဌာနမဟုတ်ပါဘူး။ ကျွန်တော်တို့ လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ပညာရေးမြှင့်တင်မှုကော်မတီက ရေးဆွဲတင်ပြတဲ့ဥပဒေကြမ်းသာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာလည်း ကျွန်တော်တို့ဥပဒေနှင့်ပတ်သက်ပြီးတော့ ဝိုင်းဝန်းအကြံပေးဖို့၊ ပြည်သူများရဲ့ဆန္ဒရယူဖို့ အခုလို သတင်းစာထဲလည်းထည့်ပြီးဆောင်ရွက်နိုင်တဲ့အနေအထားလည်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒါတွေကို ကျွန်တော်တို့ကသင်ခန်းစာယူပြီးတော့ နောင်သွာမယ့်ခရီးမှာမိမိနိုင်ငံ၊ မိမိနိုင်ငံသားအကျိုးအတွက် ဆက်လက်ပြီးဆောင်ရွက်သွားဖို့ပဲဖြစ်ကြောင်း ထပ်လောင်းရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ၃ ဦးကဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခုဆွေးနွေး ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆွေးနွေးချက်များအရ ယနေ့အစီအစဉ်ကို ယနေ့အစီအစဉ် ဆိုတာ ကျွန်တော်တို့ဆက်လက်ပြီးတော့ ဒီမှာပြင်ဆင်အဆိုပြုချက်တွေတင်ပြထားတာရှိပါတယ်။ ဒါကိုဆိုလိုတာပါ။ မဆောင်ရွက်ဘဲ လွှတ်တော်နည်းဥပဒေ ၁၅၈ (င) အရ ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ စိတ်ဝင်စားကြသော လွှတ်တော်ကိုယ်စားလှယ်များညှိနှိုင်း ရေးဆွဲပြီး ဥက္ကဋ္ဌထံတင်ပြရန်နှင့် တင်ပြချက်များအပေါ်မူတည်ပြီး လွှတ်တော်ရဲ့ဆန္ဒရယူ၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေး အတည်ပြုတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုကော်မတီနှင့် ကော်မရှင်နဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော့် အနေနဲ့တင်ပြတာဝန်ပေးခြင်းက ဒီပြင်ဌာန၊ ပညာရေးဝန်ကြီးဌာနက ရေးဆွဲတင်ပြမယ်ဆိုရင် ဒီဥပဒေကြမ်းကို အဆင့်ဆင့်တင်ပြနေရတဲ့အတွက် ကျွန်တော်တို့လွှတ်တော်ကိုရောက်လာဖို့အချိန် အများကြီးကြာမှာဖြစ်ပါတယ်။ ကြားမှာအဆင့်တွေ အများကြီးခံထားပါတယ်။ အဲ့လိုအများကြီး အဆင့်တွေခံထားတဲ့အတွက် လွှတ်တော်ကိုဒီဥပဒေကြမ်းရောက်လာဖို့ အချိန်ခန့်မှန်းလို့မရနိုင်ပါဘူး။ ဒါကြောင့် ဒီဥပဒေကြမ်းကို ကျွန်တော်တို့လွှတ်တော်မှာရှိတဲ့ကော်မရှင်၊ ကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကကိုယ်စားလှယ်များနဲ့ ပြည်သူများထဲကပါဝင်တဲ့ကိုယ်စားလှယ်များနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ရေးဆွဲတင်ပြဖို့ လွှတ်တော်ကိုကျွန်တော်တင်ပြခြင်းပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်ရှိမိမိတို့ရဲ့လွှတ်တော်၊ လွှတ်တော် ကိုယ်စားလှယ်များရဲ့လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကို ပြန်လည်လေ့လာသုံးသပ်ပြီး လုံခြုံရေး

ကို မြှင့်တင်ဖို့အခြေအနေမှာရှိပါတယ်။ အဲ့လိုဆောင်ရွက်တဲ့နေရာမှာ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကိုပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေမှာ မိမိတို့ရဲ့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့လုံခြုံရေးအတွက် ပြန်လည်သုံးသပ်ပြီး တိုးမြှင့်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတိ၊ အသိနဲ့ ပါဝင်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုတင်ပြပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ရုံးပိတ်ရက်အနေနဲ့ လာမယ့်ကြာသပတေးနေ့မှာ ရုံးပိတ်ရက် ဖြစ်ပါတယ်။ နောက်ရက်က သောကြာနေ့ဖြစ်ပါတယ်။ နောက်ရက်က စနေ၊ တနင်္ဂနွေနေ့ဖြစ်ပါတယ်။ ဒီလိုရှိတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များလည်း ဆောင်ရွက်ဖွယ်ရာကိစ္စများ များစွာရှိမှာ ဖြစ်တဲ့အတွက် လွှတ်တော်အစည်းအဝေးကိုတော့ မနက်ဖြန် ဗုဒ္ဓဟူးနေ့မှာ နေ့လယ် ၁၃း၀၀ နာရီ အထိဆောင်ရွက်ပြီး နောက်ပိုင်းမှာတော့ ကြိုတင်သုံးသပ်ပြီးမိမိတို့ဆောင်ရွက်ဖွယ်ရာဆောင်ရွက်နိုင်ဖို့ ကြိုတင်အသိပေးတင်ပြထားခြင်းဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၈) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ၁၅း၁၅ နာရီတွင်ရပ်နားပါသည်။]